http://www.dhammadownload.com

# ပထမလတ်တန်း

## ဋီကာကျော်နိတ်

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

ပထမလတ်တန်း

ဋီကာကျော်နိတ်

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

2000

# ပထမလတ်တန်း

## ဧည့်ကာကျော်နိုက်

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

# ပထမလတ်တန်း

# ဋီကာကျော်

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

# ပထမလတ်တန်း

# ဋီကာကျော်နီတိ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတာဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

# နိဒါန်း

အဘိဓမ္မာတရားဟူသည် အလွန်ထူးသော အလွန်မြတ်သော အမှန်တကယ်အရှိတရားများဖြစ်ရာ ထိုတရားများကို အကြွင်းအကျန်မရှိ ပြီးပြည့်စုံအောင် ဟောနိုင်ဘို့သည် သာမန်ဉာဏ်တို့၏အရာမဟုတ်ပါ၊ နှစ်ပေါင်း+ ဘဝပေါင်း+ ကမ္ဘာပေါင်းအသင်္ချေများစွာ ကျိုးစားရှာဖွေမှု ရရှိသော သဗ္ဗညုတဉာဏ်တို့၏ အရာသာဖြစ်ပါသည်။

ထိုကဲ့သို့ ထူးကဲမွန်မြတ်၍ များပြားလှစွာသော အမှန်တကယ်ရှိသော အဘိဓမ္မာတရားများကို ထူးကဲသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပြီးပြည့်စုံအောင် ကျယ်ကျယ်ပြန့်ပြန့် အဘိဓမ္မာ(၇)ကျမ်းအနေအားဖြင့် ဟောကြားထားရာ ထိုအဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ မြုံမိငုံမိအောင် တစ်ကျမ်းတစ်စောင်တည်းဖြင့် အကျဉ်းချုံး၍ရေးသားဘို့ရာလည်း မလွယ်ကူသော ကိစ္စတရပ်ဖြစ်ပါသည်၊သို့အတွက် အဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ မြုံမိငုံမိအောင်အကျဉ်းချုံး၍ တစ်ကျမ်းတစ်စောင်တည်းဖြင့် သင်္ဂြိုဟ်ကျမ်းကို ရေးသားထားသောအနုရုဒ္ဓါထေရ်၏ ဉာဏ်စွမ်းရည်ကို ချီးကျူးကြရ+ ပူဇော်ကြရပါသည်။

သင်္ဂြိုဟ်ကျမ်းသည် ထိုသို့တစ်ကျမ်းတစ်စောင်တည်းဖြင့် အဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ ပြည့်စုံသောကြောင့်ပင် ထိုသဘောအဓိပ္ပါယ်များ သတ္တဝါတို့၏ နှလုံးသားထဲသို့ အမြန်ဆုံး ရောက်ရှိနိုင်ရန် ရည်ရွယ်၍ အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်တို့က စာမေးပွဲလောက၌ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ကြပါသည်၊ ထိုသင်္ဂြိုဟ်ကျမ်း၌ တိမ်မြုပ်ငုပ်လျှိုးနေသော သဘောအဓိပ္ပါယ်များကို သိသာထင်ရှားအောင် အရှင်သုမင်္ဂလသာမိ မထေရ်သူမြတ်သည် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော် ကျမ်းကို ရေးသားတော်မူခဲ့ပြန်ပါသည်။

http://www.dhammadownload.com

ဤအရှင်သည်လည်း ဋီကာကျော်ကျမ်းနှင့် ပတ်သက်၍ သောတုဇန အရှင်သူမြတ်တို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးလိုသော ဆန္ဒများ ဖြစ်ပေါ်နေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဆန္ဒမပြည့်ဝနိုင်ခဲ့ဘဲ ယခုမှပင် သောတုဇနအရှင်တို့၏ တွေ့ကြုံနိုင်သော အခက်အခဲများကို တဖက်တလမ်းမှ ကူညီဖြေရှင်းပေးနိုင်မည့် "ဋီကာကျော်နိသိ "အမည်ရှိသည့် စာတမ်းတစ်စောင်ကို ရေးသားလိုက်ရပါသည်။

ဤဋီကာကျော်နိသိကျမ်း၌ ဋီကာကျော်လာ အဓိပ္ပါယ်များကိုသာ သီးသီး သန့်သန့် စီစဉ်ထားသည့်အတွက် စာမေးပွဲဝင် အရှင်မြတ်များသည် ဆိုင်ရာ ဆိုင်ရာ အတန်းအသီးသီး၌ အလွယ်တကူ ကြည့်ရှု မှတ်သားနိုင်ခြင်းဖြင့် အောင်ပွဲအဆင့်ဆင့် ခွတ်ရူးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထိုသို့စာမေးပွဲဝင်အရှင်သူမြတ်များ ဋီကာကျော်နိသိကျမ်း အထောက်အကူကြောင့် အောင်ပွဲဆင်နိုင်ကြမည်ဆိုလျှင် ဤအရှင်သည်လည်း ဝမ်းသာရွှင်လမ်း ပီတိပန်းများ ပွင့်လမ်းမည်သာဖြစ်ပါသတည်း။

အရှင်ကောဝိဒ
(တိပိဋက ဝိနယဓရ ဝိနယကောဝိဒ)
ပုရိမပဋ္ဌပကရဏအာဘိဓမ္မိက
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း+ရှစ်မိုင်ခွဲ
မရမ်းကုန်း
☎ ၆၃၀၉၈ (၁၅-၇-၉၁)

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝီထိပိုင်း + အဖွင့်

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

မေး။ စိတ္တုပ္ပါဒါန မိစ္ဆဝဲ၌ စိတ္တုပ္ပါဒါနအရ အဘယ်ကိုယူရပါသနည်း။

ဖြေ ။ စိတ္တုပ္ပါဒါနအရ စိတ်(၈၉)ပါး၊စေတသိက်(၅၂)ပါး ဟူသော နာမက္ခန္ဓာလေးပါးတို့ကို ယူရပါသည်။

မေး။ ကတ္တာ သင်္ဂဟမုတ္တရ်၌ ပကိဏ္ဏကသင်္ဂဟကို အဘယ်ကြောင့် ဥတ္တရဟုဆိုရပါသနည်း။

ဖြေ။ စိတ် စေတသိက်ဖြစ်ကုန်သော ခန္ဓာလေးပါးတို့၏ ဝေဒနာသင်္ဂဟစသည်ကိုဝေဘန်ရာဖြစ်သောကြောင့် ဥတ္တရဟုဆိုပါသည်။

မေး။ ဘူမိပုဂ္ဂလဘေဒေန၌ ဘူမိဘေဒနှင့် ပုဂ္ဂလဘေဒ တို့ကို ရေးခဲ့ပါ။

ဖြေ ။ ဘူမိဘေဒအရ ကာမဘုံ+ ရူပဘုံ+ အရူပဘုံ သုံးပါးတို့ကို ရပါသည် ပုဂ္ဂလဘေဒအရ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်+ သုဂတိအဟိတ်ပုဂ္ဂိုလ်+ ဒွိဟိတ်ပုဂ္ဂိုလ်+ တိဟိတ်ပုဂ္ဂိုလ်+ အရိယာပုဂ္ဂိုလ်ရှစ်ယောက်အားဖြင့် ပုဂ္ဂိုလ်(၁၂)ယောက် ရပါသည်။

(ဆောင်) ဒု , သု ,ဒွိ , တိ ,ယာအရိ ၊ ပေါင်းဘိဒွါဒသ ။

မေး။ ပုဗ္ဗာပရနိယာမိတံ၌ ရှေးစိတ်ဖြင့်မှတ်သားပုံ+ နောက်စိတ်ဖြင့် မှတ်သားပုံတို့ကိုရေးခဲ့ပါ။

ဖြေ ။ ဤစိတ်သည် ဤမျှသောစိတ်တို့မှ နောက်၌ဖြစ်၏ ဟု မှတ်သားခြင်းသည် ရှေးစိတ်ဖြင့် နောက်စိတ်ကို မှတ်သားသည်ဟု ခေါ်ပါသည်။

http://www.dhammadownload.com



ဤစိတ်၏အခြားမဲ့၌ ဤမျှသောစိတ်တို့ ဖြစ်ကုန်၏ဟု မှတ်သားခြင်းသည် နောက်စိတ်ဖြင့် ရှေးစိတ်ကို မှတ်သားသည်ဟု ခေါ်ပါသည်။

မေး။ ဝတ္ထု+ ဒွါရ+ အာရမ္မဏဆက္ကသုံးပါးကို ဝီထိပိုင်း၌ အဘယ်ကြောင့် ထပ်၍ ဆိုရပါသနည်း။

ဖြေ ။ပဝတ္တိသင်္ဂဟဟူသော ဝီထိသင်္ဂဟကို ပြည့်ပြည့်စုံစုံ ပြ၍ပြလိုသောကြောင့် ထပ်ဆိုပါသည်။

မေး။ ဝိသယပဝတ္တိ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းကို ဝိသယပဝတ္တိ ဟုခေါ်ပါ သည် (တနည်း) အာရုံတို့၌စိတ်တို့၏ဖြစ်ခြင်းကို ဝိသယပဝတ္တိဟု ခေါ်ပါသည်။

မေး။ အဘယ်ကြောင့် စက္ခုဒွါရဝီထိ+ စက္ခုဝိညာဏဝီထိ ဟုခေါ်ပါသနည်း။

ဖြေ ။ စက္ခုဒွါရ၌ ဖြစ်သော ဝီထိစိတ်တို့၏ အစဉ်အဆက်ဖြစ်သောကြောင့်–စက္ခုဒွါရဝီထိ ဟုခေါ်ပါသည်။ ။စက္ခုဝိညာဏ်နှင့် တူသော အာရုံ တူသောဒွါရရှိသည်၏အဖြစ်ဖြင့် အတူတကွဖြစ်သောကြောင့် စက္ခုဝိညာဏဝီထိ ဟုခေါ်ပါသည်။

မေး။ အဘယ်ကို ဝီထိဟုခေါ်ပါသနည်း။

ဖြေ။ ဒွါရ၌ဖြစ်သောစိတ်တို့၏ အစဉ်အဆက်ကို ဝီထိဟု ခေါ်ပါသည်။

http://www.dhammadownload.com



မေး။ အဘယ်မျှလောက် အသက်ရှည်သောအာရုံကို အတိမဟန္တာရုံဟု ခေါ်ပါသနည်း။

ဖြေ။ စိတ္တက္ခဏတစ်ချက် လွန်သည်မှစ၍ ထင်ခြင်းသို့ ရောက်ပြီး စိတ္တက္ခဏ(၁၆)ချက် တိုင်အောင် အသက်ရှည်သောအာရုံကို အတိမဟန္တာရုံ ဟုခေါ်ပါသည်။

မေး။ အဘယ်မျှလောက် အသက်ရှည်သောအာရုံကို မဟန္တာရုံ ဟု ခေါ်ပါသနည်း။

ဖြေ။ စိတ္တက္ခဏနှစ်ချက်+ သုံးချက်လွန်သည်မှစ၍ ထင်ခြင်းသို့ရောက်ပြီး စိတ္တက္ခဏ(၁၅)ချက် (၁၄)ချက်တိုင်အောင် အသက်ရှည်သော အာရုံကို မဟန္တာရုံ ဟုခေါ်ပါသည်။

မေး။ အဘယ်မျှလောက် အသက်ရှည်သော အာရုံကို ပရိတ္တာရုံ ဟုခေါ်ပါသနည်း။

ဖြေ။ စိတ္တက္ခဏ(၄)ချက်မှစ၍ (၉)ချက်တိုင်အောင် လွန်ကာ ထင်ခြင်းသို့ရောက်ပြီး စိတ္တက္ခဏ(၁၃)ချက် မှစ၍ (၈)ချက်တိုင်အောင် အသက်ရှည်သောအာရုံကို ပရိတ္တာရုံ ဟုခေါ်ပါသည်။

မေး။ အဘယ်မျှလောက် အသက်ရှည်သော အာရုံကို အတိပရိတ္တာရုံ ဟု ခေါ်ပါသနည်း။

ဖြေ။ စိတ္တက္ခဏ(၁၀)ချက်မှ (၁၅)ချက်တိုင်အောင်လွန်၍ ထင်ခြင်းသို့ ရောက်ပြီး စိတ္တက္ခဏ(၇)ချက်မှ (၂)ချက်တိုင်အောင် အသက်ရှည်သော အာရုံကို အတိပရိတ္တာရုံ ဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ ဥပါဒ်+ဌီ+ဘင် တို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သဘောကို ရခြင်းဟူသော ဖြစ်ခပေါ်ခြင်းကို ဥပါဒ်ဟုခေါ်ပါသည်။ သဘော၏ပျက်စီးခြင်းကို ဘင်ဟု ခေါ်ပါသည်။ ။ဥပါဒ် ဘင်တို့၏ အလယ် ၌ ဘင်သို့ရှေးရှု ဖြစ်နေခြင်းကို ဌီဟုခေါ်ပါသည်။

မေး။ ဌီခဏ ရှိသင့် + မရှိသင့် နာနာဝါဒဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ စိတ္တယမိုက်၌ "ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ" ဟူသော ပုစ္ဆာ၏ ဝိဘင်းကို "ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏေ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇမာနဉ္စ" ဟူ၍ ဥပါဒ်နှင့် ဘင်ကိုသာ ဟောပြီး ဌီခဏကို မဟောခဲ့သောကြောင့် ဌီခဏ မရှိသင့်ပါ။

သုတ္တန်ပါဠိတော်၌လည်း "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ" ဟူသောပါဠိ၌ ပဗန္ဓဌီကိုသာ ယူ၍ ခဏဌီကို မယူရသောကြောင့် ဌီခဏမရှိသင့်ပါ။ (ကေစိဝါဒ)

အဘိဓမ္မာယမိုက်ပါဠိတော်၌ ဝေနေယျဇ္ဈာသယနှင့် မဆန့်ကျင်သော အားဖြင့်၄င်း၊ မိဂပဒဝလဉ္ဇနနည်းကို ပြသည်၏ အစွမ်းအားဖြင့်၄င်း၊ ဌီခဏကို မဟောခြင်းဖြစ်သည့်အတွက် ဥပါဒ် ဘင်တို့မှ ထူးသော ဘင်သို့ရှေးရှုနေသော အရိုက်အတန့်တည်းဟူသော ဌီခဏကိုလည်း အလိုရှိအပ်သောကြောင့် ဌီခဏရှိသင့်ပါသည်။

ဥပ္ပါဒေါ ပညာယတိ စသော သုတ္တန်ပါဠိတော်သည်လည်း သင်္ခတတရား၏ လက္ခဏာကို ပြခြင်းအကျိုးငှါ ဥပါဒ်စသည်တို့ကို ဟောအပ်သောကြောင့် ပညတ်သဘောရှိသော ပဗန္ဓဌီကို ထိုသုတ္တန်ပါဠိတော်၌ ဟောသည်ဟု မယူသင့်သည့်အတွက် ၄င်းသုတ္တန်ပါဠိတော်ဖြင့် ဌီခဏကို မတားမြစ်သင့်ပါ။ (သမာနဝါဒ)

http://www.dhammadownload.com



မေး။ နာမ်တရားတို့၏ အသက်ကတို၍ ရုပ်တရားတို့၏ အသက်က အဘယ်ကြောင့် ရှည်ရပါသနည်း။

ဖြေ ။ ဂါဟက+ ဂါဟေတဗ္ဗသဘောရှိသော နာမ်တရားနှင့် ရုပ်တရားတို့သည် ထိုထိုခဏ၏အစွမ်းအားဖြင့် ဖြစ်သည့်အတွက် နာမ်တရားသည် လျင်မြန်စွာ ဖေါက်ပြန် ပြောင်းလဲတတ်သောကြောင့်၄င်း၊ ရုပ်တရားသည် နှေးကွေးစွာ ပြောင်းလဲဖေါက်ပြန်တတ်သောကြောင့်၄င်း၊ နာမ် တရားက အသက်တို၍ ရုပ်တရားက အသက်ရှည်ရပါသည် ။

မေး။ ရူပဓမ္မာန မာယူ၏အရ၌ ဝိညတ်ဒွေး + လက္ခဏာရုပ် လေးခုတို့ကို အဘယ်ကြောင့် မယူရပါသနည်း။

ဖြေ ။ ဝိညတ်ဒွေးသည် စိတ္တက္ခဏာတစ်ချက်မျှ အသက်ရှည်သောကြောင့်၄င်း၊ လက္ခဏာရုပ် လေးခုတို့တွင် ဥပစယနှင့် သန္တတိသည် စိတ်၏ ဥပါဒ်ခဏမျှ အသက်ရှည်သောကြောင့်၄င်း၊ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ အသက်ရှည်သောကြောင့်၄င်း၊ ဇရတာသည် ခဏငယ် (၄၉)ချက် အသက်ရှည်သောကြောင့်၄င်း၊စိတ္တက္ခဏ(၁၇)ချက် အသက်မပြည့်သည့်အတွက် ဝိညတ်ဒွေး+ လက္ခဏာရုပ် လေးခုတို့ကို ကြဉ်ရပါသည်။

မေး။ ရုပ်တရား၏အသက်သည် (၁၆)ချက်လော၊ (၁၇)ချက်လော၊ ရှင်းပြပါ ။

ဖြေ ။ ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌ ဖြစ်ဆဲသောရုပ်သည်သာလျှင် ဘဝင်စလနအား ကျေးဇူးပြုနိုင်သည့်အတွက် အောက်ထစ်ဆုံး စိတ္တက္ခဏတစ်ချက်လွန်ပြီးမှ ထင်ခြင်းသို့ ရောက်နိုင်သည်ကို ရည်ရွယ်၍ ရုပ်တရား၏အသက်သည် (၁၆)ချက် ဟု ဆို၏၊

http://www.dhammadownload.com



ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်မှ စ၍ (၁၇)ချက်မြောက်စိတ်နှင့်တကွချုပ်၏၊ ၊ပဋိသန္ဓေစိတ်၏ ဌီခဏ၌ဖြစ်သောရုပ်သည် (၁၈)ချက်မြောက်စိတ်၏ ဥပါဒ်ခဏ၌ ချုပ်၏ ဟူသောဝိဘင်းအဋ္ဌကထာ၌ပင်လျှင် စိတ္တက္ခဏ(၁၇)ချက်လာ သောကြောင့် ရုပ်၏အသက်သည် (၁၇)ချက်သာ ဖြစ်သင့်ပါသည်။

မေး။ ကေစိတ္တက္ခဏာတီတာနိအရ အဘယ်ကို အဘယ့်ကြောင့် ကေ စိတ္တက္ခဏာတီတာနိ ဟု ဆိုပါသနည်း။

ဖြေ ။ ဗဇ္ဇာရုံကို လွန်၍ဖြစ်သော တခုသောစိတ်၏ ခဏကဲ့သို့သော ခဏ ရှိသောကြောင့်၊ (တနည်း) တခုသောစိတ်၏ ခဏကဲ့သို့သော ခဏကို လွန်၍ဖြစ်သောကြောင့် ၄င်းပဉ္စာရုံတို့ကို "ကေစိတ္တက္ခဏာတီတာနိ" ဟု ဆိုပါသည်။

မေး။ ကေစိတ္တက္ခဏာတီတာနိအရ စိတ္တက္ခဏတစ်ချက် လွန်ပြီးမှ ပဉ္စဒွါရ၌ ပဉ္စာရုံတို့သည် ထင်ခြင်းသို့ရောက်သည်ဟုဆိုရာ ဘဝင်္ဂစလန၏ ဥပါဒ် ခဏ၌ ထင်ခြင်းသို့ရောက်ပါလျက် ဌီတိပ္ပတ္တာနေဝ ဟု အဘယ်ကြောင့် ဆိုရပါသနည်း။

(မှတ်ချက်) ဌီတိပ္ပတ္တာနေဝအရ အဘယ်ဌီကို ယူရပါသနည်း ဟု မေးလျှင် လည်း အတူတူပင်ဟု မှတ်ရမည်။

ဖြေ။ ဌီတိပ္ပတ္တာနေဝအရ ရုပ်၏ဌီကိုသာ ယူရမည်ဖြစ်သောကြောင့် ဆိုရ ပါသည်။

မေး။ အာပါထမာဂစ္ဆန္တိ– ၌ ပဉ္စာရုံတို့၏ ပဉ္စပသာဒတို့၌ ထင်ခြင်းသို့ ရောက်ပုံကို ခွဲခြားပြပါ။

ဖြေ။ ရူပါရုံ, သဒ္ဒါရုံတို့သည် မိမိ မိမိတို့၏တည်ရာအရပ်၌ တည်၍သာလျှင် စက္ခုဒွါရ+သောတဒွါရတို့၌ ဘင်ခြင်းသို့ရောက်ပါသည်။
ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒတို့၏ မှီရာတို့၌ ထိစပ်ငြိကပ်ကုန်မှသာလျှင် ထင်ခြင်းသို့ရောက်ကြပါသည်။

မေး။ ရူပါရုံ, သဒ္ဒါရုံတို့သည် အသီးသီးသော ကလာပ်တစ်ခုစီ၌သော်၎င်း၊ များစွာသောကလာပ်တို့၌သော်၎င်း၊ တည်ရှိကြရာ အဘယ်ရူပါရုံ,သဒ္ဒါရုံတို့သည် ထင်ခြင်းသို့ရောက်နိုင်ပါသနည်း။
ဖြေ။ နှလုံးသွင်းသည်အားလျော်စွာ များစွာသောကလာပ်၌တည်၍ ထင်ခြင်းသို့ရောက်ကြပါသည်။

မေး။ ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည် ကလာပ်မည်မျှ၌တည်၍ ထင်ခြင်းသို့ ရောက်ကြပါသနည်း။
ဖြေ။ တစ်ခု,တစ်ခုသောကလာပ်၌တည်ကုန်လျက်၎င်း၊ များစွာသောကလာပ်၌တည်ကုန်လျက်၎င်း၊ ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗာရုံတို့သည် ထင်ခြင်းသို့ရောက်ကြပါသည်။

မေး။ ဘဝင်္ဂစလိတေ-၌ ဘဝင်လှုပ်ခြင်း၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။
ဖြေ။ ရှေးဘဝင်စိတ်နှင့်မတူသော အာဝဇ္ဇန်းစသောဝိညာဏ်တို့၏ ဖြစ်ပေါ်နိုင်ရန် အကြောင်း၏အဖြစ်ဖြင့် ဖြစ်ပေါ်လာခြင်းကို ဘဝင်လှုပ်သည်ဟု ဆိုပါသည်။

မေး။ ဘဝင်္ဂစလနသည် မိမိ၏ပြုရိုး ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံနှင့်

F2A

http://www.dhammadownload.com



ပဇ္ဇုပ္ပန်၌ထင်လာသော ရူပါရုံဟူသောအာရုံ ဤနှစ်မျိုးတို့တွင် အဘယ်ကို အာရုံပြုပါသနည်း။

ဖြေ။ ရှေးဘဝ၌ ဆဒ္ဒါရိကမ္မရဏာသန္နဇောသည် ယူအပ်သော မိမိယူမြဲ တိုင်းသော ကံစသော်အာရုံကို အာရုံပြုပါသည်။

မေး။ ဘဝင်သည် အဘယ်ကြောင့် နှစ်ကြိမ်လျှပ်ရပါသနည်း။

ဖြေ။ အဟုန်ဖြင့်ပြေးလာသောယောကျာ်းသည် မိမိရပ်လိုသောနေရာ၌ မရပ်နိုင်ဘဲ တစ်လှမ်းနှစ်လှမ်းလွန်ပြီးမှသာ ရပ်နိုင်သကဲ့သို့ အာရုံနှင့် ပသာဒရုပ်တို့ထိခိုက်ခြင်း အာနုဘော်ကြောင့် ဘဝင်အစဉ်သည် အဆောတလျင်မပြတ်နိုင်ဘဲ နှစ်ကြိမ်ဖြစ်၍သာလျှင် လျှပ်ရပါသည်။

မေး။ အဘယ်ကြောင့် ဘဝင်္ဂစလနဟုခေါ်ပါသနည်း။

ဖြေ ။ ဘဝင်အစဉ်ကို လျှပ်သကဲ့သို့ဖြစ်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်ပါသည်။

မေး။ အဘယ်ကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ပါသနည်း။

ဖြေ ။ ဘဝင်အစဉ်ပြတ်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟုခေါ်ပါသည်။

မေး။ အာရုံနှင့်ပသာဒရုပ်တို့ ထိခိုက်ရာဝယ် ပသာဒကိုမှီသော ဝိညာဏ်က မလျှပ်ဘဲ ဟဒယဝတ္ထုကိုမှီသောဘဝင်က အဘယ်ကြောင့် လျှပ်ရပါသနည်း။

ဖြေ ။ မပြတ်ဖြစ်သောအစဉ်၏အစွမ်းအားဖြင့် အတူတကွဆက်စပ်လျက်

ရှိသည်၏အဖြစ်ကြောင့် ဟဒယဝတ္ထုကို မှီသောဘဝင်က လျှပ်ရပါသည်။

မေး။ အတူတကွဆက်စပ်သောအားဖြင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်လျှပ်ပုံကိုရှင်းပြပါ။

ဖြေ ။ စည်၏မျက်နှာပြင်တစ်ဖက်၌ သကာခဲကပ်ထားရာ ၎င်းသကာခဲဝယ် ယင်တစ်ကောင်နားနေခဲ့သော် ၎င်းစည်ကြီး၏ အခြားတစ်ဖက်မျက်နှာပြင်ကို လက်ခတ်စသည်ဖြင့် ပုတ်ခတ်လျှင် အစဉ်အတိုင်း စည်မျက်နှာပြင်သားရေကြိုး လျှပ်၏။ ၎င်းနောက် သကာခဲကပ်ထားသောမျက်နှာပြင်လျှပ်၏၊ ၎င်းနောက် သကာခဲလျှပ်၏ ဤသို့ အစဉ်အတိုင်းသကာခဲလျှပ်သောကြောင့် ယင်ကောင်ပျံသွားသကဲ့သို့ အာရုံသည်ပသာဒကိုထိခိုက်၍ ပသာဒ ရုပ်လျှပ်၏၊ ထို့ကြောင့် ပသာဒ၏မှီရာမဟာဘုတ်လျှပ်၏၊ မဟာဘုတ်လျှပ်သောကြောင့် မဟာဘုတ်ကိုမှီသော ဥပါဒါရုပ်များလျှပ်၏၊ဥပါဒါရုပ်များလျှပ်သောကြောင့် ဥပါဒါရုပ်နှင့်တကွဖြစ်သော ဟဒယဝတ္ထုလျှပ်၏ ဤသို့အစဉ်အတိုင်း ဟဒယဝတ္ထုရုပ် လျှပ်သောကြောင့် တစ်စပ်တည်းစပ်သောအားဖြင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်လျှပ်ရပါသည်။

မေး။ တမေဝရူပါရမ္မဏ အာဝဇ္ဇနနှံ၌ ဆင်ခြင်ပုံကို ရေးခဲ့ပါ။

ဖြေ။ ဤယခုထင်လာသောအာရုံသည် အဘယ်သို့သောအာရုံနည်းဟုပြောဆိုသကဲ့သို့ နှလုံးသွင်းမှုပြုခြင်းကိုပင်လျှင် ဆင်ခြင်သည်ဟုဆိုပါသည်။

မေး။ တမေဝရူပ ပဿ နှံ၌ ရူပါရုံကို စက္ခုပသာဒကမြင်ပါသလော၊ သို့မဟုတ် ,စက္ခုဝိညာဏ်ကမြင်ပါသလော။

http://www.dhammadownload.com



ဖြေ ။ ရုပ်တရားမည်သည် ကန်းသည်၏အဖြစ်ဖြင့် (ဝါ– အကန်းနှင့် တူသည်၏အဖြစ်ဖြင့်) ရူပါရုံကို မြင်ခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် စက္ခုပသာဒက ရူပါရုံကို မမြင်နိုင်ပါ။ ။စက္ခုနာ ရူပံ ဒိသွာ၌ အကြောင်းဖြစ်သော စက္ခုပသာဒ၏ စက္ခုဟူသောအမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဏ်၌တင်စား၍ စက္ခုနာဟု ဟောတော်မူသောကြောင့် စက္ခုဝိညာဏ်ဖြင့်သာ ရူပါရုံကိုမြင်နိုင်ပါသည်။

(တနည်း) မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ–၌ ဌာနဖြစ်သော ညောင်စောင်း၏ မဉ္စာဟူသောအမည်ကို ဌာနီဖြစ်သော ညောင်စောင်းပေါ် နေသူတို့အပေါ် တင်စား၍ "ညောင်စောင်းတို့သည် ကြွေးကြော်မှုပြုကုန်၏" ဟုဆိုသကဲ့သို့ မှီရာဖြစ်သောစက္ခုဝတ္ထု၏ စက္ခုဟူသောအမည်ကို မှီတတ်သော စက္ခုဝိညာဏ်၌ စပ်သည်ဖြစ်၍ တင်စားသောအားဖြင့် စက္ခုဝိညာဏ်ကို စက္ခုနာဟုဆိုသောကြောင့် စက္ခုဝိညာဏ်ကသာ ရူပါရုံကိုမြင်နိုင်ပါသည်။

(မှတ်ချက်)ပထမနည်းသည် ကာရဏူပစာအားဖြင့် မြင်ပုံကိုပြပါသည်၊ ဒုတိယနည်းသည် ဌာနျူပစာအားဖြင့် မြင်ပုံကို ပြပါသည်။

မေး။ ယံကိဉ္စိ လဒ္ဓပစ္စယံ ၌ လဒ္ဓပစ္စယ၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ ။ ယောနိသောမနသိကာရစသည်တို့၏ အစွမ်းအားဖြင့် ရအပ်သော အကြောင်းတရားသည် လဒ္ဓပစ္စယမည်ပါသည်။

မေး။ အဘယ်ကြောင့် ယေဘုယျေနသဒ္ဒါကို ဆိုရပါသနည်း။

ဖြေ ။ တွေဝေသောအခါ၊ သေခါနီးအခါတို့၌ ဇောတို့သည် (၅)ကြိမ် (၆) ကြိမ်လည်းဖြစ်နိုင်သောကြောင့် ယေဘုယျေနသဒ္ဒါကို ဆိုရပါသည်။

http://www.dhammadownload.com



မေး။ တဒါရုံ၏ ဇောသို့အစဉ်လိုက်ပုံကို ရေးခဲ့ပါ။

ဖြေ။ ရေဆန်သို့သွားသော လှေသင်္ဘောနောက်သို့ မြစ်ရေအလျင်သည် အနည်းငယ်လိုက်သွားသကဲ့သို့ ဝိပါက်စိတ်တို့သည် ယူရိုးယူစဉ်ဖြစ်သော ကံ+ကမ္မနိမိတ်+ဂတိနိမိတ်အာရုံကိုမယူဘဲ ဇောသည်ယူအပ်သော အာရုံကို ယူသောအားဖြင့် ဖြစ်ခြင်းကို ဇောသို့အစဉ်လိုက်သည်ဟု ဆိုပါသည်။

မေး။ ယထာရဟံ ပဉ္စာ၌ ယထာရဟ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အာရုံ, ဇော, သတ္တဝါအားလျော်စွာ ဖြစ်ခြင်းကိုပင်လျှင် ယထာရဟံ ဟုဆိုပါသည်။

မေး။ ဘဝင်္ဂပါတော-၌ အဘယ်သို့ဖြစ်ခြင်းကို ဘဝင်ကျသည်ဟု ဆိုပါသနည်း။

ဖြေ။ ဝီထိစိတ်တို့၏အစွမ်းအားဖြင့် မဖြစ်ဘဲ ဘဝင်စိတ်တို့၏အစွမ်းအားဖြင့် ဖြစ်ခြင်းကိုပင်လျှင် ဘဝင်ကျသည်ဟုဆိုပါသည်။

မေး။ သတ္တဝါတို့၏ ဝမ်းခေါင်းထဲ၌ ဝီထိစိတ်+ဝီထိမုတ်စိတ်တို့သည် အစဉ်အတန်းအားဖြင့် တည်ရှိနေကြပါသလော။

ဖြေ။ ဥပ္ပန္နိတ္တာ နိရုဇ္ဈန္တိ-ဟူသော သင်္ဂဟပါဠိကို ထောက်ဆသောအားဖြင့် ဝီထိစိတ်+ဝီထိမုတ်စိတ်မှန်သမျှသည် အသီးအသီးဖြစ်ပြီးလျှင် ပျက်ကြစမြဲဓမ္မတာရှိသောကြောင့် အစဉ်အတန်းအားဖြင့် တည်ရှိနေကြသည်မဟုတ်ပါ။

မေး။ ဝီထိစိတ်ဖြစ်ပုံကို အမ္ဗောပမာ(သရက်သီးဥပမာ)ဖြင့် ရှင်းပြပါး

ဖြေ။ ယောက်ျားတစ်ယောက်သည် အသီးသီးသောသရက်ပင်၏ အနီး

http://www.dhammadownload.com



အောက်၌ ခေါင်းမြီးခြုံ၍ အိပ်ပုံ၏၊ မိမိ၏အနီး၌ ကြွေကျသော သရက်သီးအသံကြောင့် နိုး၍ ခေါင်းမြီးခြုံဖွင့်ကြည့်ပြီး ထိုသရက်သီးကို ယူကာ ဆုပ်နယ်ကြည့် ၊နမ်းကြည့်၏၊ မှည့်မှန်းသိ၍ စားပြီးလျှင် တံတွေးနှင့်တကွ မျိုချကာ ပြန်အိပ်၏။

ဤဥပမာ၌ ယောက်ျား၏ ပဌမအိပ်ခြင်းသည် ဘဝင်ကျရာအခါနှင့်တူ၏၊ သရက်သီးကြွေကျရာအခါသည် အာရုံ၏ ပသာဒ၌ ထိခိုက်ရာအခါနှင့်တူ၏။ သရက်သီးကြွေကျသံကြောင့် အိပ်ရာမှ နိုးသောအခါသည် အာဝဇ္ဇန်းဖြစ်ရာနှင့်တူ၏၊ မျက်စိကို ဖွင့်ကြည့်သောအခါသည် စက္ခုဝိညာဏ်ဖြစ်ရာအခါနှင့်တူ၏၊ သရက်သီးကို ကောက်ယူသောအခါသည် သမ္ပဋိစ္ဆိုင်းဖြစ်ရာအခါနှင့်တူ၏၊ သရက်သီးကို နှိပ်နယ်ကြည့်သောအခါသည် သန္တီရဏဖြစ်ရာအခါနှင့်တူ၏၊ သရက်သီးကို နမ်းကြည့်သောအခါသည် ဝုဋ္ဌောဖြစ်ရာအခါနှင့်တူ၏၊ သရက်သီးကို သုံးဆောင်စားသောက်ရာအခါသည် ဇောဖြစ်ရာအခါနှင့်တူ၏။ သလိပ်+တံတွေးနှင့်တကွ မျိုချရာအခါသည် တဒါရုံဖြစ်ရာအခါနှင့်တူ၏ တစ်ဖန်ပြန်၍ အိပ်ခြင်းသည် ဘဝင်ကျရာအခါနှင့်တူ၏။

မေး။ အမ္ဗောပမာ(သရက်သီးဥပမာ)ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ ။ ပသာဒရုပ်ကို ထိခိုက်ခြင်းကိစ္စသည် အာရုံ၏ကိစ္စသာဖြစ်၏၊အာရုံကို နှလုံးသွင်းခြင်းကိစ္စသည် အာဝဇ္ဇန်း၏ ကိစ္စသာဖြစ်၏၊ မြင်ခြင်းကိစ္စသည် စက္ခုဝိညာဏ်၏ ကိစ္စသာဖြစ်၏၊ အာရုံကို လက်ခံခြင်းကိစ္စသည် သမ္ပဋိစ္ဆိုင်း၏ ကိစ္စသာဖြစ်၏၊ အာရုံကို စုံစမ်းခြင်းကိစ္စသည် သန္တီရဏ၏ ကိစ္စသာဖြစ်၏၊ အာရုံကိုမှတ်သားခြင်းကိစ္စသည် ဝုဋ္ဌော၏ ကိစ္စသာဖြစ်၏၊ အာရုံ၏အရသာကို ခံစားခြင်းကိစ္စသည် ဇော၏ကိစ္စသာဖြစ်၏၊ ဇောခံစားအပ်ပြီးသောအာရုံကို ထပ်ဆင့်ခံစားခြင်းကိစ္စသည် တဒါရုံ၏

http://www.dhammadownload.com



ကိစ္စသာဖြစ်၏၊ ဤသို့ ကိစ္စ၏အစွမ်းအားဖြင့် သဘာဝဓမ္မတို့၏ အချင်းချင်း မရောယှက်ပုံကို ပြ၏။

မေး။ အမွှောပမာဖြင့် ပြရခြင်း၊မှတ်သားရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

ဖြေ ။ သဘာဝဓမ္မတို့၏ ကိစ္စ၏အစွမ်းအားဖြင့် အချင်းချင်းမရောယှက်ပုံကို အမွှောပမာဖြင့် ပြရခြင်းဖြင့် "သင်သည် အာဝဇ္ဇန်း ဖြစ်လော၊ စက္ခုဝိညာဏ်ဖြစ်လော" စသည်ဖြင့် တိုက်တွန်းတတ်သော ဖြဟ္မာ+ ထာဝရဘုရားစသော ကာရကပုဂ္ဂိုလ်မရှိဘဲ ဥတုနိယာမ+ ဗီဇနိယာမ စသည်တို့ကဲ့သို့ စိတ္တနိယာမ၏အစွမ်းအားဖြင့်သာ နာမ်တရားများဖြစ်သည်ဟု မှတ်သားရခြင်း အကျိုးရှိပါသည်။

မေး။ ယာဝတဒါရုမ္မဏပွါ့ါ ပန အပ္ပဟောန္တာတီတက ၌ အပ္ပဟောန္တာတီတက,ရှိသကဲ့သို့ ပဟောန္တာတီတကအာရုံရှိပါက ညွှန်ပြပါ။

ဖြေ။ အတိမဟန္တာရုံသည် ပဟောန္တာတီတကအာရုံဖြစ်ပါသည်။

မေး။ မဟန္တာရုံဝီထိ၌ အဘယ်ကြောင့် တဒါရုံမဖြစ်ရပါသနည်း။

ဖြေ ။ ဒုတိယမဟန္တာရုံဝီထိ၌ သတ္တမဇောဝယ် အာရုံချုပ်သွားသောကြောင့် တဒါရုံမဖြစ်ပါ။ ပထမမဟန္တာရုံဝီထိ၌ တဒါရုံနှစ်ကြိမ် မကျလောက်သောကြောင့် ပထမတဒါရုံမဖြစ်ပါ။

မေး။ တခုတည်းသောဝီထိအတွင်း၌ ဖြစ်သောစိတ်တို့သည် အာရုံကွဲပြားမှု ရှိနိုင်ပါသလော။

http://www.dhammadownload.com



ဖြေ။ မဂ္ဂဝီထိ+ ဖလဝီထိတို့မှတပါး အခြားသောဝီထိတို့၌ အာရုံကွဲပြားမှု မရှိနိုင်၊ မဂ္ဂဝီထိ+ဖလဝီထိတို့၌ကား ပရိကံ+ဥပစာ+အနုလုံတို့သည် အနိစ္စစသောလက္ခဏာကို အာရုံပြု၍၊ ဂေါတြဘူသည် နိဗ္ဗာန်ဟူသော အသစ်တတရားကို အာရုံပြုရကား ၎င်းမဂ္ဂဝီထိ+ဖလဝီထိတို့၌ အာရုံ ကွဲပြားမှုရှိနိုင်ပါသည်။

မေး။ တဒါရုံတစ်ကြိမ်တည်း ကျသင့်/ မကျသင့် ရေးခဲ့ပါ။

ဖြေ။ ဒွေ တဒါရုမ္မဏာပါကာနိ ဟုဆိုသောကြောင့် တဒါရုံတစ်ကြိမ်တည်း မကျသင့်ပါ။

မေး။ ပရိတ္တာရုံဝီထိဝယ် ဝုဋ္ဌောမှနောက်၌ စိတ္တက္ခဏ(၆)ချက် အသက် ကြွင်းရှိသေးပါလျက် အဘယ်ကြောင့် ဇောမဖြစ်ရပါသနည်း။

ဖြေ။ နည်းသောအသက်ရှိသည်၏အဖြစ်ဖြင့် အာရုံသည် အားနည်းသော ကြောင့် ဇောမဖြစ်ရပါ။

မေး။ ပရိတ္တာရုံဝီထိ၌ ဇော(၆)ကြိမ်ဖြစ်နိုင်ပါလျက် အဘယ်ကြောင့် ဇော မဖြစ်ရပါသနည်း။

ဖြေ။ ဇောတို့မည်သည် နိယမအားဖြင့် စိတ္တက္ခဏ(၇)ကြိမ် အသက်ရှိ သော အာရုံ၌သာ ဖြစ်ရိုးထုံးစံရှိသောကြောင့် ဇောမဖြစ်နိုင်ပါ။

မေး။ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောနှစ်ကြိမ်သာ ကျရမည်/ သို့မဟုတ် (၃)ကြိမ် ကျရမည်၊ ဤနှစ်လီကို ရှင်းပြပါ။

ဖြေ။ ကေစိဆရာတို့အလိုအားဖြင့် တိက္ခတ္တုံသဒ္ဒါကို စကားပြေပြစ်ခြင်း

http://www.dhammadownload.com



အကျိုးငှါ ဆိုခြင်းဖြစ်သောကြောင့် ဝုဋ္ဌာနစ်ကြိမ်သာ ကျရမည်။
**(ဋီကာဆရာအလိုအားဖြင့်)** ဒွိက္ကတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိဟု ဆိုလျှင်လည်း စကားမပြေပြစ်စရာ မရှိနိုင်သောကြောင့်၄င်း၊ ဝုဋ္ဌော သုံးကြိမ်ဖြစ်မှု၌ တားမြစ်ကြောင်းစကား တစ်စုံတစ်ခုကို အဋ္ဌကထာ စသည်တို့၌ မရှိသောကြောင့်၄င်း၊ ဝုဋ္ဌောနှစ်ကြိမ်ဖြစ်စေ/ သုံးကြိမ် ဖြစ်စေ ကျနိုင်+ချနိုင်ပါသည်။

မေး။ အတိပရိတ္တာရုံဝီထိ၌ စိတ္တက္ခဏ(၇)ချက် အသက်ကြွင်းရှိသေး ပါလျက် အဘယ်ကြောင့် ဝီထိစိတ်များမဖြစ်ရပါသနည်း။

ဖြေ။ ဝုဋ္ဌောနှစ်ကြိမ်+သုံးကြိမ်ဖြစ်ခြင်းငှါ မလောက်သောကြောင့် ဝီထိ စိတ်များ မဖြစ်ပါ။

မေး။ အတိပရိတ္တာရုံဝီထိ၌ ဘဝင်္ဂစလနမေဝ ဟောတိဟူသောစကားအရ ဘဝင်္ဂုပစ္ဆေဒမဖြစ်ဟု ယူသင့်ပါသလော။

ဖြေ ။ အတိမဟန္တာရုံဝီထိ၌ ဘဝင်္ဂုပစ္ဆေဒကိုပင်လျှင် ဘဝင်္ဂစလနဟု ဆို ထားသောကြောင့်၄င်း၊ ဘဝင်္ဂစလနမေဝ၌ ဧဝသဒ္ဒါ၏အကျိုးကို နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ ဟုဆိုထားသောကြောင့်၄င်း၊ ဘဝင်္ဂုပစ္ဆေဒမဖြစ်ဟု မယူ သင့်ပါ၊ ဘဝင်္ဂစလနသဒ္ဒါဖြင့်ပင် ဘဝင်္ဂုပစ္ဆေဒကိုပါ အတိပရိတ္တာရုံ ဝီထိ၌ ချရပါသည်။

မေး။ မောဃဝါရ ရနိုင်သမျှကို အကြောင်းနှင့်တကွ ထုတ်ပြပါ။

ဖြေ ။ မဟန္တာရုံဝီထိသည် တဒါရုံမှဆိတ်သုံးသောကြောင့်၄င်း၊ ပရိတ္တာရုံ ဝီထိသည် ဇောမှ ဆိတ်သုံးသောကြောင့်၄င်း၊ အတိပရိတ္တာရုံဝီထိသည်

F3A

ဝီထိစိတ်အားလုံး မဖြစ်သောကြောင့်၄င်း၊ မောဃဝါရ သုံးဝါရ ရှိနိုင်ပါသည်။

မေး။ မဟန္တာရုံဝီထိ+ ပရိတ္တာရုံဝီထိတို့သည်လည်း မောဃဝါရမည်နိုင်ပါလျက် အတိပရိတ္တာရုံဝီထိကိုသာ မောဃဝါရဟု အဘယ်ကြောင့် ရှင်အနုရုဒ္ဓါဆိုရပါသနည်း။

ဖြေ ။ ဝီထိစိတ်အားလုံး မဖြစ်သောကြောင့် ဆိုရပါသည်။

မေး။ စတုန္နံ ဝါရာနံ အာရမ္မဏဘူတာအရ မောဃဝါရသည် ထိုအာရုံကို အာရုံမပြုနိုင်ပါဘဲလျက် အာရမ္မဏဘူတာဟု အဘယ်သို့ဆိုနိုင်ပါသနည်း။

ဖြေ ။ မောဃဝါရဟု ခေါ်ဝေါ်ပညတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် အတိပရိတ္တာရုံကို မောဃဝါရ၏ အာရုံဟုဆိုထိုက်ပါသည်။

မေး။ ပဥ္စဒွါရေ ယထာရဟံ၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ ။ ထိုထိုစက္ခုစသော ဒွါရအားလျော်စွာဖြစ်ခြင်းကို၄င်း၊ ထိုထိုယောနိသောမနသိကာရစသောအကြောင်းအားလျော်စွာဖြစ်ခြင်းကို၄င်း ထိုထိုကာမအာရုံစသည်တို့အား လျော်စွာဖြစ်ခြင်းကို၄င်း၊ ယထာရဟံဟုဆိုပါသည်။

မေး။ မနောဒွါရ၌ အတိမဟန္တာရုံစသောအမည်ဖြင့် မဆိုဘဲ ဝိဘူတ+အဝိဘူတအမည်အားဖြင့် အဘယ့်ကြောင့် ဆိုရပါသနည်း။

ဖြေ။ မနောဒွါရ၌ဖြစ်သောစိတ်တို့သည် အတိတ်အာရုံ+ အနာဂါတ်အာရုံ

http://www.dhammadownload.com



များကိုလည်း အာရုံပြုသောကြောင့် ဝိဘူတ, အဝိဘူတအမည်အား ဖြင့်သာ အာရုံကိုမှတ်၍ ဆိုရပါသည်။

**မေး။** မနောဒွါရကာမဇောဝါရ၌ အဘယ်ကြောင့် ဝီထိစိတ်(၄၁)ပါးကိုသာ ရပါသနည်း။

ဖြေ။ ပဥ္စဒွါရ၌သာ သီးခြားဖြစ်သော ဒွေပဥ္စဝိညာဏ်တစ်ဆယ်၊ မနော ဓာတ်သုံးခုတို့သည် မနောဒွါရ၌ မဖြစ်သောကြောင့် (၄၁)ပါးကိုသာ ရပါသည်။

## အပ္ပနာဇောဝါရဝီထိ

***********************

**မေး။** အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတအပြား အဘယ်ကြောင့် မရှိရ ပါသနည်း။

ဖြေ။ အာရုံထင်ရှားရှိရာအခါ၌သာ အပ္ပနာဇောများဖြစ်သောကြောင့် ဝိ ဘူတ+ အဝိဘူတအပြားမရှိပါ။( ဝိဘူတတစ်မျိုးတည်းသာ ရှိရပါသည်) *(မှတ်ချက်)* အပ္ပနာဇောဝါရ၌ ဝိဘူတအာရုံ တစ်မျိုးတည်းသာ အဘယ် ကြောင့် ရှိရပါသနည်းဟု မေးလျှင်လည်း အဖြေအတူတူပင်ဖြစ်၏။

**မေး။** ပရိကမ် ,ဥပစာ ,အနုလုံ ,ဂေါတြဘူတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

ဖြေ။ အပ္ပနာကိုပြုပြင်စီရင်သည်ဖြစ်၍ဖြစ်တတ်သောကြောင့် ပရိကမ် ဟုခေါ်ပါသည်။ အပ္ပနာ၏အနီး၌ ဖြစ်သောကြောင့် ဥပစာဟုခေါ် ပါသည်။ (တနည်း)အပ္ပနာသို့ ကပ်၍ဖြစ်တတ်သောကြောင့် ဥပစာဟု ခေါ်ပါသည်။

http://www.dhammadownload.com



ရှေးအဘို့၌ဖြစ်သော ပရိကမ်အားဖြင့်, အထက်၌ဖြစ်သော အပ္ပနာအားဖြင့်, လျော်သောကြောင့် အနုလုံဟုခေါ်ပါသည်။

ကာမအနွယ်နှင့် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်သောကြောင့်၄င်း, မဟဂ္ဂုတ်အနွယ်နှင့် လောကုတ္တရာအနွယ်ကို တိုးပွါးစေတတ်သောကြောင့်၄င်း၊ ဂေါတြဘူဟု ခေါ်ပါသည်။

**မေး။** ဥပစာသည် ဂေါတြဘူကဲ့သို့ အပ္ပနာနှင့်မနီးပါဘဲလျက် အဘယ်ကြောင့် အပ္ပနာ၏အနီး၌ဖြစ်သည် ဟုဆိုရပါသနည်း။

**ဖြေ။** ဂေါတြဘူကဲ့သို့ အပ္ပနာနှင့် အလွန်မနီးသော်လည်း မဝေးလွန်းသော အရပ်၌တည်သောကြောင့် အပ္ပနာ၏အနီး၌ဖြစ်သည်ဟု ဆိုရပါသည်။

**မေး။** အပ္ပနာဇောဝါရ၌ ကာမဇောတို့သည် (၃)ကြိမ်+(၄)ကြိမ် ဖြစ်နိုင်ရာ သင်္ချာအစဉ်အတိုင်း " တိက္ခတ္တုံ စတုက္ခတ္တုံမေဝဝါ"ဟု မဆိုဘဲ အဘယ်ကြောင့် စတုက္ခတ္တုံဟု ရှေးဦးစွာ ဆိုရပါသနည်း။

**ဖြေ။** အကြွင်းအကျန်မရှိသောအားဖြင့် ရထိုက်သောဝါရကို ပြခြင်းအကျိုးငှါ စတုက္ခတ္တုံ ဟု ရှေးဦးစွာဆိုရပါသည်။

**မေး။** စတုက္ခတ္တုံ တိက္ခတ္တုံမေဝဝါ ဟုဆိုသကဲ့သို့ ပဉ္စမံဝါ စတုတ္ထံဝါ ဟု မဆိုဘဲ ပဉ္စမံဝါကို နောက်၌ထား၍ အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ရေတွက်ခြင်းအစဉ်၏အစွမ်းအားဖြင့် ပဉ္စမံဝါကို နောက်၌ထား၍ ဆိုရပါသည်။

http://www.dhammadownload.com



မေး။ ယထာရဟံအရ အပ္ပနာဇောဖြစ်ပုံကို ပေါ်လွင်အောင် ရေးခဲ့ပါ။

ဖြေ။ ခိပ္ပါဘိညပုဂ္ဂိုလ်အား ဥပစာ၊အနုလုံ၊ဂေါတြဘူဟူသော ကာမာဝစရဇော သုံးကြိမ်၏အခြားမဲ့၌ လေးကြိမ်မြောက်ဝယ်. အပ္ပနာဇော ဖြစ်ပါသည်။

ဒန္ဓာဘိညာပုဂ္ဂိုလ်အား ပရိကမ်+ဥပစာ+အနုလုံ+ဂေါတြဘူ ဟူသော–ကာမာဝစရဇော လေးကြိမ်၏အခြားမဲ့၌ ငါးကြိမ်မြောက်ဝယ် အပ္ပနာဇောဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်အားလျော်စွာ ဖြစ်ခြင်းကို ယထာရဟံ ဟုဆိုပါသည်။

မေး။ အပ္ပနာဇောများသည် လေးကြိမ်မြောက်၏အောက် နှစ်ကြိမ်မြောက် သုံးကြိမ်မြောက်၌၄င်း၊ ငါးကြိမ်မြောက်၏အထက် (၆)ကြိမ် (၇)ကြိမ်မြောက်တို့၌၄င်း အဘယ်ကြောင့် မဖြစ်ရပါသနည်း။

ဖြေ။ အာသေဝနပစ္စည်းကို မရသောအနုလုံသည် ဂေါတြဘူကို မဖြစ်စေနိုင်သောကြောင့် (၂)ကြိမ် (၃)ကြိမ်မြောက်၌ မဖြစ်ရပါ။

အာသေဝနပစ္စည်းကိုရသော်လည်း ဘဝင်နှင့်နီးသောကြောင့် ကမ်းပါး အနီးသို့ပြေးသွားသော ယောကျ်ားကဲ့သို့ အပ္ပနာ၏အစွမ်းအားဖြင့် တည်ခြင်းငှါ မစွမ်းနိုင်သည့်အတွက် (၆)ကြိမ် (၇)ကြိမ်မြောက်၌ အပ္ပနာဇောမဖြစ်ရပါ။

မေး။ ယထာဘိနီဟာရဝသေန၌ ယထာဘိနိဟာရ၏အဓိပ္ပယ်ကို ရေးခဲ့ပါ။

ဖြေ။ ရူပဈာန်+အရူပဈာန်အားလျော်သော သမထဘာဝနာစိတ်၊ လောကုတ္တရာမဂ်ဖိုလ်အားလျော်သော ဝိပဿနာဘာဝနာစိတ်ကို ရှေးရှု

http://www.dhammadownload.com



ဆောင်သည်အားလျော်စွာဖြစ်ခြင်းကို ယထာဘိနိဟာရဟုခေါ်ပါသည်။

မေး။ တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၌ အပ္ပနာဝသာနေ ဟူသောပုဒ်ကို အဘယ်ကြောင့် ဆိုရပါသနည်း။

ဖြေ။ တတော ပရံ ဘဝင်္ဂပါတောဝ မျှသာဆိုခဲ့လျှင် (၄)ကြိမ်မြောက်+ငါးကြိမ်မြောက်၌ ဖြစ်သော အပ္ပနာဇောမှနောက်၌ ဘဝင်ကျတော့သည်သာဟု အဓိပ္ပါယ်ယူကုန်ရာသောကြောင့်၄င်း (အနွယအဓိပ္ပါယ်) မဂ်၏အခြားမဲ့၌ ဖိုလ်စိတ်မဖြစ်ဟု၄င်း၊ သမာပတ္တိဝီထိ၌ ဈာန်စိတ်ဖိုလ်စိတ်တို့ အဖန်တလဲလဲမဖြစ်နိုင်ဟု၄င်း (ဗျတိရေကအဓိပ္ပါယ်) အဓိပ္ပါယ်ယူကုန်ရာသောကြောင့် အပ္ပနာဝသာနေဟု ဆိုရပါသည်။

မေး။ ဘဝင်္ဂပါတောဝ၌ ဝေသဒ္ဒါ၏အကျိုးကို ရေးခဲ့ပါ။

ဖြေ ။ အာဒိကမ္မိကဈာနအပ္ပနာဝီထိ၌ ဇော(၇)ကြိမ်ပြည့်စေရန် ဈာန်ဇော တကြိမ်၏အခြားမဲ့၌ ကာမဇောနှစ်ကြိမ်သုံးကြိမ် ဖြစ်သေးသည်ဟူသော အဘယဂိရိရဟန်းတို့၏အယူကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

မေး။ သောမနဿဇောနောင် သောမနဿအပ္ပနာကိုသာ အဘယ်ကြောင့် ယူရပါသနည်း။

ဖြေ။ ဝေဒနာပြားသောဇောတို့၏ အချင်းချင်း အာသေဝနပစ္စည်း၏အဖြစ်ကိုမထုတ်အပ်(မဟောအပ်)သောကြောင့် သောမနဿအပ္ပနာကိုသာ ယူရပါသည်။ (ဥပေက္ခာအပ္ပနာလည်း နည်းတူ၏ )

%%%%%%%%%%

http://www.dhammadownload.com



မေး။ ကုသိုလ်ဇောဏ်အခြားမဲ့၌ ကြိယာအပ္ပနာဇောများ အဘယ်ကြောင့် မဖြစ်ရပါသနည်း။

ဖြေ။ ကုသိုလ်ဇောသည် ပုထုဇဉ်+သေက္ခသန္တာန်၌ဖြစ်၍ ကြိယာဇောသည်ကား သန္တာန်ပြားသော ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သောကြောင့် ကုသိုလ်ဇောဏ်အခြားမဲ့၌ ကြိယာအပ္ပနာဇောများ မဖြစ်ရပါ။

မေး။ ဟေဋ္ဌိမဋ္ဌ ဖလတ္တယ မပွေတိအရ အဘယ်ဝီထိကို ယူရပါသနည်း။

ဖြေ ။ သမာပတ္တိဝီထိကို ယူရပါသည်။

## တဒါရမ္မဏ နိယမအဖွင့်

**********************

မေး။ ဣဋ္ဌေ ကုသလဝိပါကာနိ၌ ဣဋ္ဌာရုံအပြားနှင့် ယူရမည့် ဣဋ္ဌာရုံကို ညွှန်ပြပါ။

ဖြေ။ ဣဋ္ဌာရုံသည် ဣဋ္ဌမဇ္ဈတ္တာရုံနှင့် အတိဣဋ္ဌာရုံဟု နှစ်မျိုးရှိပါသည်၊ ထိုနှစ်မျိုးတို့တွင် အတိဣဋ္ဌာရုံကို သီးခြားဆိုလတံ့ဖြစ်သောကြောင့် ဤ၌ ဣဋ္ဌမဇ္ဈတ္တာရုံကို ယူရပါသည်။

မေး။ ဣဋ္ဌေ ကုသလဝိပါကာနိအရ ယူသင့်သော သန္တီရဏ+တဒါရုံတို့ကို သင်္ဂဟထောက်၍ ရေးခဲ့ပါ။

ဖြေ။ အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ ဟူသော သင်္ဂဟကို ထောက်၍ ဥပေက္ခာသဟဂုတ် သန္တီရဏ+ တဒါရုံတို့ကိုသာ ယူသင့်ပါသည်။

***********

http://www.dhammadownload.com



မေး။ အတိဋ္ဌာရုံ၌ သောမနဿသဟဂုတ် သန္တီရဏ+ တဒါရုံများသာ အဘယ်ကြောင့် ဖြစ်ရပါသနည်း။

ဖြေ။ ကံ၏အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော ဝိပါက်တို့သည် မှန်၌ ထင်လာသော မျက်နှာရိပ်ကဲ့သို့ အထူးကြံဆခြင်းမရှိမူ၍ ဖြစ်ခြင်း ကြောင့် အတိဋ္ဌာရုံအားလျော်စွာ သောမနဿသန္တီရဏ+ တဒါရုံ များသာ ဖြစ်ရပါသည်။

မေး။ ဝိပါက်အမှန်+ ဇောအပြန် ဟူသောစကားအရ ဇော၏ ဖေါက်ပြန် ပြောင်းလဲရခြင်းအကြောင်းနှင့် ပြောင်းလဲနိုင်ပုံတို့ကို ရေးခဲ့ပါ။

ဖြေ။ ကုသိုလ်+အကုသိုလ်ဇောတို့သည် ဝိပ္ပလ္လာသမပယ်ရသေးသော ပုထုဇဉ်+သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သောကြောင့် အတိဋ္ဌာရုံ၌ သော်လည်း ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ+ အနိဋ္ဌအခြင်းအရာအားဖြင့် ပြောင်းလဲနိုင်ပါသည်။

အနိဋ္ဌာရုံ၌လည်း ဣဋ္ဌအခြင်းအရာ,ဣဋ္ဌမဇ္ဈတ္တအခြင်းအရာအား ဖြင့် ပြောင်းလဲနိုင်ပါသည်။

မေး။ ဝိပါက်အမှန်အရ အဘယ်ကြောင့် ဝိပါက်သည် အမှန်ဖြစ်ရပါ သနည်း။

ဖြေ။ အကျိုးဝိပါက်သည် အကြောင်းကံ၏အာနုဘော်ကြောင့် ဖြစ်ရသည့် အတွက် အာရုံအားလျော်စွာ အမှန်ဖြစ်ရပါသည်။

မေး။ ဇောအပြန်အရ အတိဋ္ဌာရုံ၌ ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ,အနိဋ္ဌ အခြင်းအရာအားဖြင့် ဖြစ်ပုံကို ရေးခဲ့ပါ။

ဖြေ။ ဘုရားစသော အတိဋ္ဌာရုံကို မြင်ရသော သဒ္ဓါတရားမရှိသူစသည်

http://www.dhammadownload.com



တို့အား ဥပေက္ခာဇောစောသောအားဖြင့် *ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ*အားဖြင့် ဖြစ်ပါသည်။

ဘုရားတည်းဟူသော အတိဣဋ္ဌာရုံကို တွေမြင်ရသော တိတ္ထိစသည်တို့အား ဒေါသဇောစောသောအားဖြင့် *အနိဋ္ဌအခြင်းအရာ*အားဖြင့် ဖြစ်ပါသည်။

**X**မေး။ အနိဋ္ဌာရုံ၌ ဣဋ္ဌအခြင်းအရာ,ဣဋ္ဌမဇ္ဈတ္တအခြင်းအရာအားဖြင့် ဖြစ်ပုံကို ရေးခဲ့ပါ။

ဖြေ။ နက်နဲသောသဘောရှိသောပုဂ္ဂိုလ်တို့အား စက်ဆုပ်ဘွယ်ကောင်းသော အနိဋ္ဌာရုံကိုတွေမြင်ရာ၌ ဥပေက္ခာဇောစောသောအားဖြင့် *ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ*အားဖြင့် ဖြစ်ပါသည်။

ငှင်းစက်ဆုပ်ရွံရှာဘွယ်ကောင်းသော အနိဋ္ဌာရုံကိုမြင်ရသော ခွေးစသည်တို့အား သောမနဿဇောစောသောအားဖြင့် *ဣဋ္ဌအခြင်းအရာ* အားဖြင့်ဖြစ်ပါသည်။

**X**မေး။ ဝိပါက်လည်းအမှန်, ဇောလည်းအမှန်ဖြစ်နိုင်သောအရာကို အကြောင်းနှင့်တကွ ရေးခဲ့ပါ။

ဖြေ။ ရဟန္တာပုဂ္ဂိုလ်တို့အား စိတ္တဝိပ္ပလ္လာသမရှိသောကြောင့် အာရုံအတိုင်းသာလျှင် သောမနဿကြိယာဇောနောင် သောမနဿတဒါရုံ၊ ဥပေက္ခာသဟဂုတ်ကြိယာဇောနောင် ဥပေက္ခာတဒါရုံတို့ဖြစ်သောအားဖြင့် *ဝိပါက်လည်းအမှန် ဇောလည်းအမှန်* ဖြစ်ရပါသည်။

4

A

**X**မေး။ ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ ဟူ၍ ကုသိုလ်,အကုသိုလ်ဇောတို့၏ အခြားမဲ့၌ တဒါရုံဖြစ်ခြင်းကို ဆိုသော

http://www.dhammadownload.com



ပဌာန်းပါဠိတော်နှင့် သောမနဿကြိယာဇောနောင် သောမနဿ တဒါရုံဖြစ်သည်ဟူသော သင်္ဂဟစကားတို့ ဆန့်ကျင်နိုင်ပါသလော။

ဖြေ။ အဗျာကတတရား၏အခြားမဲ့၌ တဒါရုံဖြစ်နိုင်သည်ဟုဟောခဲ့သော် ဝုဋ္ဌော၏အခြားမဲ့၌လည်း တဒါရုံကျနိုင်သည်ဟု မှတ်ထင်နိုင်သောကြောင့် ပဌာန်းပါဠိတော်ဝယ် ကြိယာ၏အခြားမဲ့၌ တဒါရုံဖြစ်ခြင်းကို မဟောခြင်းဖြစ်၏၊ မရထိုက်၍ မဟောခြင်းမဟုတ်ရကား ပဌာန်းနှင့် သင်္ဂဟ မဆန့်ကျင်ပါ။

မေး။ အာဂန္တုကဘဝင်ကျခြင်း၏အင်္ဂါကို သင်္ဂဟပါဠိထောက်၍ ဖြေဆိုပါ။

ဖြေ။ (၁)သောမနဿနှင့်ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊ (၂)ဒေါသဇော၏ အဆုံး၌ဖြစ်ခြင်း၊ (၃)တဒါရုံမကျနိုင်ခြင်း ဟူ၍သုံးပါးရှိပါသည်။ (သင်္ဂဟပါဠိ)သောမနဿပဋိသန္ဓိကဿ၊ ဒေါမနဿသဟဂတဇဝနာဝသာနေ၊တဒါရမ္မဏာသမ္ဘဝေ၊ နတ္ထိ။

မေး။ ပဋိသန္ဓိဘဝင်္ဂ (ပ) ဝိသယပ္ပဝတ္တကာတိယံ ဟူသောသင်္ဂဟစကားကို မုချမှတ်သင့်/ မမှတ်သင့် အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်အား ဒေါသဇော၏ အဆုံး၌ တဒါရုံမကျလျှင် ဥပေက္ခာသဟဂုတ်အာဂန္တုကဘဝင် ဖြစ်ရသောကြောင့် ၎င်းသင်္ဂဟစကားကို မုချဟုမမှတ်သင့်ပါ။

မေး။ ဒေါသဇော၏အဆုံး၌ အဘယ်ကြောင့် သောမနဿတဒါရုံဘဝင်တို့ မကျရ၊ မဖြစ်ရပါသနည်း။ 4

ဖြေ။ အချင်းချင်းဆန့်ကျင်သော သဘောရှိသောကြောင့် မဖြစ်ရပါ။ B

http://www.dhammadownload.com



မေး။ တဒါရုံကိုမှတ်ခြင်း၏ ကေန္တိကနည်း+အနေကန္တိကနည်းတို့ကို ရေးခဲ့ပါ။

ဖြေ။ ဇောဖြင့် တဒါရုံကို မှတ်ခြင်းသည် ကေန္တိကနည်းဖြစ်၏၊ ညာဏသမ္ပယုတ်+ညာဏဝိပ္ပယုတ်ဖြင့် တဒါရုံကို မှတ်ခြင်းသည် အနေကန္တိကနည်းဖြစ်၏။

မေး။ တဒါရုံကိုမှတ်ရာဝယ် အနေကန္တိကနည်းဖြစ်ပုံကို ရေးခဲ့ပါ။

ဖြေ။ အကုသိုလ်ဇော၌ အလေ့အကျက်များသောပုဂ္ဂိုလ်အား ကုသိုလ်ဇောစောသောအခါ တိဟိတ်ဇောနောင် အဟိတ်တဒါရုံဖြစ်ပါသည်။

ကုသိုလ်ဇော၌ အလေ့အကျက်များသောပုဂ္ဂိုလ်အား တစ်ရံတစ်ခါ အကုသိုလ်ဇောစောသောအခါ အကုသိုလ်ဇောနောင် တိဟိတ်တဒါရုံဖြစ်ပါသည်။ ဤသို့အနေကန္တိကနည်းဖြစ်ပါသည်။

မေး။ ဒေါသဇော၏အဆုံး၌တဒါရုံမကျပုံကို အရှင်အနုရုဒ္ဓါသည် အဘယ်ကြောင့် ကြံဆ၍ဆိုပါသနည်း။

ဖြေ။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်အား ဒေါသဇောနောင် သောမနဿဘဝင်ကျခြင်းမရှိသောကြောင့် ကြံဆ၍ဆိုပါသည်။

မေး။ တဒါရုံမကျနိုင်သောအရာတို့ကို ထုတ်ပြပါ။

ဖြေ။ (၁)သောမနဿနှင့် ပဋိသန္ဓေနေသော တိဟိတ်စသောပုဂ္ဂိုလ်အား ဘုရားစသောအတိဣဋ္ဌာရုံ၌ ဖြစ်များသောစိတ်ရှိသည်ဖြစ်၍ ဒေါသဇောဖြစ်ရာအခါ၊ (၂)တစ်စုံတစ်ခုသော မလျောက်ပတ်သောအကြောင်းကြောင့် လျောကျပြီးသော လောကီစျာန်ကို အာရုံပြု၍ နှလုံးမသာယာ

http://www.dhammadownload.com



သောအားဖြင့် ဒေါသဇောဖြစ်ရာအခါတို့ဖြစ်ပါသည်။

မေး။ သောမနဿနှင့်ပဋိသန္ဓေနေခဲ့သောတိဟိတ်သောပုဂ္ဂိုလ်၏ ဒေါသဇောနောင်တဒါရုံမကျရခြင်း+ အာဂန္တုကဘဝင်သာ ကျရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဒေါသဇောနောင် သောမနဿတဒါရုံမဖြစ်သောကြောင့်၄င်း၊ အတိဣဋ္ဌာရုံ၌ ဥပေက္ခာတဒါရုံမဖြစ်နိုင်သောကြောင့်၄င်း၊ တဒါရုံမကျဘဲ အာဂန္တုကဘဝင်သာ ကျရပါသည်။

မေး။ ဈာန်လျှောကျသောပုဂ္ဂိုလ်၏ ဒေါသဇောနောင် တဒါရုံမကျရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ကာမာဝစရအာရုံမဟုတ်သော မဟဂ္ဂုတ်အာရုံ၌ တဒါရုံမကျနိုင်သောကြောင့်ဖြစ်ပါသည်။

မေး။ ပရိစ်တပုဗ္ဗအရ ယူသင့်သောအာရုံကို ညွှန်ပြပါ။

ဖြေ။ ထိုဘဝ၌ပင်လျှင် များသောအားဖြင့် ရေး၌ယူအပ်သောအာရုံကို ယူရပါသည်။

မေး။ ဝီထိစိတ်တို့မည်သည် အာဝဇ္ဇန်းကင်း၍ ဖြစ်နိုင်ပါသလော၊၄င်းစိတ်များရှိလျှင် ထုတ်ပြပါ။

ဖြေ။ အာဝဇ္ဇန်းကင်း၍ ဖြစ်နိုင်ပါသည်။

အာဝဇ္ဇန်းကင်း၍ဖြစ်နိုင်သောစိတ်များမှာ (၁)အာဂန္တုကဘဝင်စိတ် (၂)နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်+အရဟတ္တဖိုလ်စိတ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ဥပေက္ခာသဟဂုတ် သန္တီရဏအာဂန္တုကဘာဝင်စိတ်သည် ငါးကိစ္စတို့တွင် ဖြစ်နိုင်သောကိစ္စ/ မဖြစ်နိုင်သောကိစ္စတို့ကို အကြောင်းနှင့်တကွ ရေးခဲ့ပါ။

ဖြေ။ (၁)ဇောဏ်အာရုံကိုမယူသောကြောင့် တဒါရုံကိစ္စမဖြစ်နိုင်ပါ။
(၂)သမ္ပဋိစ္ဆိုင်းသည် ခံယူအပ်ပြီးသောအာရုံကို စုံစမ်းသည်၏အစွမ်းအားဖြင့် မဖြစ်သောကြောင့် သန္တီရဏကိစ္စမဖြစ်နိုင်၊
(၃)သောမနဿနှင့်ပဋိသန္ဓေနေခဲ့သောကြောင့် ပဋိသန္ဓေကိစ္စနှင့် စုတိကိစ္စမဖြစ်နိုင်၊ (၄)ဖြစ်ဆဲဘဝ၏ အကြောင်းဖြစ်သောကြောင့် ပါရိသေသနည်းအားဖြင့် ဘဝင်ကိစ္စတစ်ခုတည်းသာ ဖြစ်နိုင်ပါသည်။

မေး။ ကာမဇော၏အဆုံး၌သာ အဘယ်ကြောင့် တဒါရုံဖြစ်ပါသနည်း။

ဖြေ။ တဒါရုံသည် ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့် ဖြစ်သည့်အတွက် ကာမဇော၏အဆုံး၌သာ တဒါရုံဖြစ်ရပါသည်။

မေး။ မဟဂ္ဂုတ်ဇော+ လောကုတ္တရာဇောတို့၏အဆုံး၌ အဘယ်ကြောင့် တဒါရုံမဖြစ်ရပါသနည်း။

ဖြေ။ မိမိကိုမဖြစ်စေတတ်သည်၏အဖြစ်ကြောင့်၄င်း၊မိမိကိုဖြစ်စေတတ်သော ကာမဇောနှင့်တူသည်၏အဖြစ်မရှိသောကြောင့်၄င်း၊ မဟဂ္ဂုတ် လောကုတ္တရာဇော၏အဆုံး၌ တဒါရုံမဖြစ်ရပါ။
(ဥပမာ)အိမ်အပြင်သို့ ထွက်လိုသော ကလေးသူငယ်သည် မိမိကိုဖြစ်စေတတ်သောဘခင်ကို၄င်း၊ ဘခင်နှင့်တူသော ဘကြီး+ဘထွေးကိုသော်၄င်း၊ လက်ကိုဆွဲ၍ ထွက်သကဲ့သို့(အနွယ)၊ မင်းချင်းယောကျ်ားစသည်တို့၏ လက်ကိုဆွဲ၍ မထွက်သကဲ့သို့(ဗျတိရေက) တဒါရုံသည်

http://www.dhammadownload.com



မိမိကိုဖြစ်စေတတ်သော ကာမကုသိုလ်+အကုသိုလ်ဇောသို့၄င်း၊ ထို ကာမကုသိုလ်+အကုသိုလ်ဇောနှင့်တူသော ကာမကြိယာဇောသို့၄င်း၊ အစဉ်လိုက်၏။ မတူသော မဟဂ္ဂုတ်,လောကုတ္တရာဇောသို့ အစဉ် မလိုက်ပါ။

မေး။ ဗြဟ္မာတို့အား အဘယ်ကြောင့် တဒါရုံမဖြစ်ပါသနည်း။
ဖြေ။ ဗြဟ္မာတို့အား တဒါရုံ၏ဥပနိဿယဖြစ်သော ကာမာဝစရပဋိသန္ဓေ မျိုးစေ့မရှိသောကြောင့် တဒါရုံမဖြစ်ပါ။

မေး။ အဘယ်ကြောင့် ကာမာဝစရသတ္တဝါတို့အားသာ တဒါရုံဖြစ်ရပါ သနည်း။
ဖြေ။ တဒါရုံ၏ဥပနိဿယဖြစ်သော ကာမာဝစရပဋိသန္ဓေမျိုးစေ့ ရှိသော ကြောင့်ဖြစ်ပါသည်။

မေး။ ကာမအာရုံ၌သာ အဘယ်ကြောင့် တဒါရုံကျရပါသနည်း။
ဖြေ။ လေ့ကျက်အပ်ဘူးသောကြောင့် ကာမအာရုံ၌သာ တဒါရုံကျရ ပါသည်။ (တနည်း)ကာမတဏှာနှင့်စပ်သော ကံသည်ဖြစ်စေအပ် သောကြောင့် ကာမအာရုံ၌သာ တဒါရုံကျရပါသည်။

မေး။ မဟဂ္ဂုတ်+လောကုတ္တရာအာရုံတို့၌ အဘယ်ကြောင့် တဒါရုံမဖြစ်ပါ သနည်း။
ဖြေ။ မလေ့ကျက်အပ်ဘူးသောကြောင့် တဒါရုံမဖြစ်ပါ။
(ဥပမာ)မိဘဆွေမျိုးတို့နှင့်အတူ အိမ်အပြင်သို့လိုက်သောကလေးသည်

http://www.dhammadownload.com



မလေ့ကျက်အပ်ဘူးသော တော,တောင်စသောအရပ်သို့ မလိုက်ဘဲ လေ့ကျက်အပ်ဘူးသော အိမ်ဦးအပြင်စသောအရပ်သို့သာ လိုက်သကဲ့သို့ တဒါရုံသည် လေ့ကျက်အပ်ဘူးသော ကာမအာရုံသို့သာ အစဉ်လိုက်၍ မလေ့ကျက်အပ်ဘူးသော မဟဂ္ဂုတ်,လောကုတ္တရာအာရုံသို့ အစဉ်မလိုက်ပါ။

မေး။ ကာမပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် ဗြဟ္မာတို့အား တဒါရုံမဖြစ်ဟုဆိုလျှင် စက္ခုဝိညာဏ်စသည်တို့လည်း မဖြစ်နိုင်ပါသလော။

ဖြေ။ ဗြဟ္မာတို့အား စက္ခုစသောဣန္ဒြေတို့ ဖြစ်နိုင်ခြင်း၏ အာနုဘော်ရှိသောကြောင့် စက္ခုဝိညာဏ်၊သောတဝိညာဏ်များ ဖြစ်နိုင်ပါသည်၊ ဒွါရအပြား+ဝီထိအပြား၌ (ဝါ)ဒွါရအထူး ဝီထိအထူး၌ သမ္ပဋိစ္ဆိုင်း+ သန္တီရဏစိတ်တို့ဖြစ်ခြင်း မြဲသောကြောင့် သမ္ပဋိစ္ဆိုင်း,သန္တီရဏစိတ်တို့ ဖြစ်ကြပါသည်။

## ဇဝနနိယမအဖွင့်

မေး။ မရဏာသန္နဝီထိ အရ သေခါနီးကာလ၌ အဘယ်ကြောင့် နုံ့နုံ့နေးနေး ဖြစ်ရပါသနည်း။

ဖြေ။ သေခါနီးကာလ၌ ဟဒယဝတ္ထုအားနည်းသည့်အတွက် နုံ့နုံ့နေးနေး ဖြစ်ရပါသည်။

မေး။ မရဏာသန္နဝီထိ—၌ အာဒိအရ ရေးခဲ့ပါ။

ဖြေ။ အာဒိအရ အလွန်တွေဝေသော မုစ္ဆာကာလကို ယူရပါသည်။

++++++++++

http://www.dhammadownload.com



မေး။ ဘဂဝတောအရ ဘုရားရှင်အားသာ ပစ္စဝေက္ခဏာဇော်စိတ် လေးကြိမ် ငါးကြိမ် ဖြစ်ပါသလော။

ဖြေ ။ ဘဂဝတောဟူသောပုဒ်ကို နိဒဿနနည်းအားဖြင့် ဆိုခြင်းမျှဖြစ်၍ ရှင်သာရိပုတ္တရာစသည်တို့၏ ဘုရားရှင်နည်းတူ လျှင်မြန်စွာ တံခိုးပြာဋိဟာပြသောအခါ၌ ဇော(၇)ကြိမ် မပြည့်စုံသောကြောင့် ဘုရားရှင်မှတပါး အခြားသောပုဂ္ဂိုလ်တို့အားလည်း လေးကြိမ် ငါးကြိမ် ဖြစ်နိုင်ပါသည်။

မေး။ စတ္တာရိ ပဉ္စဝါအရ အဘယ်ပုဂ္ဂိုလ်တို့အား လေးကြိမ်၊ အဘယ်ပုဂ္ဂိုလ်တို့အား ငါးကြိမ် ဖြစ်ပါသနည်း။

ဖြေ။ တိက္ခိန္ဒြိယပုဂ္ဂိုလ်တို့အား လေးကြိမ်၊ မုဒိန္ဒြိယပုဂ္ဂိုလ်တို့အား ငါးကြိမ် ဖြစ်ပါသည်။ (တနည်း)ဘုရားရှင်အား လေးကြိမ်၊ အခြားပုဂ္ဂိုလ်တို့အား ငါးကြိမ်ဖြစ်ပါသည်။

မေး။ အာဒိကမ္မိကပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်ကို ခေါ်ပါသနည်း။

ဖြေ။ ကမ္မဋ္ဌာန်းအားထုတ်ခါစပုဂ္ဂိုလ်ကိုငှင်း၊ ထိုထိုဈာန်ကို ရခါစပုဂ္ဂိုလ်ကိုငှင်း၊ အာဒိကမ္မိကပုဂ္ဂိုလ်ဟုခေါ်ပါသည်။

မေး။ အဘိညာဏ်ဇောတို့သည် အာဒိကမ္မိကပုဂ္ဂိုလ်၏ ပထမအပ္ပနာဇောကဲ့သို့ အစဉ်သာ တကြိမ်တည်း ဖြစ်ပါသလော။

ဖြေ။ သဗ္ဗဒါပိ ဟူသော ပါဠိကိုထောက်၍ အဘိညာဉ်ဇောတို့သည် ရှေးဦးစွာ ရခါစကာလ၌ငှင်း၊ လေ့ကျက်အပ်ပြီးသော ဝသီဘော်ရှိသော နောင်အခါ၌ငှင်း၊ အခါခပ်သိမ်း တစ်ကြိမ်တည်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ မဂ္ဂဝီထိ၌ အဘယ်ကြောင့် ဖိုလ်စိတ် နှစ်ကြိမ်+သုံးကြိမ် ကျရပါသနည်း။

ဖြေ။ ဇောတို့မည်သည် (၇)ကြိမ်အလွန်ဆုံး စောနိုင်သောကြောင့် ပရိကမ်+ဥပစာ+အနုလုံ+ဂေါတြဘူ+မဂ်ဟု ငါးကြိမ်ဖြစ်ပြီးနောက် ဖိုလ်ဇော နှစ်ကြိမ်၊ ဥပစာ+အနုလုံ+ဂေါတြဘူ+ မဂ်ဟု လေးကြိမ်ဖြစ်ပြီးနောက် ဖိုလ်ဇော သုံးကြိမ်ကျရပါသည်။

မေး။ နိရောဓသမာပတ္တိကာလ၌ ကာလအရ အဘယ်အခါကို ယူရပါသနည်း။

ဖြေ။ နိရောဓသမာပတ် မဝင်စားမီကာလကို ယူရပါသည်။

မေး။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်+အရဟတ္တဖိုလ်ဇောတို့သည် အဘယ်ကြောင့် ပထမဆုံးဖြစ်ရပါသနည်း။

ဖြေ။ အနာဂါမ်+ရဟန္တာတို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်၍ သောတာပန်+သကဒါဂါမ်တို့ မဝင်စားသောကြောင့် အနာဂါမိဖိုလ် အရဟတ္တဖိုလ်ဇောသာ ဖြစ်ရပါသည်။

မေး။ သမ္ပတ္တာပိ သမာပတ္တိယံ၌ သမာပတ်အပြားကို ရေးခဲ့ပါ။

ဖြေ။ ဈာနသမာပတ္တိ+ ဖလသမာပတ္တိဟု နှစ်မျိုးရှိပါသည်။

မေး။ ဓဝနာနိ ဗဟူနိပိအရ မဟဂ္ဂုတ် လောကုတ္တရာဇောများ အဘယ်ကြောင့် အကြိမ်များစွာ ကျနိုင်ပါသနည်း။

ဖြေ။ သမာပတ္တိဝီထိ၌ နေ့ညဉ့်ပတ်လုံး အပ္ပနာဇောများ ဖြစ်နိုင်သော

http://www.dhammadownload.com



ကြောင့် အကြိမ်များစွာဖြစ်နိုင်ပါသည်။

မေး။ မဟဂ္ဂုတ်,လောကုတ္တရာဇောတို့သည် အမြဲတမ်း အကြိမ်များစွာ ဖြစ်နိုင်ပါသလော၊ ရှင်းပြပါ။

ဖြေ။ လောကီဈာန်ဇောတို့ကို ရှေးဦးစွာသော အပ္ပနာ၌ တကြိမ်တည်း သာ၄င်း၊ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တ ဖိုလ်ဇောတို့ကို တကြိမ်တည်းသာ၄င်း၊ မဂ္ဂဝီထိ၌ မဂ်စိတ်၏ အခြားမဲ့၌ ဖြစ်သော ဖိုလ်စိတ်တို့ကို နှစ်ကြိမ် သုံးကြိမ်၄င်း ဖြစ်နိုင်ပါသေးသည်။ (မှတ်ချက်)ဗဟူနိပိ လဗ္ဘန္တိ ၌ အပိသဒ္ဒါဖြင့် ယူအပ်သောဇောတို့ကို ညွှန်ပြပါဟု မေးလျှင်လည်း အထက်ပါ အဖြေကိုပင် ဖြေရပါမည်။

## ပုဂ္ဂလဘေဒအဖွင့်

****************

မေး။ အဘယ်ကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော အလောဘ+အဒေါသဟိတ်နှစ်ပါး ရှိသောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် အဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဟိတ်မရှိသောကြောင့် အဟိတ် ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

မေး။ ဒုဂ္ဂတိအဟိတ်+ သုဂတိအဟိတ်+ ဒွိဟိတ်ပုဂ္ဂိုလ်သုံးယောက်တို့၌ အပ္ပနာဇောများ (ဝါ-ဈာန်+မဂ်+ဖိုလ်တရားများ) အဘယ်ကြောင့် မရ နိုင်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ ပဋိသန္ဓေဝိပါက်တားမြစ်ထားသောကြောင့် မရနိုင်ပါ။

မေး။ ဒု+သု+ ဒွိ ပုဂ္ဂိုလ်သုံးယောက်တို့၌ ကြိယာဇောများ အဘယ်ကြောင့် မရနိုင်ပါသနည်း။

ဖြေ။ အပ္ပနာဇောမရှိသောကြောင့် အရဟတ္တဖိုလ်မရှိ၊ ထို့ကြောင့် ကြိယာဇောများ မရနိုင်ပါ။

မေး။ သု+ဒွိ ပုဂ္ဂိုလ်နှစ်ယောက်တို့အား ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်များ အဘယ်ကြောင့် မရနိုင်ပါသနည်း။

ဖြေ။ မူလပဋိသန္ဓေသည် တွေဝေမိုက်မဲပြီး ဉာဏ်ကင်းသောကြောင့် မရနိုင်ပါ။

မေး။ အဘယ်ကြောင့် တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော အလောဘ+အဒေါသ+အမောဟ ဟိတ် သုံးပါးရှိသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် သေက္ခပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ သိက္ခာသုံးပါး၌ ဖြည့်ကျင့်မှု မပြီးသေးသည်၏အဖြစ်ဖြင့် ကျင့်ခြင်း အလေ့ရှိသည်၏အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

မေး။ သေက္ခပုဂ္ဂိုလ်တို့၌ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ခု၊ ဝိစိကိစ္ဆာသဟဂု စိတ်တို့ကို အဘယ်ကြောင့် မရပါသနည်း။

ဖြေ။ သောတာပတ္တိမဂ်ဖြင့်ပင် သက္ကာယဒိဋ္ဌိ+ဝိစိကိစ္ဆာတို့ကို ပယ်ပြီးဖြစ်

http://www.dhammadownload.com



သောကြောင့် ၄င်းဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွဖြစ်သော စိတ်တို့ကိုလည်း မရနိုင်ပါ။

မေး။ သေက္ခပုဂ္ဂိုလ်တို့၌ ကြိယာဇောတို့ကို အဘယ်ကြောင့် မရပါသနည်း။

ဖြေ။ ကြိယာဇောတို့သည် ရဟန္တာပုဂ္ဂိုလ်တို့၏ သီးခြားစိတ်များဖြစ်သော ကြောင့် မရနိုင်ပါ။

မေး။ မဂ်စိတ်လေးခုတို့သည် မဂ်ပုဂ္ဂိုလ်တို့၌သာ အဘယ်ကြောင့် ဖြစ်ကြပါသနည်း။

ဖြေ။ မဂ်စိတ်လေးပါးတို့သည် စိတ္တက္ခဏတစ်ချက်စီသာ ဖြစ်သည်၏ အဖြစ်ဖြင့် ပုဂ္ဂိုလ်တပါးတို့၌ မဖြစ်သောကြောင့် မဂ်ပုဂ္ဂိုလ်တို့၌သာ ဖြစ်ကြပါသည်။

မေး။ အောက်အောက်ဖြစ်သော သောတာပန်ပုဂ္ဂိုလ်စသည်တို့၌ အထက်အထက်ဖြစ်သော သကဒါဂါမိဖိုလ်စသည်တို့ကို အဘယ်ကြောင့် မရနိုင်ပါသနည်း။

ဖြေ။ အောက်အောက်ဖြစ်သော ဖိုလ်ပုဂ္ဂိုလ်တို့သည် အထက်အထက်ဖြစ်သော ဖလသမာပတ်ကို မရသေးသည်၏အဖြစ်ကြောင့် မရနိုင်ပါ။

မေး။ အထက်အထက်ဖိုလ်ပုဂ္ဂိုလ်တို့အား အောက်အောက်ဖြစ်သော ဖိုလ်စိတ်တို့ကို အဘယ်ကြောင့် မရနိုင်ပါသနည်း။

ဖြေ။ အထက်အထက်ဖိုလ်ပုဂ္ဂိုလ်တို့သည် အကြွင်းမဲ့မပယ်အပ်သေးသော ကံကိလေသတို့ကို ချုပ်စေခြင်းဖြင့် ပုဂ္ဂိုလ်တပါး၏အဖြစ်သို့ကပ်ရောက်သည်ဖြစ်၍ အောက်အောက်ဖိုလ်များ ငြိမ်းပြီးဖြစ်သောကြောင့် မရနိုင်ပါ။

http://www.dhammadownload.com



(မှတ်ချက်)အထက်ပါ အမေး+အဖြေသုံးခုကို တစ်ပေါင်းတည်းပြု၍ အမေး+အဖြေပြုလုပ်ပုံ/

မေး။ လောကုတ္တရာဇောများသည် အရိယာပုဂ္ဂိုလ်အားသာ အဘယ်ကြောင့် ဖြစ်ရပါသနည်း။

ဖြေ။ မဂ်စိတ်လေးပါးတို့သည် စိတ္တက္ခဏတစ်ချက်စီသာ ဖြစ်ကြသည်၏ အဖြစ်ဖြင့် ပုဂ္ဂိုလ်တပါးတို့၌ မဖြစ်ကြသောကြောင့်၄င်း၊ အောက်အောက်ဖြစ်သော ဖိုလ်ပုဂ္ဂိုလ်တို့သည် အထက်အထက်ဖြစ်သော ဖလသမာပတ်ကို မရသေးသောကြောင့်၄င်း၊ အထက်အထက်ဖိုလ်ပုဂ္ဂိုလ်တို့သည်လည်း အကြွင်းမဲ့မပယ်အပ်သေးသော ကံကိလေသတို့ကို ချုပ်စေခြင်းဖြင့် ပုဂ္ဂိုလ်တပါးအဖြစ်သို့ ကပ်ရောက်သည်ဖြစ်၍ အောက်အောက်ဖိုလ်များ ငြိမ်းပြီးဖြစ်သောကြောင့်၄င်း၊ လောကုတ္တရာဇောများသည် အရိယာ ပုဂ္ဂိုလ်တို့အားသာ ဖြစ်ရပါသည်။

မေး။ ရဟန္တာပုဂ္ဂိုလ်ကို အဘယ်ကြောင့် အသေက္ခပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ သိက္ခာသုံးပါး၌ပြည့်ကျင့်ပြီးသည်၏အဖြစ်ကြောင့် အသေက္ခပုဂ္ဂိုလ်ဟုခေါ်ပါသည်။

## ဘူမိဝိဘာဂအဖွင့်

*****************

မေး။ ကာမဘုံ၌ အဘယ်ကြောင့် ဝီထိစိတ်အားလုံး ရနိုင်ပါသနည်း။

ဖြေ။ ကာမဘုံ၌ ဒွါရ(၆)ပါးလုံးနှင့်တကွ ပုဂ္ဂိုလ်အားလုံးတို့ ဖြစ်နိုင်သောကြောင့် ဝီထိစိတ်အားလုံး ရနိုင်ပါသည်။

http://www.dhammadownload.com



မေး။ ကာမာဝစရဘူမိယံ (ပ) ယထာရဟာမုပလဗ္ဘန္တိ–၌ ယထာရဟာ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကာမဘုံ၌ ဝီထိစိတ်အားလုံးရနိုင်သော်လည်း ထိုထိုဘုံအားလျော်စွာ+ပုဂ္ဂိုလ်အားလျော်စွာသာလျှင် ရနိုင်သည်ကို *ယထာရဟာ*ဟု ဆိုပါသည်။

မေး။ ရူပဘုံ၌ ရသောစိတ်တို့ကို ကေစိဝါဒ+သမာနဝါဒအရ ရှင်းပြပါ။

ဖြေ။ ရူပဘုံ၌ အနိဋ္ဌာရုံမရှိသောကြောင့် အကုသလဝိပါက်စက္ခုဝိညာဏ်, သောတဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏတို့ကို ပယ်နှုတ် ယုတ်လျော့စေ၍ စိတ်(၆၀)သာ ရပါသည်။(ဤကား ကေစိဝါဒအလိုဖြစ်ပါသည်)

ရူပဘုံ၌တည်လျက် ဤလူ့ဘုံကိုကြည့်ရှုသောဗြဟ္မာတို့အား အနိဋ္ဌာရုံ ဖြစ်နိုင်သောကြောင့် ဝီထိစိတ်(၆၄)ပါးပင် ရနိုင်ပါသည်။ (ဤကား သမာနဝါဒအလိုတည်း။)

မေး။ ယာဝတာယုကအရ အဘယ်မှ အဘယ်အထိ ယူရပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်မှနောက် ဘဝနိကန္တိက မနောဒွါရိကဝီထိစိတ်မှစ၍ စုတိတိုင်အောင်၄င်း၊ စုတိ၏ရှေ့ ဘဝင်တိုင်အောင်၄င်း ယူရပါသည်။

မေး။ ဣရိယာပထ ဆဒွါရိကစိတ္တပ္ပဝတ္တိ(ပ)မဗ္ဗောစ္ဆိန္နာပဝတ္တတိအရ ဝီထိစိတ်+ဘဝင်စိတ်လည်း မဖြစ်/သေလည်း မသေသေးဘဲ အသိဝိညာဏ်ဉိတ် မဖြစ်ရာအခါကို ရှိခဲ့လျှင် ထုတ်ပြပါ။

ဖြေ။ နိရောဓသမာပတ်ဝင်စားသောအခါ ဖြစ်ပါသည်။

ဝီထိသင်္ဂဟအဖွင့် အားလုံးပြီး၏

http://www.dhammadownload.com



# ဝီထိမုတ္တသင်္ဂဟအဖွင့်

မေး။ ပဝတ္တိသင်္ဂဟောနာမ၌ ပဝတ္တိအရကို ပိုင်းခြားပြပါ။

ဖြေ။ ပဋိသန္ဓေစိတ်၏နောက်အဖို့မှစ၍ စုတိစိတ်တိုင်အောင်သော ကာလကို ယူရပါသည်။

မေး။ သန္ဓိယံ ဒါနိ ဝုစ္စတိ၌ သန္ဓိယံအရ ယူသင့်သမျှကို အကြောင်းနှင့်တကွ ရေးခဲ့ပါ။

ဖြေ။ သန္ဓိယံအရ ပဋိသန္ဓေအခါကို၎င်း၊ ထိုပဋိသန္ဓေကာလနှင့် နီးသည်၏အဖြစ်ကြောင့် စုတိကာလကို၎င်း၊ ယူရပါသည်။

မေး။ အပါယဘူမိ၌ အပါယနှင့်ဘူမိတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

ဖြေ။ ကောင်းမှုဟုသမုတ်အပ်သော ချမ်းသာ(အယ)မှ များသောအားဖြင့် ကင်းသောကြောင့် အပါယ (အပါယ်) မည်ပါသည်။

သတ္တဝါတို့၏ဖြစ်ရာဖြစ်သောကြောင့် ဘူမိ(ဘုံ)ဟုခေါ်ပါသည်။

မေး။ ကာမသုဂတိဘူမိ ၌ သုဂတိ၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ များစွာသောသမ္ပတ္တိတို့၏တည်ရာဖြစ်၍ တင့်တယ်သောသူတို့သည် ကပ်ရောက်ထိုက်သော ဂတိဖြစ်သောကြောင့် သုဂတိမည်ပါသည်။

မေး။ အပါယ်လေးဘုံတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

ဖြေ။ (၁)ချမ်းသာသုခမှ ကင်းသောကြောင့် နိရယမည်ပါသည်။

(၂)ဖီလာကန့်လန့်အားဖြင့် သွားတတ်သောကြောင့် တိရစ္ဆာန်မည်၏။

http://www.dhammadownload.com



(၃)လွန်လွန်ကဲကဲ ချမ်းသာသုခမှ ကင်းသောကြောင့် ပြိတ္တာဟုခေါ် ၏။
(၄)အစိုးရခြင်း, မြူးတူးပျော်ပါးခြင်းစသည်တို့ဖြင့် နတ်တို့ကဲ့သို့ တောက်ပခြင်း မရှိသောကြောင့် အသုရာမည်ပါသည်။

မေး။ တိရစ္ဆာနယောနိအရ တိရိစ္ဆာန်ဘုံကို အရကောက်ပြပါ။
ဖြေ။ တိရစ္ဆာန်တို့၏ခန္ဓာကိုယ်ဖြစ်ခြင်း အထူးသည်ပင်လျှင် တိရစ္ဆာန်ဘုံမည်၏၊ (တနည်း)တိရစ္ဆာန်တို့၏အမြဲနေရာဖြစ်သော တော+တောင်ခြေ စသောအရပ်သည် တိရစ္ဆာန်ဘုံမည်၏။
(မှတ်ချက်) ပြိတ္တာဘုံအရလည်း မိမိ၏ခန္ဓာကိုယ်ကိုပင် ယူပါ။

မေး။ အသုရကာယော၌ အသုရအရကို ကောက်ပြပါ။
ဖြေ။ ပြိတ္တာအသုရာမှတစ်ပါးသော အသုရာတို့ကို တာဝတိံသာနတ်တို့၌ သွင်းယူအပ်သောကြောင့် အသုရအရ ပြိတ္တာအသုရာကိုသာ ယူရ၏။

မေး။ လူ ဟူသောဝေါဟာရ၏ အဓိပ္ပါယ်ကို ရေး၍၊ ၄င်းမနုဿအရ မုချ+ဥပစာအားဖြင့် ခွဲခြားကောက်ပြပါ။
ဖြေ။ အမှတ်ရခြင်းသတိ+ ရဲရင့်သည်၏အဖြစ် + မြတ်သောအကျင့်အား လျော်ကပတ်သည်၏အဖြစ်စသောဂုဏ်တို့ဖြင့် လွန်ကဲမြင့်မြတ်သော စိတ်ရှိသောကြောင့် * လူ *ဟုခေါ်ပါသည်။
(တနည်း) မနုမည်သော ကမ္ဘာဦးအစ သမ္မတမင်း၏ သားများဖြစ်သော ကြောင့် * လူ *ဟုခေါ်ပါသည်။
(မနုဿအရ)=ဇမ္ဗူဒိပ်ကျွန်းသူ,ကျွန်းသား လူအများတို့ကို မုချအားဖြင့် ရပါသည်။ ဥပစာအားဖြင့် ထိုဇမ္ဗူဒိပ်ကျွန်းသူ,ကျွန်းသား

http://www.dhammadownload.com



တို့နှင့် အဆင်း,သဏ္ဌာန်စသည်တူသည့်အတွက် ကြွင်းသောကျွန်းကြီး သုံးကျွန်းတို့၌ ခနေသောသူတို့ကိုငှင်း၊ ကျွန်းငယ်၌နေသောသူတို့ကိုငှင်း၊ ယူရပါသည်။

(တနည်း) မနုဿာ စာတုမဟာရာဇိကာ–၌ မနုဿအရ လူတို့နေရာဘုံ ကိုပင် ဤ၌ မနုဿအရ ယူရပါသည်။

မေး။ တာဝတိံ သာဟုဆိုသဖြင့် ၄င်းတာဝတိံ သာနတ်ပြည်၌ မဃလုလင် နှင့်တကွ နတ်သား(၃၃)ယောက်သာ ရှိသည်ဟု မှတ်သားရပါသလော၊ ရှင်းပြပါ။

ဖြေ။ သဟာဿံ စာတုမဟာရာဇိကာနံ၊ သဟာဿံ တာဝတိံသာနံ ဟုဟော တော်မူသောကြောင့် ကြွင်းသောစကြာဝဠာတို့၌လည်း ကာမာဝစရ နတ်ပြည်(၆)ထပ်ရှိသောကြောင့် နတ်သား(၃၃)ယောက်သာရှိသည်ဟု မမှတ်သင့်ပါ၊ နတ်သားများစွာရှိပါသည်။

မေး။ အဘယ်ကြောင့် ဗြဟ္မာဟု ခေါ်ပါသနည်း။

ဖြေ။ ထိုထိုဈာန်စသောဂုဏ်ထူးတို့ဖြင့် ထက်ဝန်းကျင်ကြီးပွါးသော ကြောင့် ဗြဟ္မာဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် မဟာဗြဟ္မာဟု ခေါ်ပါသနည်း။

ဖြေ။ အဆင်းလှခြင်း၊ အသက်ရှည်ခြင်းစသည်တို့ဖြင့် ဗြဟ္မပါရိသဇ္ဇာ စ သော ဗြဟ္မာတို့ထက် ကြီးမြတ်သောကြောင့် * မဟာဗြဟ္မာ* ဟုခေါ် ပါသည်။

မေး။ ဗြဟ္မပါရိသဇ္ဇာ,ဗြဟ္မပုရောဟိတာကို၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ မဟာမြဟ္မာတို့၏ အလုပ်အကျွေးပရိသတ်ဖြစ်သောကြောင့် * ဗြဟ္မပါရိသဇ္ဇာဗြဟ္မာ*ဟုခေါ်ပါသည်။

မဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ တည်သောကြောင့် * ဗြဟ္မပုရောဟိတာဗြဟ္မာ* ဟုခေါ်ပါသည်။

မေး။ ပထမစျာန်သုံးဘုံဗြဟ္မာတို့သည် အထက်အောက်တည်ရှိကြပါ သလော ရှင်းပြပါ။

ဖြေ။ ပထမစျာန်သုံးဘုံဗြဟ္မာများသည် အထက်အောက် မတည်ကြဘဲ မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသော ဘုံအပြင်၌ တည်ရှိကြပါသည်။

မေး။ အဘယ်ကြောင့် အာဘဿရာဗြဟ္မာဟု ခေါ်ပါသနည်း။

ဖြေ။ တိမ်တိုက်မှ လျှပ်စစ်များထွက်သကဲ့သို့ သပ္ပီတိကစျာန်ကြောင့် ဖြစ်သော ခန္ဓာအစဉ်ရှိသည့်အတွက် ခန္ဓာကိုယ်အရပ်ရပ်မှ အရောင်များ ထွက် နေသောကြောင့် အာဘဿရာဗြဟ္မာဟု ခေါ်ပါသည်။

(တနည်း) ဆီမီးတိုင်မှ မီးလျှံများ ပြတ်၍ပြတ်၍ ကျသကဲ့သို့ ခန္ဓာကိုယ်မှ အရောင်များ ပြတ်၍ပြတ်၍ကျသောကြောင့် အာဘဿရာဗြဟ္မာဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် အသညသတ်သတ္တဝါဟု ခေါ်ပါသနည်း။

ဖြေ။ သညာဝိရာဂဘာဝနာကြောင့်ဖြစ်သော ရုပ်အစဉ်မျှသာ ရှိသည်၏ အဖြစ်ဖြင့် သညာနှင့်တကွ ထိုသညာကိုအဦးပြုသော နာမ်ခန္ဓာအားလုံး မရှိသောကြောင့် အသညသတ်သတ္တဝါဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ အဘယ်ကြောင့် သုဒ္ဓါဝါသဟု ခေါ်ပါသနည်း။
ဖြေ။ စင်ကြယ်သော အနာဂါမ်+ရဟန္တာတို့၏ နေရာဖြစ်သောကြောင့် သုဒ္ဓါဝါသဟုခေါ်ပါသည်။(တနည်း)ချစ်ခြင်း,မုန်းခြင်းမရှိသည့်အတွက် စင်ကြယ်သောနေရာရှိသောကြောင့် သုဒ္ဓါဝါသဟု ခေါ်ပါသည်။

မေး။ အာကာသာနဉ္စာယတနဘူမိ အရကို ရေးခဲ့ပါ။
ဖြေ။ ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်အာရုံ၌ ဖြစ်သော ပထမအရူပဝိပါက်နာမက္ခန္ဓာလေးပါကို ရပါသည်။ (တနည်း)ထိုပထမ အရူပဝိပါက်နာမက္ခန္ဓာလေးပါးတို့ဖြင့် ပိုင်းခြားအပ်သောအရပ်ကို ရ ပါသည်။

## ပဋိသန္ဓိစတုက္ကအဖွင့်

*******************

မေး။ ဇစ္စန္ဓာဒိနံ ၌ ဇစ္စန္ဓပုဂ္ဂိုလ်ဟူသည် အဘယ်ပါနည်း၊ အာဒိအရ နှင့်တကွ ရေးခဲ့ပါ။
ဖြေ။ စက္ခုပသာဒဖြစ်ထိုက်သောကာလ၌ တစ်စုံတစ်ခုသော အကုသိုလ် ကံကြောင့်၄င်း၊ အခြားသောကံတစ်မျိုးမျိုးကြောင့်၄င်း၊ စက္ခုပသာဒချို့ ယွင်းသော မဖြစ်သော ပုဂ္ဂိုလ်ကို ဇစ္စန္ဓပုဂ္ဂိုလ်ဟု ခေါ်ပါသည်။
(အပရေဆရာတို့သည်ကား) မိခင်ဝမ်းတွင်း၌ပင်လျှင် စက္ခုပသာဒချို့ ယွင်းလျက် မွေးလာသောသူကို ဇစ္စန္ဓပုဂ္ဂိုလ်ဟု ခေါ်ပါသည်။
ဇစ္စန္ဓာဒိနံ-၌ အာဒိအရ=ပဋိသန္ဓေအားဖြင့် နားထိုင်းသောသူ၊ အ, သောသူ၊ ဆွံ့သောသူ၊ ရူးသွပ်သောသူ၊ ပဏ္ဍုပ်၊ နပုံး၊ ဉဘတောဗျည်း၊ မမွစသောပုဂ္ဂိုလ်တို့ကို ယူရပါသည်။

http://www.dhammadownload.com



<u>အပရေဆရာဝါဒအရ=</u> ဤမြေမျိုးယွင်းသော်လည်း အနည်းငယ် ရှုးစမ်းဆင်ခြင်တတ်သော သဘောရှိသော အဟိတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့ကိုလည်း အာဒိအရ ယူရမည်ဟုဆိုလိုပါသည်။

မေး။ အဘယ်ကြောင့် ဝိနိပါတိကအသုရာဟု ခေါ်ပါသနည်း။
ဖြေ။ ချမ်းသာအပေါင်းမှ ပေါက်ပြန်ပျက်စီး၍ ကျတတ်သောကြောင့် ဝိနိပါတိကအသူရာဟုခေါ်ပါသည်။

မေး။ အပါယ်လေးဘုံသား+ လူ+ ဝိနိပါတိကအသူရာတို့အား အဘယ်ကြောင့် အသက်အပိုင်းအခြား မမြဲပါသနည်း။
ဖြေ။ အချို့မှာ အသက်ရှည်၍၊ အချို့မှာ အလွန့်အလွန် အသက်ရှည်ကြသောကြောင့် အသက်အပိုင်းအခြား အမြဲမရှိပါ။

မေး။ အပါယ်ဘုံသားစသည်တို့သည် အဘယ်ကြောင့် အချို့မှာ အသက်ရှည်၍၊ အချို့မှာ အလွန့်အလွန်အသက်ရှည်ကြပါသနည်း။
ဖြေ။ အပါယ်ဘုံသားစသည်တို့အား အသက်တိုမှု + အသက်ရှည်မှုသည် ကံသာလျှင် ပဓာနဖြစ်သောကြောင့် အချို့မှာ အသက်ရှည်၍၊ အချို့မှာ အလွန့်အလွန်အသက်ရှည်ကြပါသည်။

မေး။ ယော စိရံ ဇီဝတိ၊ သော ဝဿသတံ ဇီဝတိ အပ္ပံဝါ ဘိယျော ၊ ဒုတိယံ ဝဿသတံ န ပါပုဏာတိ–ဟု ဟောတော်မူသောကြောင့် လူတို့၏ အသက်တမ်း မြဲသည်ဟု မှတ်ရပါမည်လော။
ဖြေ။ ၄င်းပါဠိတော်သည် အသက်တန်းမြဲသည်ကို ရည်ရွယ်၍ဆိုသည်

http://www.dhammadownload.com



မဟုတ်၊ ယခုကာလ အသက်ရာတမ်းရှိသော လူတို့ကိုသာ ရည်ရွယ်၍ ဆိုခြင်းဖြစ်သောကြောင့် လူများအသက်တမ်း မမြဲကြပါ။

မေး။ တတော စတုဂ္ဂုဏံ တာဝတိံ သာနံ ၌ စတုဂ္ဂုဏဖြစ်ပုံကို ရေးခဲ့ပါ။

ဖြေ။ လူတို့၏ အနှစ်ငါးဆယ်ဖြင့် နှိုင်းယှဉ်အပ်သော စတုမဟာရာဇ်နတ်တို့၏ တစ်နေ့ကို နှစ်ဆတက်၍၄င်း၊ စတုမဟာရာဇ်နတ်တို့၏ နတ်သက် အနှစ်ငါးရာကို နှစ်ဆတက်၍၄င်း၊ တာဝတိံသာနတ်သက်ဖြစ်သောကြောင့် နေ့နှစ်ဆ+ နှစ် နှစ်ဆ တက်သောအားဖြင့် လေးဆတက်သည်ကို * စတုဂ္ဂုဏံ *ဟုဆိုပါသည်။

မေး။ ပထမဈာန်သုံးဘုံ၏ပဋိသန္ဓေသည် ပထမဈာန်ဝိပါက်ဖြစ်သကဲ့သို့ ဒုတိယဈာန်သုံးဘုံ၏ ပဋိသန္ဓေသည်လည်း ဒုတိယဈာန်ဝိပါက်သာဖြစ်သင့်ပါလျက် တတိယဈာန်ဝိပါက်ကိုပါ ထည့်ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ စတုက္ကနည်း၏အစွမ်းအားဖြင့် တတိယဈာန်ဝိပါက်သည်လည်း ဒုတိယဈာန်သုံးဘုံ၏ ပဋိသန္ဓေပင် ဖြစ်သောကြောင့် ထည့်ဆိုရပါသည်

မေး။ ကပ္ပဿ တတိယော ဘာဂေါ ၌ ကပ္ပအရ ယူသင့်သော ကပ်ကို အကြောင်း နှင့်တကွ ရေးခဲ့ပါ။

ဖြေ။ ပထမဈာန်သုံးဘုံ၌ရှိသော ဗြဟ္မာတို့သည် မဟာကပ်၏အစွမ်းအားဖြင့် အသက်မရှည်ကြ၊ မဟာကပ်တစ်ခုအတွင်း၌သာလျှင် ပျက်စီးကြသောကြောင့် အသင်္ချေယျကပ်ကိုသာ ယူရပါသည်။

+++++++++++++

မေး။ ဩကာသလောကပျက်စီးပုံကို ရေးခဲ့ပါ။

ဖြေ။ ဩကာသလောကသည် မီးကြောင့်(၇)ကြိမ် ပျက်ပြီးနောက်၊ (၈)ကြိမ်မြောက်၌ ရေကြောင့်ပျက်၏၊ တစ်ဖန် မီးကြောင့်(၇)ကြိမ် ပျက်ပြီးလျှင် (၈)ကြိမ်မြောက်၌ ရေကြောင့်ပျက်ပြန်၏၊ ဤသို့ ရှစ်ကြိမ်ရှစ်လီ ပျက်ပြီးသည်၏အဆုံး၌ (ဝါ)၆၄ကြိမ်ပျက်ပြီးသည်၏ အဆုံး၌ လေကြောင့်တစ်ကြိမ်ပျက်၏။

မေး။ ဩကာသလောကပျက်စီးရာ၌ ဘုံအားဖြင့် ပိုင်းခြားပြပါ။

ဖြေ။ မီးကြောင့် ပထမဈာန်သုံးဘုံတိုင်အောင် ပျက်၏။
ရေကြောင့် ဒုတိယဈာန်+တတိယဈာန်ဘုံတို့တိုင်အောင် ပျက်၏၊
လေကြောင့် စတုတ္ထဈာန်ဘုံတိုင်အောင် ပျက်၏။

မေး။ ပရိတ္တာဘာနံ ဒွေ ကပ္ပါနိ စသည်၌ ကပ္ပအရကိုရေးပါ။

ဖြေ။ ကပ္ပအရ မဟာကပ်ကို ယူရပါသည်။

မေး။ အသင်္ချေယျကပ်၏ ပမာဏကိုရေးခဲ့ပါ။

ဖြေ။ အလျားတစ်ယူဇနာ+အနံတစ်ယူဇနာရှိသော မုန်ညှင်းစေ့ပုံအတွင်းမှ အနှစ်တစ်ရာ+အနှစ်တစ်ရာလွန်သောအခါ မုန်ညှင်းစေ့ တစ်ခုတစ်ခုကို ဖယ်ထုတ်ခြင်းဖြင့် ၎င်းမုန်ညှင်းစေ့များ ကုန်ခမ်းသော်လည်း ကုန်ခမ်းခြင်းသဘောမရှိသော မဟာကပ်၏ လေးပုံတစ်ပုံသည် အသင်္ချေယျကပ်၏ ပမာဏဖြစ်ပါသည်။

(တနည်း) အန္တရကပ် (၆၄)ကပ် ပမာဏရှိပါသည်။

(တနည်း)အန္တရကပ် (၂၀)ပမာဏရှိပါသည်။

http://www.dhammadownload.com



မေး။ အန္တရကပ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။
ဖြေ။ ကပ်သုံးပါးတို့တွင် တပါးပါးသောကပ်ကြောင့် သတ္တဝါများ ပျက်စီးကုန်သော် ကြွင်းကျန်သောသတ္တဝါတို့၏ ကုသိုလ်ကံအာနုဘော်ကြောင့် (၁၀)နှစ်တမ်းမှစ၍ အသင်္ချေယျတမ်းတိုင်အောင် အသက်ရှည်ပြီးလျှင် တစ်ဖန် မသူတော်တရားကို ကျင့်သုံးခြင်းဖြင့် အသက်တမ်းဆုတ်ယုတ်ပြီး သတ္တဝါများအသက် (၁၀)နှစ်တမ်းသို့ ရောက်သော် ကပ်သုံးပါးတို့တွင် တပါးပါးဖြင့် သတ္တဝါများပျက်စီးခြင်းဟူသော တက်ကပ်+ဆုတ်ကပ် အပိုင်းအခြားတစ်စုံသည် အန္တရကပ်မည်၏။

မေး။ ပဋိသန္ဓိဘဝင်္ဂစုတိသဃဍ္ဍခေကဓာတိယံ၌ တေမေဝအရ အဘယ်အရာအားဖြင့် တူကြပါသနည်း။
ဖြေ။ ဘုံအားဖြင့်၄င်း၊ ဇာတ်အားဖြင့်၄င်း၊ သမ္ပယုတ္တဓမ္မအားဖြင့်၄င်း၊ သင်္ခါရအားဖြင့်၄င်း တူကြပါသည်။

## ပဋိသန္ဓိစတုက္ကအဖွင့်ပြီး၏

## ကမ္မစတုက္ကအဖွင့်

******************

မေး။ ဇနကစသောကံလေးပါးတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးပါ။
ဖြေ။ ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ဖြစ်စေတတ်သော ကုသိုလ်ကံ,အကုသိုလ်ကံစေတနာသည် *ဇနကကံ* မည်၏၊
မိမိကိုယ်တိုင် အကျိုးကိုမဖြစ်စေနိုင်သော်လည်း တစ်ပါးသောဇနကကံ

http://www.dhammadownload.com



၏ အကျိုးကို ကြာမြင့်စွာဖြစ်စေခြင်း၌ အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာသည်၎င်း၊ သုခ,ဒုက္ခဖြစ်သောအကျိုးတရား၏ တိုးပွါးကြောင်းဖြစ်သော ကြာမြင့်စွာဖြစ်ကြောင်း ကုသိုလ်,အကုသိုလ်စေတနာသည်၎င်း၊ *ဥပထမ္ဘကကံ* မည်၏။

တပါးသောဇနကကံသည် ဖြစ်စေအပ်သော ကောင်းကျိုး+မကောင်းကျိုးကို ကြာမြင့်စွာမတည်နိုင်အောင် တားမြစ်တတ်သော ကုသိုလ်+အကုသိုလ်စေတနာတစ်မျိုးမျိုးသည် *ဥပပီဠကကံ* မည်၏။

အားနည်းသောဇနကကံ၏ အစွမ်းသတ္တိကို ဖြတ်တောက်တားမြစ်၍ မိမိအကျိုးကို ဖြစ်စေတတ်သောကံသည် *ဥပဃာတကကံ *မည်၏။

မေး။ ဇနကကံနှင့် ဥပဃာတကကံတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဇနကကံသည် ကံတပါး၏အကျိုးကိုမဖြတ်မူ၍ အကျိုးကိုဖြစ်စေ၏၊ ဥပဃာတကကံသည် ကံတပါး၏ အကျိုးကိုဖြတ်၍ မိမိအကျိုးကို ဖြစ်စေ၏။ (တနည်း)ဥပဃာတကကံသည် တပါးသောကံ၏အကျိုးကို လုံးဝဖြတ်တောက်၍ မိမိကိုယ်တိုင် အကျိုးမပေးဘဲ အခြားတပါးသောကံကို အကျိုးပေးခွင့်ပြုပါသည်။ (ဤကား အပရေဂူါဒဖြစ်ပါသည်)

မေး။ ဂရုကံစသော ကံလေးပါးတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

ဖြေ။ (၁)အခြားသောကံတပါးသည် တားမြစ်ခြင်းငှါ မစွမ်းနိုင်သော အပြစ်လည်း ကြီး၍၊အာနုဘော်လည်းကြီးသောကံသည် ဂရုကံမည်၏။

(၂)သေခါနီးကာလ၌ အောက်မေ့အပ် ပြုအပ်သောကံသည် အာသန္နကံမည်၏။

(၃)အမြဲမပြတ်ပြုအပ်သောကံနှင့် တကြိမ်တည်းသာပြုအပ်သော်လည်း ကောင်းစွာမှီဝဲအပ်သောကံသည် *အာစိဏ္ဏကံ * မည်၏။

http://www.dhammadownload.com



(၄)ဂရုကံစသော ကံသုံးပါးအဖြစ်သို့မရောက်ဘဲ ပြုအပ်ကာမျှသာ ဖြစ်၍ ကံဆိုထိုက်ရုံမျှသာဖြစ်သောကံသည် *ကဋတ္တာကံ* မည်၏။

မေး။ ဂရုကံအရ ကုသိုလ် အကုသိုလ်အားဖြင့် ခွဲခြားပြပါ။

ဖြေ။ မာတုဃာတကစသောကံသည် အကုသိုလ်ဂရုကံမည်၏၊ မဟဂ္ဂုတ်ကံသည် ကုသိုလ်ဂရုကံမည်၏။

မေး။ ဂရုကံစသော ကံလေးပါးတို့၏ အကျိုးပေးပုံအစဉ်ကို ရေးပါ။

ဖြေ။ (၁)အနည်းငယ်သောရေအလျှင်ကို ကြီးစွာသောရေအလျှင်သည် လွှမ်းမိုး၍ သွားဘိသကဲ့သို့ အာသန္နကံရှိသော်လည်း ဂရုကံသာလျှင် ရှေးဦးစွာအကျိုးပေးပါသည်။

(၂)ဂရုကံမရှိလျှင် အာသန္နကံသည် ရှေးဦးစွာ အကျိုးပေးပါသည်။

(၃)အာသန္နကံမရှိလျှင် အာစိဏ္ဏကံသည် ရှေးဦးစွာ အကျိုးပေးပါသည်။

(၄)အာသေဝနပစ္စည်းကိုရသောကဋတ္တာကံသည် ရှေးကံသုံးပါးမရှိသောကြောင့် ပဋိသန္ဓေကျိုးကို ပေးပါသည်။

မေး။ အာသန္နကံနှင့် အာစိဏ္ဏကံနှစ်မျိုးတို့တွင် အဘယ်ကံသည် ရှေးဦးစွာ အကျိုးပေးပါသနည်း၊ ဥပမာဖြင့် ရေးခဲ့ပါ။

ဖြေ။ အာစိဏ္ဏကံသည် ရှေးဦးစွာ အကျိုးပေးပါသည်။

သို့သော်

နွားအပေါင်းဖြင့်ပြည့်သော နွားခြံ ဝ၌ အိပ်ရသော အားနည်းသော နွားအိုကြီးသည် နွားခြံ ကိုဖွင့်လျှင် ခြံတံခါးဝနှင့်နီးသည်ဖြစ်၍ အားကောင်းသော နွားပျိုတို့၏ရှေးဦးစွာ ထွက်နိုင်သကဲ့သို့ သေခါနီးကာလ

F7A

http://www.dhammadownload.com



နှင့် နီးသည်၏အဖြစ်ကြောင့် အာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေးပါသည်။

မေး။ ဒိဋ္ဌဓမ္မဝေဒနီယံ၌ ဒိဋ္ဌဓမ္မနှင့်ဒိဋ္ဌဓမ္မဝေဒနီယအရကို ခွဲခြား၍ ကောက် ပြပါ။

ဖြေ။ ဒိဋ္ဌဓမ္မအရ ပစ္စုပ္ပန်အတ္တဘောကို ယူရပါသည်။
ဒိဋ္ဌဓမ္မဝေဒနီယအရ ပစ္စုပ္ပန်အတ္တဘော၌ ခံစားအပ်သောကံကို ယူရပါသည်။

မေး။ ဒိဋ္ဌဓမ္မစသောကံသုံးပါးကို ဘဝအားဖြင့်၄င်း၊ ဇောအားဖြင့်၄င်း၊ ပိုင်းခြားပြပါ။

ဖြေ။ ပစ္စက္ခအတ္တဘော၌ အကျိုးပေးသောကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။
ဒုတိယဘဝ၌ အကျိုးပေးသောကံသည် ဥပပဇ္ဇဝေဒနီယကံမည်၏။
တတိယဘဝမှစ၍ အကျိုးပေးသောကံသည် အပရာပရိယဝေဒနီယကံ မည်၏။
ဇောဖြင့်ပိုင်းခြားပုံ– ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။ သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏။ အလယ်ဇော(၅)ချက်သည် အပရာပရိယဝေဒနီယကံမည်၏။

မေး။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် အဘယ်ကြောင့် ပစ္စုပ္ပန်အတ္တဘော၌ အကျိုး ပေးလေ့ရှိပါသနည်း။

ဖြေ။ ဆန့်ကျင်ဘက်အကြောင်းတရားတို့သည် မနှိပ်စက်အပ်သည်၏

http://www.dhammadownload.com



အဖြစ်ကြောင့်၄င်း၊ အကြောင်းထူးဖြင့်ရအပ်သောအကျိုးထူးရှိသည်၏အဖြစ်ကြောင့်၄င်း၊ အားကြီးသည့်အတွက် ပစ္စုပ္ပန်အတ္တဘော၌သာလျှင် အကျိုးပေးလေ့ရှိပါသည်။

၄င်းဒိဋ္ဌဓမ္မဝေဒနီယကံသည် ဤပစ္စုပ္ပန်အတ္တဘော၌သာလျှင် အဟိတ်ပဝတ္တိကျိုးကို ပေးပါသည်။

ဥပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေအကျိုးပေးပြီးမှသာ ပဝတ္တိအကျိုးကို ပေး၏၊ ပဋိသန္ဓေအကျိုးမပေးဘဲ ပဝတ္တိအကျိုးကိုမပေးနိုင်၊ ပဋိသန္ဓေအကျိုးပေးပြီးပါက ဘဝအရာ+အထောင်၌သော်လည်း ပဝတ္တိအကျိုးကို ပေး၏။

မေး။ အဟောသိကံအရကို သိသာထင်ရှားအောင် ရေးပါ။

ဖြေ။ ပစ္စုပ္ပန်အတ္တဘော၌ အကျိုးပေးခွင့်မရဘဲ အကျိုးပေးရာကာလကို လွန်သွားသော ပထမဇောစေတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် ၄င်း၊ ဒုတိယဘဝ၌ အကျိုးပေးခွင့်မရဘဲ အကျိုးပေးရာကာလကို လွန်သွားသော သတ္တမဇောစေတနာဟူသော ဥပပဇ္ဇဝေဒနီယကံသည်၄င်း၊ သံသရာစက်ပြတ်ပြီးသည်ဖြစ်၍ အကျိုးပေးခွင့် မရနိုင်တော့သော အလယ်ဇော(၅)ချက်ဟူသော အပရာပရိယဝေဒနီယကံသည်၄င်း၊ အဟောသိကံမည်ပါသည်။

မေး။ ပါကကာလဝသေန၌ ပါကကာလမည်ပုံကို ရေးပါ။

ဖြေ။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ၏အစွမ်းအားဖြင့်၄င်း၊ ဥပပဇ္ဇဝေဒနီယကံသည် အခြားမဲ့ဖြစ်သော ဒုတိယဘဝဟူသောကာလ၏အစွမ်းအားဖြင့်၄င်း၊ အပရာပရိယ ဝေဒနီယကံသည် တတိယဘဝမှစ၍ အမှတ်မရှိသောကာလ၏အစွမ်းအားဖြင့်၄င်း၊ အဟောသိကံသည်

http://www.dhammadownload.com



အကျိုးပေးရာကာလမရှိခြင်း၏အစွမ်းအားဖြင့်၄င်း၊ ပါကကာလ မည်ပါသည်။

မေး။ အကျိုးပေးရာကာလမရှိသော အဟောသိကံ၏ ပါကကာလမည် ထိုက်ပုံကို ရေးခဲ့ပါ။
ဖြေ။ ပိုင်းခြားအပ်သောအကျိုးပေးရာကာလကို လွန်ခြင်းကြောင့်သာ လျှင် ပါကကာလဟူသောအမည်ကို ရထိုက်ပါသည်။

မေး။ ပါကဋ္ဌာနဝသေန-၌ အဘယ်ကို ပါကဋ္ဌာနဟုခေါ်ပါသနည်း။
ဖြေ။ ပဋိသန္ဓေကျိုးပေးရာဘုံကို ပါကဋ္ဌာနဟုခေါ်ပါသည်။

မေး။ ပါထာတိပါတော-၌ အဓိပ္ပါယ်နှင့်တကွ ပါထအရ, ပါထာတိပါတ အရတို့ကို ရေးခဲ့ပါ။
ဖြေ။ ဗိဝိတိန္ဒြေကို ဖြေးဖြေးကျခွင့်မပေးဘဲ လျင်မြန်စွာကျစေခြင်း+ချ ခြင်းကို ပါထာတိပါတဟု ခေါ်ပါသည်။
<u>ပါထအရ</u>-ပညတ်အားဖြင့် သတ္တဝါကိုရ၏၊ ပရမတ္ထအားဖြင့် ဇီဝိတိ န္ဒြေကို ရပါသည်။
<u>ပါထာတိပါတအရ</u>-သတ္တဝါဟုသိလျက် ဇီဝိတိန္ဒြေကို ဖြတ်ကြောင်း ပယောဂကို ဖြစ်စေတတ်သော ဝဓကစေတနာကို ရပါသည်။

မေး။ အဒိန္နာဒါန-၌ အဒိန္နအရနှင့် အဒိန္နာဒါနအရကို ရေးခဲ့ပါ။
ဖြေ။ အဒိန္နအရ-ကိုယ်နှုတ်နှစ်ပါးဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ရပါသည်။
အဒိန္နာဒါနအရ- သူတစ်ပါးဥစ္စာမှန်းသိလျက် ထိုဥစ္စာကိုယူကြောင်း

http://www.dhammadownload.com



ပယောဂကိုဖြစ်စေတတ်သော ထေယျစေတနာကို ရပါသည်။

မေး။ သုရာမေရယ်ကို ဒုစရိုက်(၁၀)ပါးတို့တွင် အဘယ်၌ သွင်းယူအပ်ပါသနည်း၊ အကြောင်းနှင့်တကွ ရေးပါ။

ဖြေ။ ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားသောအကျင့် ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရ၌ပင် သွင်းယူရပါသည်။

မေး။ ကာယဝိညတ်၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ မိမိ၏ လှုပ်အပ်သောကိုယ်ဖြင့် အလိုဆန္ဒကို သူတပါးအား သိစေတတ်သောကြောင့်၎င်း၊ သူတပါး၏ လှုပ်သောကိုယ်ဖြင့် မိမိကိုယ်တိုင် သိအပ်သောကြောင့်၎င်း၊ ကာယဝိညတ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် ကာယဒွါရဟု ခေါ်ပါသနည်း။

ဖြေ။ လှုပ်ရှားသောကိုယ်(စောပနကာယ)ဖြစ်သောကြောင့်၎င်း၊ ကာယကံတို့၏ဖြစ်ကြောင်းဖြစ်သောကြောင့်၎င်း၊ ကာယဒွါရဟု ခေါ်ပါသည်။

မေး။ စိတ်သည်သာ ဝိညတ်ကိုဖြစ်စေပါလျက် အဘယ်ကြောင့် ဝိညတ်ကိုသာ ကံ၏ အကြောင်းတရားဟု ဆိုရပါသနည်း။

ဖြေ။ ဝိညတ်သည် ကာယကံစသောခေါ်ဝေါ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိညတ်ကို ကံ၏အကြောင်းတရားဟု ဆိုရပါသည်။

မေး။ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော၌ဗာဟုလ္လသဒ္ဒါမထည့်ခြင်းကြောင့်

http://www.dhammadownload.com



ရနိုင်သောအပြစ်နှင့် ထည့်ဆိုခြင်းဖြင့် ရနိုင်သောအကျိုးတို့ကို ရေးခဲ့ပါ။

ဖြေ။ ဗာဟုလ္လသဒ္ဒါမထည့်ဆိုခြင်းဖြင့် ဒ္ဒါရဖြင့် ကံကိုမမှတ်သားနိုင်ခြင်း၊ ကံဖြင့် ဒ္ဒါရကို မမှတ်သားနိုင်ခြင်း ဟူသောအပြစ်ကိုရနိုင်ပါသည်။

ဗာဟုလ္လသဒ္ဒါထည့်ဆိုခြင်းကြောင့် ကာယကံ၏ ကာယဒ္ဒါရ၌ အဖြစ်များသောကြောင့်သာ ကာယကံမည်၍၊ ဝစီဒွါရ၌ အနည်းငယ်ဖြစ်သေးသည်ဟု ပြရခြင်းအကျိုးရှိပါသည်။

မေး။ မုသာဝါဒေါ၌ မုသာအရနှင့်မုသာဝါဒအရတို့ကို ခွဲခြားပြ၍၊ မုသားစကားပြောဆိုတိုင်း ကမ္မပထမြောက်/ မမြောက် ရေးခဲ့ပါ။

ဖြေ။ မုသာအရ မဟုတ်မမှန်သော ဝတ္ထုကိုရပါသည်။

မုသာဝါဒအရ–မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သိစေလိုသူ၏ ဝိညတ်ကိုဖြစ်စေတတ်သော စေတနာကို ရပါသည်။

(ကမ္မပထ)ထိုမုသာဝါဒသည် သူတပါး၏အကျိုးစီးပွါး ပျက်စီးမှသာ ကမ္မပထမြောက်ပါသည်၊ သူတပါး၏အကျိုးစီးပွါး မပျက်လျှင် ကမ္မပထမမြောက်ပါ။

မေး။ ပိသုဏဝါစာ၌ ပိသုဏ၏သဘောအဓိပ္ပါယ်နှင့် ကမ္မပထမြောက်/ မမြောက်သော ပိသုဏဝါစာကို ခွဲခြားပြပါ။

ဖြေ။ ညီညွတ်မှုကို ကြိတ်ချေဖျက်ဆီးတတ်သောစကားသည် ပိသုဏမည်ပါသည်၊ (တနည်း)ချစ်ခြင်းကို ဆိတ်သုံးအောင် ပြုတတ်သောစကားသည် ပိသုဏမည်ပါသည်။

(ကမ္မပထ)ညီညွတ်နေသူ,ရင်းနှီးနေသူနှစ်ဦးတို့ ပိသုဏဝါစာကြောင့် ကွဲပြားမှသာလျှင် ကမ္မပထမြောက်၏၊ မကွဲပြားလျှင် မမြောက်ပါ။

http://www.dhammadownload.com



မေး။ ပိသုဏဝါစာပြောသူ၏ ရည်ရွယ်ချက်များကို ထုတ်ပြပါ။

ဖြေ။ (၁)သူနှစ်ယောက်တို့၏ ညီညွတ်မှုကို ကွဲပြားစေလိုခြင်း၊ (၂)မိမိကို ချစ်စေလိုခြင်းအားဖြင့် နှစ်မျိုးရှိပါသည်။

မေး။ ဖရုသဝါစာ၌ ဖရုသ၏အဓိပ္ပါယ်နှင့်တကွ ဖရုသဝါစာဖြစ်နိုင်သော စကားမျိုးကို ရေးပါ။

ဖြေ။ မိမိသူတပါး နှစ်ဦးသားကို ကြမ်းတမ်းအောင်ပြုတတ်သော စကားသည် ဖရုသမည်ပါသည်။ (တနည်း) လွှသွားကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသောစကားသည် ဖရုသမည်ပါသည်။

**(ဖရုသဝါစာဖြစ်/မဖြစ်)**– ကျင်နာခံခက်သောအနာကို ထိခိုက်သကဲ့သို့ နာကျင်ထိခိုက်နိုင်လောက်သော အမှန်တကယ်ကြမ်းတမ်းသော စကားမျိုးသည်သာလျှင် ဖရုသဝါစာဖြစ်ပါသည်။ ကြမ်းတမ်းသော်လည်း စိတ်ထားနူးညံ့သော စေတနာဖြင့် ပြောဆိုခဲ့လျှင် ဖရုသဝါစာမဖြစ်ပါ။

မေး။ သမ္ဖပ္ပလာပေါ၌ သမ္ဖ၏အဓိပ္ပါယ်နှင့်အရကိုရေး၍၊ကမ္မပထမြောက်သော သမ္ဖပ္ပလာပကိုလည်း ရေးပါ။

ဖြေ။ စီးပွါးချမ်းသာကို ပျက်စီးစေတတ်သောစကားသည် သမ္ဖမည်၏၊ ၎င်း သမ္ဖအရ မိမိ+သူတပါးနှစ်ဦးသားတို့အား အကျိုးမရှိသောစကားကို ရ၏။

မိမိ,သူတစ်ပါးနှစ်ဦးသားအတွက် အကျိုးမရှိသောစကားကို နားထောင်သောသူတို့က အမှန်အားဖြင့် ယုံယုံကြည်ကြည် ယူမှသာလျှင် ကမ္မပထမြောက်ပါသည်။

***************

http://www.dhammadownload.com



မေး။ အဘိဇ္ဈာ၏အခိပ္ပါယ်နှင့် ကမ္မပထမြောက်သော အဘိဇ္ဈာကို ရေးပါ။
ဖြေ။ သူတပါး၏ သမ္ပတ္တိကို လောဘ၏အစွမ်းဖြင့် ရှေးရှုကြံ စည်ခြင်းကို အဘိဇ္ဈာဟု ခေါ်ပါသည်။ သူတပါး၏ စီးစိမ်ကို မိမိဥစ္စာဖြစ်လျှင် ကောင်းလေစွဟု မိမိသို့ညွှတ်စေသော အဘိဇ္ဈာသည်သာလျှင် ကမ္မပထ မြောက်ပါသည်။

မေး။ ဗျာပါဒ၏ အခိပ္ပါယ်နှင့် ကမ္မပထမြောက်သော ဗျာပါဒကိုရေးပါ။
ဖြေ။ စီးပွါးချမ်းသာပျက်စီးခြင်းသို့ ရောက်ကြောင်းဖြစ်သော ဒေါသသည် ဗျာပါဒမည်ပါသည်။ ။*ဤသူ ပျက်စီးသွားလျှင် ကောင်းလေစွ* ဟု ပျက်စီးစေလိုသော ဒေါသဗျာပါဒသည်သာ ကမ္မပထမြောက် ပါသည်။

မေး။ မိစ္ဆာဒိဋ္ဌိအရ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိကို ရေးခဲ့ပါ။
ဖြေ။ နတ္ထိကဒိဋ္ဌိ+ အဟေတုကဒိဋ္ဌိ+ အကြိယဒိဋ္ဌိ သုံးပါးသည်သာလျှင် ကမ္မပထမြောက်ပါသည်။

မေး။ မိစ္ဆာဒိဋ္ဌိစ လောဘမူလေန–၌ မိစ္ဆာဒိဋ္ဌိသည် အဘယ်ကြောင့် လောဘမူလကြောင့် ဖြစ်ရပါသနည်း။
ဖြေ။ မိစ္ဆာဒိဋ္ဌိသည် မြဲမြဲစွာယူအပ်သော အတ္တ+အတ္တနိယစသောဝတ္ထုတို့၌ လောဘပြဌာန်းသည်ဖြစ်၍သာလျှင် မြဲမြဲစွာယူတတ်သောကြောင့် လောဘမူလကြောင့် ဖြစ်ရပါသည်။

မေး။ ဒွိဟိ မူလေဟိ အရ အဒိန္နဒါန်၏ လောဘမူလ+ဒေါသမူလ+မောဟ

http://www.dhammadownload.com



မူလကြောင့် ဖြစ်ပုံကို ရေးခဲ့ပါ။

ဖြေ။ (၁)အလိုရှိအပ်သောဝတ္ထုကိုင်း၊ အလိုမရှိအပ်သောဝတ္ထုကိုင်း၊ မိမိကိုယ်ကို စောင့်ရှောက်လိုခြင်းကို ရည်ရွယ်၍ဖြစ်စေ၊ ဆွေမျိုးတို့ကို စောင့်ရှောက်လိုခြင်းကို ရည်ရွယ်၍ဖြစ်စေ၊ ခိုးယူသောသူ၏ အဒိန္နဒါန်သည် လောဘမူလကြောင့် ဖြစ်၏။

(၂)ရန်သူကိုနှိမ်နင်းလိုသည်ဖြစ်၍ ခိုးသောသူ၏ အဒိန္နဒါန်သည် ဒေါသမူလကြောင့် ဖြစ်ပါသည်။

(၃)နီတိကျမ်းလာစကားကို အလေးပြု၍ ပြစ်မှုကျူးလွန်သူကို နှိမ်နင်းခြင်းငှါ ဒဏ်ငွေယူသောမင်းတို့၏ငှင်း၊ သူတပါးဥစ္စာကိုပင် မိမိ ဥစ္စာအထင်ဖြင့် ယူကြကုန်သော ပုဏ္ဏားတို့၏ငှင်း၊ ကံ+ကံ၏အကျိုးကို မယုံကြည်ကုန်သော မိစ္ဆာဒိဋ္ဌိတို့၏ငှင်း၊ အဒိန္နဒါန်သည် မောဟမူလ ကြောင့် ဖြစ်ပါသည်။

မေး။ မဟာကုသိုလ်စိတ်ရှစ်ပါးသည် ဒါန+သီလ+ဘာဝနာ၏ အစွမ်းအား ဖြင့် အဘယ်ကြောင့် သုံးမျိုးပြားရပါသနည်း။

ဖြေ။ ကာမာဝစရကုသိုလ်ကံသည် ဒါန+သီလ+ဘာဝနာဟူသော အမှတ် အသား သုံးပါးဖြင့် ဖြစ်သောကြောင့် သုံးမျိုးပြားရပါသည်။

မေး။ အဘယ်တရားကို ဒါနဟုခေါ်ပါသနည်း၊ ငှင်းဒါန၌ ပေါင်းယူရသော တရားတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ပူဇော်ချီးမြှောက်လိုသည်ဖြစ်၍ မိမိ၏ထင်ရှားရှိသော ဝတ္ထုကို စွန့် လွှတ်သည်၏အစွမ်းအားဖြင့်ဖြစ်သော အနုသယမကင်းသေးသော ပုဂ္ဂိုလ်၏ သဏ္ဍာန်၌ဖြစ်သော စေတနာကို ဒါနဟုခေါ်ပါသည်။

ငှင်းဒါန၌ ဒါနဝတ္ထုကို ရှာမှီးသောအားဖြင့်ဖြစ်သော ပုဗ္ဗစေတနာ

http://www.dhammadownload.com



လျှပြီးနောက် ဝမ်းသာလျက် အဖန်ဖန်အောက်မေ့သော အားဖြင့် ဖြစ်သော အပရစေတနာတို့ကို ပေါင်းယူရပါသည်။

မေး။ အဘယ်တရားကို သီလဟုခေါ်ပါသနည်း။

ဖြေ။ ငါးပါး+ရှစ်ပါး+ဆယ်ပါးသီလတို့ကို ဆောက်တည်ဖြည့်ကျင့်သော ပုဂ္ဂိုလ်၊ မဆောက်တည်သော်လည်း တွေ့ကြုံရောက်ရှိလာသောဒုစရိုက်မှ ရှောင်ကြဉ်သောပုဂ္ဂိုလ်၊ ရှင်ပြုသောပုဂ္ဂိုလ်၊ ပါတိမောက္ခသံဝရကို ဆောက်တည်သောရဟန်း၊ စတုပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်သောပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော စေတနာကို သီလဟုခေါ်ပါသည်။

မေး။ အဘယ်တရားကို ဘာဝနာဟု ခေါ်ပါသနည်း။

ဖြေ။ ကမ္မဋ္ဌာန်းလေးဆယ်တို့၌၎င်း၊ ခန္ဓာစသောဝိပဿနာ၏ အာရုံတို့၌၎င်း၊ ပရိကမ်,သမ္မသနဉာဏ်တို့၏ အစွမ်းအားဖြင့်ဖြစ်သော အပ္ပနာသို့ မရောက်သေးသော ဂေါတြဘူအဆုံးရှိသော စေတနာကို ဘာဝနာဟုခေါ်ပါသည်။

<u>အပြစ်မရှိသောအတတ်ပညာစသည်ကို သင်ယူကြောင်းစေတနာကို ဤဘာဝနာ၌ သွင်းယူရပါသည်။</u>

မေး။ အဘယ်ကြောင့် အပစာယနဟု ခေါ်ပါသနည်း။

ဖြေ။ အရွယ်+ဂုဏ်အားဖြင့် ကြီးသူတို့အား သက်နှံးစသည်ရလိုမှု တောင့်တခြင်းကင်းလျက် ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ စသောများစွာ မြတ်နိုးမှုပြုကြောင်းစေတနာကို အပစာယနဟုခေါ်ပါသည်။ ၆
B

*************

http://www.dhammadownload.com



မေး။ အဘယ်ကို ဝေယျာဝစ္စကုသိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ အရွယ်+ဂုဏ်အားဖြင့်ကြီးသူတို့၏၎င်း၊ မကျန်းမာသူတို့၏၎င်း၊ ကိစ္စကြီးငယ်မှန်သမျှကို ပစ္စည်းလေးပါးရလိုမှု တောင့်တခြင်းကင်းလျက် ပြုလုပ်ကြောင်း စေတနာကို ဝေယျာဝစ္စ ဟုခေါ်ပါသည်။

မေး။ အဘယ်ကို ပတ္တိဒါနဟု ခေါ်ပါသနည်း။

ဖြေ။ မိမိသန္တာန်၌ဖြစ်သော ကုသိုလ်ကောင်းမှုကို သူတပါးတို့နှင့်ဆက်ဆံသည်၏အဖြစ်ကို တောင့်တကြောင်းဖြစ်သောစေတနာကို ပတ္တိဒါနဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ပတ္တာနုမောဒနကုသိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ သူတပါးတို့ကပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ သူတပါးတို့၏ကုသိုလ်ကို မစ္ဆရိယအညစ်အကြေးကင်းသောစိတ်ဖြင့် ဝမ်းမြောက်ကြောင်း စေတနာကို ပတ္တာနုမောဒနကုသိုလ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဓမ္မသဝန ဟုခေါ်ပါသနည်း။

ဖြေ။ မိမိအတွက် လောကီ,လောကုတ္တရာဂုဏ်ထူးကို ရလိုသည်ဖြစ်၍၎င်း သူတစ်ပါးတို့အား တရားဟောခြင်းဖြင့် ချီးမြှောက်လိုသည်ဖြစ်၍၎င်း၊ မိမိ, သူတစ်ပါးနှစ်ဦးသားတို့၏ အကျိုးစီးပွါးကို ညွှန်ပြတတ်သော တရားကို နာယူကြောင်း စေတနာကို ဓမ္မသဝနကုသိုလ်ဟုခေါ်ပါသည်။
*(မှတ်ချက်)* အပြစ်ကင်းသောအတတ်ပညာစသည်ကို ကြားနာကြောင်း စေတနာကိုလည်း ဓမ္မသဝန၌ပင် သွင်းယူရပါသည်။

++++++++++

http://www.dhammadownload.com



မေး။ အဘယ်ကို ဓမ္မဒေသနာ ဟု ခေါ်ပါသနည်း။

ဖြေ။ ပစ္စည်းလေးပါးကိုမငဲ့ဘဲ ယောနိသောမနသိကာရဖြင့် အကျိုးစီးပွါးကို ညွှန်ပြကြောင်း စေတနာကို ဓမ္မဒေသနာဟု ခေါ်ပါသည်။

(မှတ်ချက်) အပြစ်ကင်းသော အတတ်ပညာစသည်ကို ညွှန်ပြကြောင်း စေတနာကိုလည်း ဓမ္မဒေသနာ၌ သွင်းယူရပါသည်။

မေး။ ဒိဋ္ဌိဇုကမ္မ၌ ဒိဋ္ဌိအရ ဉာဏ်ကိုယူခဲ့လျှင် ဉာဏဝိပ္ပယုတ်စိတ်၏ ဒိဋ္ဌိဇုကမ္မဖြစ်သင့်ပုံကို ရေးခဲ့ပါ။

ဖြေ။ ရှေ့အဖို့ နောက်အဖို့၌ဖြစ်သောစေတနာကိုလည်း ဒိဋ္ဌိဇုကမ္မ၌ ပေါင်းယူရသောကြောင့် ဉာဏဝိပ္ပယုတ်စိတ်သည်လည်း ဒိဋ္ဌိဇုကမ္မဖြစ်သင့်ပါသည်။

မေး။ ဒိဋ္ဌိဇုကမ္မအရ ဖြစ်သင့်သောစေတနာကို ဉာဏသမ္ပယုတ်+ ဉာဏဝိပ္ပယုတ်အားဖြင့် ခွဲခြားပြပါ။

ဖြေ။ ဉာဏသမ္ပယုတ်စိတ်၌ ဒိဋ္ဌိဇုကမ္မအရ ပုဗ္ဗ+ မုဉ္စ+အပရ စေတနာ သုံးခုလုံးကိုယူရပါသည်။ ဉာဏဝိပ္ပယုတ်စိတ်၌ ပုဗ္ဗစေတနာ+အပရ စေတနာကို ဒိဋ္ဌိဇုကမ္မအရ ယူသင့်ပါသည်။

မေး။ ပုညကြိယဝတ္ထု(၁၀)ပါးကို ဒါန+သီလ+ဘာဝနာသုံးပါး၌ အကြောင်းနှင့်တကွ ထည့်သွင်းပြပါ။

ဖြေ။ (၁)ပတ္တိဒါန+ပတ္တာနုမောဒနတို့သည် ဒါနသဘောရှိသောကြောင့် ဒါန၌ သွင်းယူရပါသည်။

(၂)အပစာယန,ဝေယျာဝစ္စတို့သည် စာရိတ္တသီလဖြစ်သောကြောင့်

http://www.dhammadownload.com



သီလ၌ သွင်းယူရပါသည်။

(၃)ဓမ္မသဝန+ ဓမ္မဒေသနာ+ဒိဋ္ဌိဇုကမ္မတို့သည် ကုသိုလ်တရားတို့ကို ပွါးစေတတ်သောကြောင့် ဘာဝနာ၌ သွင်းယူရပါသည်။

(တနည်း)ဓမ္မသဝန,ဓမ္မဒေသနာတို့သည် လက္ခဏာပဋိဝေဓ+ သစ္စပဋိဝေဓ ကိုဆောင်နိုင်သောကြောင့် ၄င်းနှစ်ပါးကို ဘာဝနာ၌ သွင်းယူရပါသည်။

(တနည်း) ဓမ္မဒေနာသည် ဓမ္မဒါနသဘောရှိသောကြောင့် ဒါန၌ သွင်းယူရပါသည်။

ဒိဋ္ဌိဇုကမ္မကို ပုညကြိယဝတ္ထုအားလုံး၌ သွင်းယူရပါသည်။

(အကြောင်းကား) ဒိဋ္ဌိဇုကမ္မသည် ပုညကြိယဝတ္ထုအားလုံးတို့၏ နိယမ လက္ခဏာဖြစ်သောကြောင့်တည်း။

မေး။ ပတ္တိဒါန+ ပတ္တာနုမောဒနတို့၏ ဒါနသဘောရှိပုံကို ရှင်းပြပါ။

ဖြေ။ ဒါနသည် ဣဿာ,မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ ပတ္တိဒါန+ပတ္တာနုမောဒနတို့သည်လည်း ဣဿာ,မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဤသို့ဆန့်ကျင်ဘက်ခြင်း တူသည်၏အဖြစ်ဖြင့် လက္ခဏာတူသောကြောင့် ဒါနသဘောရှိပါသည်။

မေး။ ရူပါဝစရကုသိုလ်ကံ၏ မနောကမ္မ, ဘာဝနာမယ,အပ္ပနာပတ္တဖြစ်ရခြင်း အကြောင်းတို့ကို အသီးအသီးရေးခဲ့ပါ။

ဖြေ။ (၁)ဝိညတ်ကိုဖြစ်စေတတ်သည်၏အဖြစ်မရှိသောအားဖြင့် ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့် မနောကံသာဖြစ်ရပါသည်။

(၂)ဒါနစသည်တို့၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် ဘာဝနာမယသာဖြစ်ရပါသည်။

http://www.dhammadownload.com



(၃)ရှေးအဖို့၌ဖြစ်သော ဘာဝနာတို့သည် ကာမာဝစရသာဖြစ်သော ကြောင့် အပ္ပနာပတ္တဖြစ်ရပါသည်။

(မှတ်ချက်) မနောကမ္မမေဝ ကိုထောက်၍ ကာယကံဖြင့် ပြုလုပ် သွားရောက်ရုံမျှဖြင့်၄င်း၊ ဝစီကံဖြင့် ဆုတောင်းရုံမျှဖြင့်၄င်း၊ ဈာန်မရ နိုင်ပါ။ တ၌ ဘာဝနာမယံ ကိုထောက်၍ အလှူပေးရုံမျှ+ သီလဆောက်တည်ရုံမျှ+တရားဟော,တရားနာရုံမျှစသည်ဖြင့် ဈာန်မရ နိုင်ဟု မှတ်ပါ။

မေး။ ရူပကုသိုလ်သည် ပဋိပဒါစသောအပြားဖြင့် များပြားပါလျက် အဘယ်ကြောင့် (၅)ပါးသာ ဖြစ်ရပါသနည်း။

ဖြေ။ ဝိတက်စသော ရုံ့ရင်းသော ဈာန်အင်္ဂါတို့ကို ကျော်လွန်သည်၏ အစွမ်းအားဖြင့်ဖြစ်သော ဈာန်အင်္ဂါတို့၏ ငါးပါးသာပြားသောကြောင့် ငါးပါးသာဖြစ်ရပါသည်။

မေး။ အာရုပ္ပဘာဝဒေနှ၌ အာရုံအပြားကို ရေးခဲ့ပါ။

ဖြေ။ (၁)ကောင်းကင်ပညတ်အာရုံ(၂)ပထမာရုပ္ပဝိညာဏ်အာရုံ (၃)နတ္ထိ ဘောပညတ်အာရုံ (၄)တတိယာရုပ္ပဝိညာဏ်အာရုံ အားဖြင့် လေးပါး ဖြစ်ပါသည်။

မေး။ အကုသိုလ်ကံ(၁၂)ပါးတို့တွင် ဥဒ္ဓစ္စစေတနာကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

ဖြေ။ ပဋိသန္ဓေကျိုးကို ပေးခြင်းသဘောမရှိသောကြောင့် ဥဒ္ဓစ္စစေတနာ ကို ကြဉ်ရပါသည်။

မေး။ ဥဒ္ဒစ္စစေတနာကံကို ပဋိသန္ဓေကျိုးပေးခြင်းသဘော မရှိကြောင်း အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ သောတာပတ္တိမဂ်သည် ပယ်အပ်သောတရားတို့၌ မလာသော ကြောင့် သိနိုင်ပါသည်။

မေး။ ဥဒ္ဒစ္စသဟဂုတ်ကံ၏ ပဋိသန္ဓေကျိုး မပေးနိုင်ပုံကို ယုတ္တိပြ၍ ရှင်းပြပါ။

ဖြေ။ ဥဒ္ဒစ္စသဟဂုတ်ကံသည် ပဋိသန္ဓေကျိုးပေးမည်ဆိုလျှင် အပါယ်ဘုံ တို့၌သာ ပေးရာ၏၊ ယင်းဥဒ္ဒစ္စကို မပယ်ရသေးသော သောတာပန် သည်လည်း *စတူဟပါယေဟိစ ဝိပ္ပမုတ္တော*ဒေသနာတော်အရ အပါယ် သို့ကျခြင်းသဘော မရှိရကား ဥဒ္ဒစ္စသဟဂုတ်ကံသည် ပဋိသန္ဓေကျိုးကို မပေးနိုင်ဟုသိနိုင်ပါသည်။

(မှတ်ချက်) ဥဒ္ဒစ္စကို ဒဿနေနပဟာတဗ္ဗတရားတို့၌ မဟောသော ကြောင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ဟု သိနိုင်ပါသည် ဟုဆိုလို ပါသည်။

မေး။ ဥဒ္ဒစ္စသဟဂုတ်ကံသည် ပဝတ္တိကျိုးကို ပေးနိုင်/မပေးနိုင် ရှင်းပြပါ။

ဖြေ။ ပဋိသမ္ဘိဒါဝိဘင်း၌ ဥဒ္ဒစ္စသဟဂုတ်စိတ်ကို ထုတ်ပြပြီး၊ ၎င်း၏ အကျိုး ဝိပါက်ကိုလည်း ထုတ်ပြသောကြောင့် ပဝတ္တိကျိုးကိုလည်း ပေးနိုင်၏။

မေး။ အကုသိုလ်ကံ(၁၂)ပါးသည် ပဝတ္တိကျိုးကို ပေးရာ၌ ပဋိသန္ဓေကျိုး ကဲ့သို့ ဒုဂ္ဂတိဘုံမှာသာ အကျိုးပေးနိုင်ပါသလော။

ဖြေ။ သဗ္ဗတ္ထာပိ ကာမလောကေ ဟူသော သင်္ဂဟပါဌ်ကို ထောက်၍ သုဂတိဘုံ၊ ဒုဂ္ဂတိဘုံနှစ်မျိုးလုံး၌ ပဝတ္တိကျိုးကို ပေးနိုင်ပါသည်။

http://www.dhammadownload.com



မေး။ အကုသိုလ်ကံကြောင့်ဖြစ်ရသော အပါယ်ဘုံသားတို့၏ ကြီးကျယ်သော စီးစိမ်ချမ်းသာကို ခံစားရာအခါ၊ ရှင်မောဂ္ဂလာန်စသည်ကို ဖူးမြင်ရာ အခါတို့၌ဖြစ်သော အကျိုးဝိပါက်သည် အကုသိုလ်၏အကျိုးလော/ကုသိုလ်၏အကျိုးလော။

ဖြေ။ အကုသိုလ်ကံ၏ ဣဋ္ဌာရုံအကျိုးဝိပါက် မဖြစ်သင့်သောကြောင့် ကုသိုလ်ကံ၏အကျိုးသာဖြစ်နိုင်ပါသည်။

မေး။ ကာမကုသိုလ်ကံသည် အဘယ်ကြောင့် ရူပဘုံ၌ ပဝတ္တိကျိုးကို ပေးပါသနည်း။

ဖြေ။ ကာမဝိရာဂဘာဝနာသည် ကာမတဏှာလျှင်အာရုံရှိသော ဝိညာဏ်ကို ဖြစ်စေခြင်းမရှိသောကြောင့်၄င်း၊ မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်တို့သည် စင်စစ်တူသောအကျိုးရှိသောကြောင့်၄င်း၊ ရူပါဝစရကုသိုလ်ကံကြောင့် အဟိတ်ဝိပါက်တို့ ဖြစ်ခြင်းမရှိသည်အတွက် ရူပဘုံ၌လည်း ပဝတ္တိကျိုးကို ဖြစ်စေပါသည်။

မေး။ အရှင်အနုရုဒ္ဓါသည် ကာမကုသိုလ်ကို တိဟိတ်ဥက္ကဋ္ဌကုသိုလ်စသည် အားဖြင့် အဘယ်အကျိုး၄ါ ခွဲပြပါသနည်း။

ဖြေ။ ကာမာဝစရကုသိုလ်ကံသည် သောဠသကဝိပါက်+ဒွါဒသကဝိပါက်၊ အဋ္ဌကဝိပါက်တို့၏အစွမ်းအားဖြင့် သုံးမျိုးသုံးစားအကျိုးပေး၏ဟုပြခြင်း အကျိုး၄ါ တိဟိတ်ဥက္ကဋ္ဌကုသိုလ်စသည်အားဖြင့် ခွဲပြပါသည်။

မေး။ အဘယ်ကြောင့် ဥက္ကဋ္ဌကံဟု ခေါ်ပါသနည်း။

ဖြေ။ ကုသိုလ်အခြံအရံရသောကြောင့်၄င်း၊ နောက်၌ အာသေဝနပစ္စည်း

http://www.dhammadownload.com



ကိုရသောအားဖြင့် အဖန်တလဲလဲမှီဝဲရသည်ဖြစ်၍ ထူးသောကြောင့် ၄င်း၊ *ဥက္ကဋ္ဌကုသိုလ်ကံ*ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် ဩမကကံဟုခေါ်ပါသနည်း။

ဖြေ။ ကုသိုလ်ကံပြုဆဲခဏ၌ အကုသိုလ်တို့ ခြံရံအပ်သောကြောင့်၄င်း၊ နောက်၌ နှလုံးမသာယာခြင်းကို ဖြစ်စေသောအားဖြင့် ပွါးများထုံအပ်သောကြောင့်၄င်း *ဩမကကံ* ဟုခေါ်ပါသည်။

မေး။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေကျိုး+ပဝတ္တိကျိုးပေးပုံထူးခြားချက်ကို ရေးခဲ့ပါ။

ဖြေ။ ပဋိသန္ဓေကျိုးကိုပေးရာ၌ တစ်ခုသောပဋိသန္ဓေကိုသာ အကျိုးပေးပါသည်၊ ကံတစ်မျိုးတည်းကြောင့် ဘဝများစွာတို့၌ ပဋိသန္ဓေမဖြစ်နိုင်ပါ။ ပဝတ္တိကျိုးသည်ကား ဘဝအရာ,အထောင်၌သော်လည်း အကျိုး ပေး၏။

(တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာဟူသောပါဠိတော်ကို ထောက်ပါ။)

မေး။ တိဟိတ်ဩမကကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာပေး၍၊ အဟိတ်ပဋိသန္ဓေကျိုးကို အဘယ်ကြောင့် မပေးပါသနည်း။

ဖြေ။ ဉာဏ်သည် ဖွဲ့နွဲ့စသောမကောင်းကျိုးဝိပတ္တိ၏အကြောင်းဖြစ်သောမောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် (တနည်း)အကုသိုလ်အားလုံး၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ထိုဉာဏ်နှင့်ယှဉ်သော တိဟိတ်ဩမကကုသိုလ်ကံသည် ဖွဲ့နွဲ့စသော ဝိပတ္တိ၏အကြောင်းမဖြစ်ရကား ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာပေး၍ အဟိတ်ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ

http://www.dhammadownload.com



မေး။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် တိဟိတ်ပဋိသန္ဓေကျိုးကို မပေးဘဲ အဘယ်ကြောင့် ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးရပါသနည်း။

ဖြေ။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ဉာဏ်နှင့်ယှဉ်ခြင်း မရှိသောကြောင့် ဉာဏသမ္ပယုတ်ဝိပါက်ကို မဖြစ်စေနိုင်သည့်အတွက် တိဟိတ်ပဋိသန္ဓေကျိုးကို မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးပါသည်။

မေး။ တိဟိတ်ကုသိုလ်ကံ၏တိဟိတ်ပဋိသန္ဓေကျိုးကိုသာ ထုတ်ဆောင်၍၊ ဒွိဟိတ်ပဋိသန္ဓေကျိုးကို အဘယ်ကြောင့် မထုတ်ပြပါသနည်း။

ဖြေ။ ကံနှင့်တူသောအကျိုးကို ပြခြင်းအကျိုးငှါ တိဟိတ်ပဋိသန္ဓေကျိုး ကိုသာ ထုတ်ဆောင်၍ ဒွိဟိတ်ပဋိသန္ဓေကျိုးကို မထုတ်ဆောင်ပြပါ၊ မရနိုင်သောကြောင့် ထုတ်မပြခြင်း မဟုတ်ပါ။

မေး။ အသင်္ခါရိ သသင်္ခါရ စသောဝါဒကို အဘယ်ကြောင့် ကေစိဝါဒဟု ဆိုရပါသနည်း။

ဖြေ။ အကျိုးဝိပါက်၏ သင်္ခါရအပြားကို အကြောင်း၏အစွမ်းအားဖြင့်သာ အလိုရှိအပ်သည်ဖြစ်၍၊ ကံ၏အစွမ်းအားဖြင့် အလိုမရှိအပ်သော ကြောင့် ကေစိဝါဒ ဟုဆိုရပါသည်။

မေး။ အသင်္ခါရိ သသင်္ခါရ စသောဂါထာ၌ သင်္ခါရပြားခြင်း၏ အကြောင်း ကို ရေးပါ။

ဖြေ။ မှန်ထဲ၌ရှိသောမျက်နှာရိပ်သည် မျက်နှာလှုပ်လျှင် လှုပ်သကဲ့သို့ အသင်္ခါရိကကုသိုလ်၏ အသင်္ခါရိကအကျိုးသာဖြစ်၍၊ သသင်္ခါရိက အကျိုးဝိပါက်မဖြစ်၊ ဤသို့လာကြောင်း ကံအားဖြင့်သာလျှင် သင်္ခါရပြား

9 B

http://www.dhammadownload.com



ရပါသည်။

မေး။ ရုပါဝစရကုသိုလ်ဈာန်သည် အဘယ်ကြောင့် ပရိတ္တ+မဇ္ဈိမ+ပဏီတ မည်ပါသနည်း။

ဖြေ။ ထက်ဝန်းကျင်ပိုင်းဖြတ်အပ်သကဲ့သို့ နည်းသောအာနုဘော် ရှိသောကြောင့် ပရိတ္တမည်ပါသည်။ (တနည်း) ရအပ်ကာမျှဖြစ်၍ မမှီဝဲရသေးသောကြောင့် ပရိတ္တမည်ပါသည်။ (တနည်း)အနည်းငယ်အာသေဝနပစ္စည်းကို ရသောကြောင့် ပရိတ္တမည်ပါသည်။(တနည်း) ယုတ်ညံ့သော ဆန္ဒ+ဝီရိယ+စိတ္တ+ဝီမံသတို့သည် ဖြစ်စေအပ်သောကြောင့် ပရိတ္တမည်ပါသည်။

(မဇ္ဈိမ) ပရိတ္တ+ ပဏီတနှစ်ပါးတို့၏ အလယ်၌ဖြစ်သောကြောင့် မဇ္ဈိမမည်ပါသည်။ (တနည်း)လွန်စွာမပွါးအပ်သေးသည်ဖြစ်၍ ဝသီဘော် မပြည့်စုံသေးသောကြောင့် မဇ္ဈိမမည်ပါသည်။ (တနည်း)အလယ်အလတ်ဖြစ်သော ဆန္ဒစသည်တို့သည် ဖြစ်စေအပ်သောကြောင့် မဇ္ဈိမမည်ပါသည်။

(ပဏီတ)မြတ်သည်၏အဖြစ်သို့ဆောင်အပ်သောကြောင့် ပဏီတမည်၏၊ (တနည်း)အလွန်ပွါးအပ်သည်ဖြစ်၍ ဝသီဘော်အာလုံးပြည့်စုံသောကြောင့် ပဏီတမည်ပါသည်။ (တနည်း)အာသေဝနပစ္စည်းကို အလွန်များစွာ ရအပ်သောကြောင့် ပဏီတမည်ပါသည်။ (တနည်း)မြတ်သောဆန္ဒစသည်တို့သည် ဖြစ်စေအပ်သောကြောင့် ပဏီတမည်ပါသည်။

မေး။ ပဌမဈာန် ဘာဝေတွာ၌ ပဌမဈာန်အပြားနှင့် ယှဉ်သင့်သော ပဌမဈာန်ကို ညွှန်ပြပါ။

++++++++++

ဖြေ။ ပဌမဈာန်သည် (၁)အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမဈာန် (၂)အဘိညာဉ်အဖြစ်သို့ မရောက်သော ပဌမဈာန် ဟုနှစ်မျိုး ရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ဤ၌ အဘိညာဉ်အဖြစ်သို့မရောက်သော ပဌမဈာန်ကိုသာ ယူရ၏။

မေး။ အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမဈာန်ကို အဘယ်ကြောင့် မယူရပါသနည်း။

ဖြေ။ အဘိညာဉ်အဖြစ်သို့ရောက်သောပဌမဈာန်သည် ပဋိသန္ဓေကျိုးကို မပေးနိုင်သောကြောင့် မယူရပါ။

မေး။ အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမဈာန်သည် အဘယ်ကြောင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ပါသနည်း။

ဖြေ။ တူသောဘုံရှိသောဈာန်မှ အာသေဝနပစ္စည်းကို မရသည်ဖြစ်၍ အားနည်းသောကြောင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ။

မေး။ မဟဂ္ဂုတ်တရားတို့၏ ပဋိသန္ဓေကျိုးပေးခြင်းအကြောင်းကိုရေးခဲ့ပါ။

ဖြေ။ တူသောဘုံရှိသောဈာန်မှ အာသေဝနပစ္စည်းကိုရသဖြင့် အားရှိသောကြောင့်သာ အကျိုးပေးပါသည်။

မေး။ အသညသတ်ဘုံသို့ ရောက်နိုင်ရေးအတွက် အဘယ်ကဲ့သို့ ပွါးများအားထုတ်ရပါသနည်း။

ဖြေ။ သညာ ရောဂေါ၊ သညာ ဂဏ္ဍော စသောနည်းဖြင့်ဖြစ်စေ၊ ဓိ စိတ္တံ ဓိ စိတ္တံ စသောနည်းဖြင့်ဖြစ်စေ၊ နာမ်တရားအပေါ်၌ အပြစ်မြင်သော

http://www.dhammadownload.com



ကြောင့်၄င်း၊ ထိုနာမ်တရားမရှိခြင်း၌ မြဲတ်သည်ဟုဆိုးဖြတ်ခြင်းကြောင့်၄င်း၊ ဝါယောကသိုဏ်း၌သော်၄င်း,ပရိစ္ဆိန္နာကာသကသိုဏ်း၌သော်၄င်း၊ ပွါးများအပ်သော အရူပဝိရာဂဘာဝနာကြောင့် ကမ္မကြိယဝါဒီအယူရှိသော တိတ္ထိတို့သည်သာလျှင် အသညသတ်ဘုံသို့ ရောက်နိုင်ပါသည်။

မေး။ အသညသတ်ဗြဟ္မာများသည် ဗြဟ္မာဘုံ၌ အဘယ်သို့ နေထိုင်ကြပါသနည်း။

ဖြေ။ ဤလူ့ပြည်၌သေရသောဣရိယာပုထ်ဖြင့်ပင်လျှင် အသညသတ်ဘုံ၌ နေကြရပါသည်။

မေး။ သုဒ္ဓါဝါသဘုံ၌ဖြစ်နိုင်ရေးအတွက် အနာဂါမ်တို့သည် အဘယ်အခါ၌ ရအပ်သော ပဉ္စမဈာန်ကို ပွါးများရပါသနည်း။

ဖြေ။ ပုထုဇဉ်စသောကာလ၌၄င်း၊ အနာဂါမ်ဖြစ်ပြီးရာ နောက်ကာလ၌၄င်း၊ ရအပ်သော ပဉ္စမဈာန်ကို ပရိတ္တ+ မဇ္ဈိမ+ ပဏီတအခြင်းအရာသုံးမျိုးတို့ဖြင့် ပွါးများရပါသည်။

မေး။ အနာဂါမ်များသည် သုဒ္ဓါဝါသဘုံတို့တွင် ဖြစ်လိုရာဘုံတို့၌ ဖြစ်နိုင်ကြပါသလော။

ဖြေ။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေငါးပါးတို့၏ လွန်ကဲထက်မြက်သောအစဉ်အားဖြင့် သုဒ္ဓါဝါသဘုံတို့၌ဖြစ်ကြရပါသည်။

မေး။ ဈာန်ရပုဂ္ဂိုလ်များသည် ထိုဈာန်၏အကျိုးဘုံတို့၌သာ ဖြစ်နိုင်ကြပါသလော၊ရှင်းပြပါ။

http://www.dhammadownload.com



ဖြေ။ ပထမဈာန်ရလျှင် ပထမဈာန်ဘုံ၌ဖြစ်၏၊ စသောစကားကို ထိုထို ဈာန်၏ သီးခြားဥစ္စာဖြစ်သောဘုံ၏အစွမ်းအားဖြင့် ဟောထားခြင်းဖြစ်ပါသည်။ အကယ်၍ တောင့်တလိုခြင်မှု နိကန္တိရှိခဲ့သော် ပုထုဇဉ်+သောတာပန်+သကဒါဂါမ်တို့သည် သုဒ္ဓါဝါသကြဉ်သော ဖြစ်လိုရာဘုံအားလုံးတို့၌ ဖြစ်နိုင်ကြပါသည်။

မေး။ အနာဂါမ်များသည် ဘုံအားလုံးတို့၌ နိကန္တိဖြစ်ပါသလော၊ဘုံအားလုံးတို့သို့လည်း ရောက်နိုင်ပါသလော။

ဖြေ။ အနာဂါမ်တို့သည် ကာမရာဂကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ကာမဘုံတို့၌ လိုခြင်တောင့်တမှု နိကန္တိမဖြစ်နိုင်ပါ။ ထို့ကြောင့်ပင်လျှင် အနာဂါမ်တို့သည် ကာမဘုံမှတပါး ကြွင်းသော ဖြစ်လိုရာဘုံအားလုံးတို့၌ ဖြစ်နိုင်ပါသည်။

မေး။ အနာဂါမိနော ပန် သုဒ္ဓါဝါသေသု ဥပ္ပတ္တိ ဟူသော သင်္ဂဟစကားအရ အနာဂါမ်တို့သည် သုဒ္ဓါဝါသဘုံတို့၌သာ ဖြစ်ရပြီး တခြားဘုံတို့၌ မဖြစ်နိုင်ပါသလော။

ဖြေ။ သုဒ္ဓါဝါသဘုံတို့၌ အနာဂါမ်တို့သာဖြစ်၏ဟူသောသတ်မှတ်ချက်သာ ရှိ၍ ၎င်းအနာဂါမ်တို့သည် သုဒ္ဓါဝါသဘုံမှ အခြားဘုံတို့၌ မဖြစ်ဟူသော သတ်မှတ်ချက် မရှိသောကြောင့် အခြားဘုံတို့၌လည်း ဖြစ်နိုင် ပါသည်။

မေး။ ဈာန်မရသော သုက္ခဝိပဿကအနာဂါမ်များ အဘယ်သို့လျှင် သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်ပါသနည်း။

ဖြေ။ အနာဂါမ်တို့သည် သမာဓိကိုဖြည့်ကျင့်မှု ပြုပြီးဖြစ်သောကြောင်

http://www.dhammadownload.com



သေခါနီးကာလ၌ စင်စစ်ကေန်အားဖြင့်ပင် ဈာန်သမာပတ်ကို ဖြစ်စေ နိုင်ကြသောကြောင့် သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်ကြပါသည်။

မေး။ သမာပတ်ရှစ်ပါးရသော အမျိုးသမီးများသည် ရောက်လိုသော ရူပ+အရူပဘုံတို့သို့ ရောက်နိုင်ပါသလော။

ဖြေ။ အမျိုးသမီးတို့သည် ပုထုဇဉ်ဖြစ်စေ၊ အရိယာဖြစ်စေ သမာပတ် ရှစ်ပါးလုံးရသော်လည်း ဗြဟ္မပါရိသဇ္ဇာဘုံတို့၌သာ ဖြစ်နိုင်ကြပါသည်။

မေး။ ဝေဟပ္ဖိုလ်,အကနိဋ္ဌ,နေ၀သညာနာသညာယတနဘုံတို့၌ဖြစ်သော အရိယာဗြဟ္မာတို့သည် အခြားဘုံသို့ ပြောင်း၍ ဖြစ်နိုင်ပါသေးသလော။

ဖြေ။ ဝေဟပ္ဖိုလ်စသော ထိုသုံးဘုံတို့သည် မြတ်သောဘုံများ ဖြစ်သော ကြောင့် အခြားဘုံသို့ ပြောင်း၍မဖြစ်ကြပါ၊ ထို့အတူ အထက်အထက် ဗြဟ္မာဘုံတို့၌ ဖြစ်သောအရိယာတို့သည်လည်း အောက်အောက်ဘုံတို့၌ မဖြစ်နိုင်ကြပါ။

(မှတ်ချက်)အကနိဋ္ဌဗြဟ္မာတို့သည်ကား မိမိဘုံ၌သော်မှလည်း ပြန်၍ မဖြစ်နိုင်ကြပါ။

**ကမ္မစတုက္ကအဖွင့်ပြီး၏**

## မရဏုပ္ပတ္တိ စတုက္ကအဖွင့်

*********************

မေး။ သေခြင်းလေးမျိုးတို့၏ အဓိပ္ပါယ်ကို အသီးသီး ရေခဲ့ပါ။

ဖြေ။ (၁)ထိုထိုဘုံဘ၀တို့၌ ပိုင်းခြားအပ်သော အသက်တမ်းကုန်ခြင်း ကြောင့် သေခြင်းသည် အာယုက္ခယမရဏမည်၏။

http://www.dhammadownload.com



(၂)ပိုင်းခြားအပ်သောအသက်တမ်း မကုန်သေးသော်လည်း ထိုထိုဘဝတို့ကို ဖြစ်စေတတ်သော ဇနကကံကုန်ပြီးဖြစ်သောကြောင့် သေခြင်းသည် ကမ္မက္ခယ မရဏမည်၏။

(၃)အသက်တမ်းနှင့်ကံအညီအမျှကုန်ခြင်းကြောင့် သေခြင်းသည် ဥဘယက္ခယမရဏမည်၏။

(၄)အသက်တမ်းနှင့်ကံ နှစ်ပါးစုံရှိသေးသော်လည်း ရှေးဘဝကပြုလုပ်ခဲ့သော ဥပစ္ဆေဒကကံကြောင့်၎င်း၊ ဤပစ္စုပ္ပန်ဘဝ၌ သီလစသောဂုဏ်အားဖြင့် ကြီးသောပုဂ္ဂိုလ်တို့၌ ပြုလုပ်မိသော ဥပစ္ဆေဒကကံကြောင့်၎င်း၊ ဒါးလက်နက်စသည်တို့ဖြင့် သေရခြင်းသည် ဥပစ္ဆေဒက မရဏမည်၏။

မေး။ ဥပစ္ဆေဒကမရဏဖြင့် မသေနိုင်သော ပုဂ္ဂိုလ်တို့ကို ထုတ်ပြခဲ့ပါ။

ဖြေ။ ငရဲသူ,ငရဲသားတို့သည်၎င်း၊ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည်၎င်း၊ အချို့သောနတ်တို့သည်၎င်း၊ ဥပစ္ဆေဒကမရဏဖြင့် မသေနိုင်ကြပါ။

မေး။ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်အာရုံတို့သည် အဘယ်အခါမျိုး၌ထင်လာပါသနည်း။

ဖြေ။ မရဏကာလေ ဟူသောသင်္ဂဟပါဠိကို ထောက်၍ သေခါနီးကာလ၌ ထင်လာပါသည်။

မေး။ ကံ+ကမ္မနိမိတ်+ဂတိနိမိတ်အာရုံတို့သည် အဘယ်သတ္တဝါတို့အား ထင်လာပါသနည်း။

ဖြေ။ ထိုထိုဘုံဘဝ၌ဖြစ်ရဦးမည့် သတ္တဝါတို့အားသာထင်လာနိုင်ပါသည်။

http://www.dhammadownload.com



(တထာစ မရန္တာနံ ပန မရဏကာလေ ယထာရဟံ-၌ ယထာရဟံ ဟူသော သင်္ဂဟပါဠိကို ထောက်ပါ။)

မေး။ မည်သည့်ဘုံဘဝမှာမှ မဖြစ်နိုင်တော့သော ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ရဟန္တာတို့၏စုတိစိတ်သည် ထင်လာတိုင်းသော နာမ်ရုပ်တရားစသည်ကိုသာ အာရုံပြုပါသည်၊ ကံကမ္မနိမိတ်စသည်တို့ကို အာရုံမပြုနိုင်တော့ပါ။

မေး။ မရဏကာလေ ယထာရဟံ ၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ထိုထိုဂတိတို့၌ ဖြစ်ထိုက်သောသတ္တဝါအားလျော်စွာ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တို့ ထင်လာခြင်းကို ယထာရဟံဟုဆိုပါသည်။

မေး။ ကမ္မနိမိတ်အပြားကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ဖြေ။ (၁)စေတီကိုဖူးမြင်ရခြင်းစသည်တို့၏အစွမ်းအားဖြင့် ရှေး၌ ရအပ်သော ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်အာရုံ၊ (၂)ပန်းစသည်တို့၏ အစွမ်းအားဖြင့် ကံကိုပြုကြောင်းဖြစ်၍ဖြစ်သော ဥပကရဏဘူတကမ္မနိမိတ်အာရုံအားဖြင့် နှစ်မျိုးရှိပါသည်။

မေး။ ဂတိနိမိတ်အပြားကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ဖြေ။ (၁)ခံစားထိုက်သော ဥပလဘိတဗ္ဗဂတိနိမိတ်အာရုံ၊ (၂) နတ်သမီး ဗိမာန်ပဒေသာပင်,ငရဲမီးစသောသုံးဆောင်ထိုက်သော ဥပဘောဂဘူတ ဂတိနိမိတ်အာရုံအားဖြင့် နှစ်မျိုးရှိပါသည်။

10
A.

http://www.dhammadownload.com



မေး။ ဥပ္ပဘောဂဘူတာဂတိနိမိတ်အပြားကို ရေးခဲ့ပါ။

ဖြေ။ (၁)နတ်သမီး,ဗိမာန်,ပဒေသာပင်,အမိဝမ်းရေစသော သုဂတိနိမိတ်အာရုံ၊ (၂)ငရဲမီး,ငရဲထိန်း စသော ဒုဂ္ဂတိနိမိတ်အာရုံအားဖြင့် နှစ်မျိုးရှိပါသည်။

မေး။ ကမ္မဗလေနှ၌ ကမ္မအရကို ရေးခဲ့ပါ။

ဖြေ။ ကမ္မအရ ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်ကံ,အကုသိုလ်ကံကို ရပါသည်။

မေး။ ပရိသုဒ္ဓံ ဥပကိလိဋ္ဌံဝါ–၌ အဘယ်အခါ ပရိသုဒ္ဓဖြစ်၍၊ အဘယ်အခါ ဥပကိလိဋ္ဌဖြစ်ပါသနည်း။

ဖြေ။ ကုသိုလ်ကံအကျိုးပေးမည့်အခါ စင်ကြယ်သောကုသိုလ်စိတ်ပရိသုဒ္ဓဖြစ်ပါသည်။ အကုသိုလ်ကံအကျိုးပေးမည့်အခါ ညစ်နွမ်းသော အကုသိုလ်စိတ်ဥပကိလိဋ္ဌဖြစ်ပါသည်။

မေး။ ဥပလဘိတဗ္ဗဘဝါနုရူပံ တတ္ထောဏတံဝ–ကို နှစ်နည်းမျှ အဓိပ္ပါယ် ရေးခဲ့ပါ။

ဖြေ။ (၁)စုတေခါနီးစိတ်အစဉ်သည် ရောက်ရမည့်နောက်ဘဝ၌ ညွတ်ကိုင်းသကဲ့သို့ ဖြစ်နေ၏ဟု ဆိုလိုပါသည်။

(၂)ထိုသေခါနီးဝယ် ထင်လာသောအာရုံ၌ ညွတ်ကိုင်းလျက်သာ ဖြစ်နေ၏ဟု ဆိုလိုပါသည်။

မေး။ အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန–၌ ဗာဟုလ္လသဒ္ဒါကို အဘယ်ကြောင့်

F10B

http://www.dhammadownload.com



ထည့်ဆိုရပါသနည်း။

ဖြေ။ အသညသတ်သတ္တဝါကို စင်စေလိုသောကြောင့် ဗာဟုလ္လသဒ္ဒါ ကို ထည့်ဆိုပါသည်။ (တနည်း)ဖြေးဖြေးသေကုန်သော သတ္တဝါတို့ကဲ့ အဆောတလျင်သေကုန်သောသတ္တဝါတို့အား စိတ်အစဉ်မပြမ်ထပ်ကာ ထပ်ကာ မဖြစ်နိုင်သောကြောင့် အဆောတလျင်သေကုန်သော သတ္တဝါ တို့ကို စင်စေလို၍ ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါသည်။

မေး။ အဘိနဝကရဏဝသေန–၌ အဘယ်သို့ပြုခြင်းကို အဘိနဝကရဏ ဟု ဆိုပါသနည်း။

ဖြေ။ ထိုသေခါနီးခဏ၌ ပြုအပ်သကဲ့သို့ မိမိကိုယ်ကို အသစ်ပြုသည်၏ အစွမ်းအားဖြင့် မနော‌ဒွါရ၌ ထင်လာအောင်ပြုခြင်းကို အဘိနဝကရဏ ဟုဆိုပါသည်။

## မရဏာသန္နဝီထိအဖွင့်

*****************

မေး။ ပစ္စာသန္နမရဏသ ၌ အဘယ်ပုဂ္ဂိုလ်ကို ပစ္စာသန္နမရဏပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ မရဏာသန္နဝီထိ တစ်ဝီထိအသက်ကြွင်းရှိသောပုဂ္ဂိုလ်ကို ပစ္စသန္န မရဏပုဂ္ဂိုလ်ဟုခေါ်ပါသည်။ (တနည်း)တစ်ဝီထိထက်အလွန် ဘဝင်တစ်ချက်မျှ အသက်ကြွင်းရှိသောပုဂ္ဂိုလ်ကို ပစ္စသန္နမရဏပုဂ္ဂိုလ် ဟု ခေါ်ပါသည်။

မေး။ မရဏာသန္နဝီထိ(သေပုံ သေနည်း)လေးမျိုးတို့ကို သင်္ဂဟနှင့်ညှိ၍ ရေးခဲ့ပါ။

ဖြေ။ ဝိထိစိတ္တာဝသာနေအရ (၁)တဒါရုံ၏အဆုံး၌ စုတိစိတ်ကျသောဝီထိ၊ (၂)ဇော၏အဆုံး၌ စုတိစိတ်ကျသောဝီထိ၊ ဘဝင်္ဂဝါယေဝါ အရ (၃)တဒါရုံဘဝင်နောင် စုတိကျသောဝီထိ၊ (၄)ဇော+ဘဝင်နောင် စုတိကျသောဝီထိဟု လေးမျိုးရှိပါသည်။

မေး။ မရဏာသန္နဝီထိ၊ လေးဝီထိလုံး ရနိုင်သောပုဂ္ဂိုလ်/ မရနိုင်သော ပုဂ္ဂိုလ်တို့ကို ခွဲခြားပြပါ။

ဖြေ။ ကာမဘုံမှစုတေ၍ ဗြဟ္မာပြည်သို့ရောက်မည့်သူ၊ ဗြဟ္မာဘုံမှစုတေ၍ ကာမဘုံသို့ လာမည့်သူ၊ ဗြဟ္မာဘုံအချင်းချင်း ရောက်မည့်သူတို့၌ တဒါရုံနောင် စုတိကျသောဝီထိ၊ တဒါရုံ-ဘဝင်နောင် စုတိကျသောဝီထိ နှစ်ဝီထိကို မရနိုင်ပါ။

မေး။ စုတိစိတ်ကျပြီးနောက် ပဋိသန္ဓေစိတ်မဖြစ်မီ စုတိနှင့်ပဋိသန္ဓေ အကြား ဘဝတစ်မျိုး ရှိနိုင်ပါသေးသလော။

ဖြေ။ တဿာနန္တရ ရမေဝ ဟူသော သင်္ဂဟကိုထောက်၍ မရှိနိုင်ပါ။

မေး။ အဘယ်စိတ်မျိုးကို စုတိစိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ-ကိုထောက်၍ ပစ္စုပ္ပန် ဘဝ၏အဆုံးဖြစ်သောစိတ်ကို စုတိစိတ်ဟု ခေါ်ပါသည်။

မေး။ ဘဝတစ်ခု၏အစဆုံးဖြစ်သောပဋိသန္ဓေစိတ်၏ အာရုံကို သင်္ဂဟ နှင့်ညှိ၍၊ သိသာရုံမျှ ရေးပါ။

ဖြေ။ အာဟာဂဟိတံ အာရမ္မဏံ အာရဗ္ဘ-ဟူသော သင်္ဂဟကို ထောက်၍

http://www.dhammadownload.com



ဆဒ္ဒါရိကမရဏာသန္တဇောသည် ယူအပ်သောအာရုံကို အာရုံပြုပါသည်။

မေး။ သဝတ္ထုကံဝါ အဝတ္ထုကမေ၀ဝါ ယထာရဟံ-၌ ယထာရဟံ၏ အဓိပ္ပါယ်ကိုရေးခဲ့ပါ။

ဖြေ။ ကံပြုသောကာလအားဖြင့်၊ အကျိုးပေးသောကာလအားဖြင့်၊ လျော်စွာ ဖြစ်ခြင်းကို ယထာရဟံဟု ဆိုပါသည်။ (တနည်း)အကျိုးပေးသော ကံအားလျော်စွာ အနုသယ၏အစွမ်းအားဖြင့်၄င်း၊ ဇောနှင့်တကွဖြစ်သော အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့်၄င်း၊ လျော်စွာ ဖြစ်ခြင်းကို ယထာရဟံ ဟုဆိုပါသည်။

မေး။ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန -၌ အဝိဇ္ဇာကို အခြံ အရံ(ပရိက္ခိတ္တ)ဟု ဆိုရပုံနှင့် တဏှာနုသယကို မူလဟု ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ကုသိုလ် အကုသိုလ်ကံကို ပြုရာ၌ များသောအားဖြင့် မျှော်လင့်ချက်တစ်ခုခုကို တောင့်တမှုတဏှာသည် အရင်းခံလျက်ရှိတတ်သောကြောင့် တဏှာနုသယကို မူလဟု ဆိုရပါသည်။

မတောင့်တထိုက်သည်ကို တောင့်တမှုပြုရာ၌ အဝိဇ္ဇာသည် အပြစ်မမြင်အောင် ဖုံးလွှမ်းကာကွယ်ရံသာဖြစ်သောကြောင့် အဝိဇ္ဇာနုသယကို အခြံ အရံ(ပရိက္ခိတ္တ)ဟု ဆိုရပါသည်။

မေး။ မရဏာသန္နဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ,တဏှာတို့သည် အနုသယ မဖြစ်နိုင်ဘဲ အဝိဇ္ဇာနုသယပရိက္ခိတ္တေနဟု အဘယ်ကြောင့် ဆိုရပါသနည်း။

http://www.dhammadownload.com



ဖြေ။ အနုသယနှင့်တူသည်၏အဖြစ်ဖြင့် အနုသယဟု ခေါ်ထိုက်သောကြောင့် ဆိုရပါသည်။

မေး။ သင်္ခါရေန ဇနီယမာန်အရ ကုသိုလ်သင်္ခါရဖြစ်ခဲ့လျှင် အဝိဇ္ဇာတဏှာတို့၏ ပရိက္ခိတ္တ+ မူလဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ကုသိုလ်ပြုသောပုဂ္ဂိုလ်၏သန္တာန်၌ အရဟတ္တမဂ်ဖြင့် မပယ်ရသေးသော အဝိဇ္ဇာတဏှာတို့သည် အနုသယအနေအားဖြင့် ကိန်းလျက်ရှိသေး၏၊ ထို့ကြောင့် အဝိဇ္ဇာတဏှာတို့သည် ကုသိုလ်သင်္ခါရအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကာ ခြံရံ+အရင်းခံလျက် ပရိက္ခိတ္တ+မူလဖြစ်ရပါသည်။

မေး။ အဝိဇ္ဇာတဏှာသင်္ခါရတို့၏ ကိစ္စများကို ပုဂ္ဂိုလ်,ဘုံအလိုက် ခွဲခြားပြပါ။

ဖြေ။ အပါယ်ဘုံသို့ သွားမည့်သူများအတွက် အဝိဇ္ဇာတဏှာသင်္ခါရတို့သည် ထင်လာသောအာရုံ၏ အပြစ်ကိုဖုံးလွှမ်းခြင်း၊ အာရုံသို့ညွှတ်စေခြင်း၊ ပဋိသန္ဓေဝိညာဏ်ကို ပစ်ချခြင်းကိစ္စသုံးမျိုးကို ပြုလုပ်ပါသည်။

သုဂတိဘုံသို့သွားမည့်သူများအတွက် မဂ်ဖြင့်မပယ်ရသေးသော အဝိဇ္ဇာတဏှာသင်္ခါရတို့သည် အပြစ်ကိုဖုံးလွှမ်းခြင်း၊ အာရုံသို့ညွှတ် စေခြင်း ကိစ္စနှစ်ပါးကို ပြုလုပ်ပါသည်။

မေး။ သင်္ခါရေန-၌ သင်္ခါရအပြားကို ရေးခဲ့ပါ။

ဖြေ။ (၁)ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော ကုသိုလ်,အကုသိုလ်ဟူသော ဇနကသင်္ခါရ၊ (၂)ကံစသောအာရုံသို့ ရောက်အောင် ပဋိသန္ဓေဝိညာဏ်ကို ပစ်ချတတ်သော ခိပနသင်္ခါရဟု နှစ်မျိုးရှိပါသည်။

http://www.dhammadownload.com



မေး။ ပုဂ္ဂိုလ်သတ္တဝါများကို ဖန်ဆင်းရှင်,တန်ခိုးရှင်တို့က ပြုလုပ်ဖန်ဆင်း ထားပါသလော။

ဖြေ။ သင်္ခါရေန ဇနီယမာနံဟူသော သင်္ဂဟာကိုထောက်၍ ဖန်ဆင်းရှင်+ တန်ခိုးရှင်တို့ကဖန်ဆင်းသောကြောင့် ဖြစ်လာရသည်မဟုတ်ပါ၊ကုသိုလ် အကုသိုလ်သင်္ခါရသည် ဖြစ်စေအပ်သောကြောင့် ဖြစ်ပေါ်လာရပါသည်

မေး။ အဘာယ်စိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရှေ့နောက်ဘဝနှစ်ခုအထူးကို အချင်းချင်း တစပ်တည်းကဲ့သို့ စပ် တတ်သော စိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်။

မေး။ လောက်လန်းသဖွယ် ဝိညာဏ်တွယ်ဟူသော လောကဆိုရိုးစကားကို မှချ–မှတ်သင့်/ မသင့်ဆုံးဖြတ်ပြပါ။

ဖြေ။ ဥပ္ပဇ္ဇမာနံမေဝ ပတိဋ္ဌာတိ ဘဝန္တရေ ဟူသောသင်္ဂဟာကို ထောက်၍ မှချမမှတ်သင့်ပါ။

မေး။ ပစ္စုပ္ပန်ဘဝမှ ရုပ်နာမ်တရားများ အနာဂါတ်ဘဝသို့ ပြောင်းရွှေ့၍ ဖြစ်ကြပါသလော၊ ဥပမာဖြင့် ပြခဲ့ပါ။

ဖြေ။ ပဲ့တင်သံ+ ဆီမီး+ တံဆိပ်ရေးတို့ကဲ့သို့ ပစ္စုပ္ပန်ဘဝမှ ရုပ်နာမ်များ အနာဂါတ်ဘဝသို့ ပြောင်း၍မဖြစ်ကြပါ၊ပစ္စုပ္ပန်အကြောင်းတရားများနှင့် ကင်း၍လည်း အနာဂါတ်ဘဝရုပ်နာမ်တရားများ မဖြစ်နိုင်ကြပါ။

မေး။ ပစ္စုပ္ပန္နာရမ္မဏာသု အာပါထမာဂတာသု ဓရန္တေသွေဝ မရဏံ ဟောတိ–၌ အဘာယ်အာရုံများ ထင်ရှားရှိစဉ် သေနိုင်ပါသနည်း။

http://www.dhammadownload.com

ဖြေ။ မနောဒွါရ၌ ဂတိနိမိတ်အာရုံများ ထင်ရှားရှိစဉ်၄င်း၊ ပဉ္စဒွါရ၌ ကမ္မနိမိတ်အာရုံများ ထင်ရှားရှိစဉ်၄င်း၊ သေကြရပါသည်။

မေး။ တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတိ ဟူသောသင်္ဂဟစကားသည် မှချမှတ်ယူထိုက်သောစကားဖြစ်နိုင်/ မဖြစ်နိုင် ဝိထိသဘောသွားဖြင့် ရှင်းပြပါ။

ဖြေ။ တီ+ န+ ဒ+ ပ+ပဉ္စ+ သံ+ သန္တီ+ ဝု+မရဏာသန္နဇော၅+ရုံ၂+စုတိ+ပဋိ–ဟူသော တဒါရုံနောင် စုတိကျသော ပဉ္စဒွါရဝီထိ၌ ပဋိသန္ဓေ စိတ်သည်သာ ပစ္စုပ္ပန်အာရုံကို အာရုံပြုနိုင်သောကြောင့်၄င်း၊ တဒါရုံဘဝင်နောင် စုတိကျသော ပဉ္စဒွါရဝီထိ၌ စုတိစိတ်၌ပင် ပစ္စုပ္ပန်အာရုံချုပ်သွားသည်ဖြစ်၍ ပဋိသန္ဓေဘဝင်တို့သည် ပစ္စုပ္ပန်အာရုံကို အာရုံမပြုနိုင်သောကြောင့်၄င်း၊ သင်္ဂဟစကားကို မှချဟု မမှတ်ယူသင့်ပါ။

မေး။ တဒါပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတိ ဟူသော သင်္ဂဟစကားအရ တဒါရုံနောင် စုတိကျသော ပဉ္စဒွါရဝီထိဖြစ်အံ့ ဘဝသစ်၌ စိတ်ပေါင်းမည်မျှသည် ပစ္စုပ္ပန်အာရုံကို ဆက်လက်၍ယူနိုင်ပါသနည်း။

ဖြေ။ တဒါရုံနောင် စုတိကျသော ပဉ္စဒွါရဝီထိ၌ အတီတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံသည် အသက်(၁၆)ချက်ရှိသည်ဖြစ်သောကြောင့် ဘဝသစ်၌ ပဋိသန္ဓေစိတ်တစ်ခုသည်သာ ပစ္စုပ္ပန်အာရုံကို ဆက်လက်၍ အာရုံပြုနိုင်ပါသည်။

မေး။ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ–၌ နိမိတ်,အာရုံနှင့် ဒွါရကို ဖြစ်သင့်သလိုတွဲစပ်ပြပါ။

ဖြေ။ ကမ္မနိမိတ်ကို (၆)ဒွါရဖြင့်ယူအပ်ပါသည်။ ဂတိနိမိတ်အာရုံကို မနော

http://www.dhammadownload.com



ဒွါရဖြင့် ယူအပ်ပါသည်။

မေး။ မရဏာသန္နဇောသည်ယူအပ်သော ကမ္မနိမိတ်၏ ပစ္စုပ္ပန်အာရုံ ဖြစ်နိုင်ပုံကို ရေးခဲ့ပါ။

ဖြေ။ မရဏာသန္နဝီထိမှ ရှေးအဖို့၌ဖြစ်သော ပဋိသန္ဓေကိုဖြစ်စေနိုင်သော မနောဒွါရိကဇောတို့၏ အာရုံဖြစ်သော ကမ္မနိမိတ်နှင့် တူသည်၏အဖြစ်ကြောင့် မရဏာသန္နဇောသည်ယူအပ်သော ပစ္စုပ္ပန်အဆင်းအနံ့ စသောအာရုံကို ကမ္မနိမိတ်ဟုဆိုနိုင်ပါသည်။

မေး။ မရဏာသန္နဇောသည် အဘယ်ကြောင့် ပဋိသန္ဓေကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ဆည်းပူးအပ်သည်၏အဖြစ်မရှိသောကြောင့်၄င်း၊ တဏှာဖြင့်မသာယာအပ်သည်၏အဖြစ်ကြောင့်၄င်း၊ ပဋိသန္ဓေကို မဖြစ်စေနိုင်ပါ။

မေး။ ပစ္စုပ္ပန်ကမ္မနိမိတ်သည် အဘယ်တရား၏ အာရုံဖြစ်ပါသနည်း။

ဖြေ။ စုတိ၏အနီး၌ဖြစ်သော ပဉ္စဒွါရိကဇောတို့၏ အာရုံဖြစ်နိုင်ပါသည်။

မေး။ ပဉ္စဒွါရ၌ဖြစ်သောကံသည် အဘယ်ကြောင့် ပဋိသန္ဓေကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ထက်ဝန်းကျင်မှအားနည်းသည်၏အဖြစ်ကြောင့် ပဋိသန္ဓေကိုမဖြစ်စေနိုင်ပါ။

F11A

မေး။ အရူပစုတိနောင် အောက်အောက်ဖြစ်သော အရူပပဋိသန္ဓေများကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

http://www.dhammadownload.com



ဖြေ။ အထက်အထက်ဘုံ၌ဖြစ်သော ဗြဟ္မာတို့သည် အောက်အောက်ဘုံ၌ ဖြစ်စေတတ်သောကံတရားကို အားမထုတ်သောကြောင့် ကြဉ်ရပါသည်၊

မေး။ အရူပစုတိနောင် ကာမတိဟိတ်ပဋိသန္ဓေ အဘယ်ကြောင့် နောင်းနိုင်/ဖြစ်နိုင်ပါသနည်း။

ဖြေ။ ဥပစာရဈာန်ဟူသော ကာမာဝစရကုသိုလ်ကံ၏ အားကောင်းသောကြောင့် ကာမတိဟိတ်ပဋိသန္ဓေ နောင်းနိုင်/ ဖြစ်နိုင်ပါသည်။

မေး။ တဒေဝ စိတ္တံ၌ ပဋိသန္ဓေစိတ်သည် ချုပ်ပြီးပါလျက် အဘယ်ကြောင့် အဘယ်စိတ်ကို တဒေဝ စိတ္တံ ဟုဆိုပါသနည်း။

ဖြေ။ ရှေးယခင်နေ့က စားသုံးဘူးသောဆေးနှင့်တူသော ယနေ့စားသော ဆေးကို "ထိုဆေးဟုပင်" ခေါ်သကဲ့သို့ ပဋိသန္ဓေစိတ်နှင့် တူသည်၏ အဖြစ်ဖြင့် ထိုပဋိသန္ဓေစိတ်ဟုပင် ခေါ်ထိုက်သည်၏အဖြစ်ကြောင့် ဘဝင်စိတ်ကို တဒေဝ စိတ္တံဟု ဆိုပါသည်။

မေး။ ဘဝင်စိတ်သည် အဘယ်မျှလောက်သော ကာလပတ်လုံး သတ္တဝါတို့ သန္တာန်၌ ဖြစ်လျက်ရှိပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်ချုပ်ပြီးသည်မှစ၍ စုတိစိတ်ဖြစ်သည်တိုင်အောင် ဝီထိစိတ် မဖြစ်နိုင်လောက်သောကာလပတ်လုံး မြစ်ရေအယဉ်ကဲ့သို့ အဆက်မပြတ် ဖြစ်လျက်ရှိပါသည်။

မေး။ ရထစက္ကမိဝ ယထာက္ကမံဝေပရိဝတ္တန္တာ ပဝတ္တန္တိ-အရ သံသရာစက်သည် အဘယ်တိုင်အောင် လည်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ အဝိဇ္ဇာ,တဏှာဟူသော ဝဋ်မြစ်ပြတ်သည်တိုင်အောင် သံသရာစက် လည်ပါသည်။

မေး။ ပဋိသန္ဓိဘဝင်စုတိယောဉ် စုတိယောအရ ယူသင့်သည်ကို ရေးခဲ့ပါ။
ဖြေ။ ဝိထိယောအရ ဝိထိစိတ်တို့ကို ယူသင့်ပါသည်။
(တနည်း) ကေစိဆရာတို့အလို– အစဉ်ဟူသောအနက်ကို ယူရပါသည်။

မေး။ အဘယ်ကြောင့် ဘဝင်စိတ် ဟုခေါ်ပါသနည်း။
ဖြေ။ ပစ္စုပ္ပန်ဘဝ၏ အကြောင်းဖြစ်သောကြောင့် ဘဝင်စိတ်ဟုခေါ်ပါ သည်။

မေး။ အဓိဂန္တာ ပဒံ–၌ နိဗ္ဗာန်ကို ရပုံကို ရေးခဲ့ပါ။
ဖြေ။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် နိဗ္ဗာန်ကို ရပါသည်။

ဝီထိမုတ်ပိုင်းအဓိပ္ပါယ်ပြီး၏

## ရူပပရိစ္ဆေဒအဖွင့်

*************

မေး။ စတ္တောဝတော ဝိဘတ္တာဟိ စသော စကားရပ်ကို အဘယ်ကြောင့် အရှင်အနုရုဒ္ဓါ ဆိုပါသနည်း။
ဖြေ။ စိတ် စေတသိက်တို့ကို ပြပြီး၍ ရုပ်နှင့် နိဗ္ဗာန်ကို ပြခြင်းအကျိုးငှါ ဆိုပါသည်။

http://www.dhammadownload.com



မေး။ သပ္ပဘောဒပဝတ္တိကာ၌ ပဘေဒအရ ပဝတ္တိအရတို့ကို ရေးခဲ့ပါ။

ဖြေ။ ပဘေဒအရ–ဥဒ္ဒေသ+နိဒ္ဒေသ+ပဋိနိဒ္ဒေသဟု ပရိစ္ဆေဒသုံးပါးကို ရ၏၊ ပဝတ္တိအရ ပဝတ္တိ ပဋိသန္ဓေအားဖြင့် ပရိစ္ဆေဒ နှစ်မျိုးရပါသည်။

မေး။ ပဝတ္တိက္ကမတော၌ အဘယ်ကို ပဝတ္တိက္ကမ ဟုခေါ်ပါသနည်း။

ဖြေ။ ဘဝ+ကာလ+ သတ္တဝါတို့၏ အပြားအားဖြင့်ပြားကုန်သော ရုပ်တို့၏ ဖြစ်စဉ်ကို ပဝတ္တိက္ကမဟုဆိုပါသည်။

မေး။ အဘယ်ကြောင့် မဟာဘုတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဥပါဒိန္န+ အနုပါဒိန္နသန္တာန်တို့၌ သသမ္ဘာရဓာတ်၏အစွမ်းအားဖြင့် ကြီးမားများပြား ထင်ရှားဖြစ်တတ်သောကြောင့် မဟာဘုတ်မည်၏။

(တနည်း)များစွာသော အံ့ဘွယ်အထူးကို ပြဓာတ်သောကြောင့် မဟာဘုတ်မည်၏။

(တနည်း)များစွာသော မဟုတ်မမှန်သော သဘောတို့ကို ပြတတ်သောကြောင့် မဟာဘုတ်မည်၏။(တနည်း) မျက်လှည့်သည်+ဘီလူးမစသည်တို့နှင့် တူသောကြောင့် မဟာဘုတ်မည်၏။ (တနည်း) ကြီးမားကုန်သော မဟာဘုတ်ဥပါဒါရုပ်တို့၏ ဖြစ်ရာဖြစ်သောကြောင့် မဟာဘုတ်မည်၏။

မေး။ မဟာဘုတ်တို့၏ မျက်လှည့်သည်နှင့် တူပုံကို ရေးပါ။

ဖြေ။ မျက်လှည့်သည်တို့သည် များစွာသော အံ့ဘွယ်အထူး၊ များစွာသော မဟုတ်မမှန်သောဝတ္ထုများကို လှည့်စား၍ ပြတတ်သကဲ့သို့ မဟာဘုတ်တို့သည်လည်း မိမိသည် အညိုစသော သဘောမရှိကုန်ဘဲ ညိုသော

http://www.dhammadownload.com



အဆင်းစသောသဘောဖြင့် ဥပါဒါရုပ်တို့ကို ပြတတ်သောအားဖြင့် မျက်လှည့်သည်နှင့်တူပါသည်။

မေး။ မဟာဘုတ်တို့၏ ဘီလူးမနှင့် တူပုံကို ရေးပါ။

ဖြေ။ ဘီလူးမသည် နှစ်သက်ဖွယ်သော အဆင်း သဏ္ဌာန်စသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သကဲ့သို့ မဟာဘုတ်တို့သည်လည်း နှစ်သက်ဖွယ်သော မိန္မ+ယောကျ်ားတို့၏ အဆင်းကိုပြခြင်း စသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သောအားဖြင့် ဘီလူးမနှင့်တူပါသည်။

မေး။ အဘယ်ကြောင့် ဥပါဒါရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ မဟာဘုတ်တို့ကို မှီ၍ဖြစ်သောကြောင့် ဥပါဒါရုပ်ဟု ခေါ်ပါသည်။

မေး။ မဟာဘုတ်ကိုမှီ၍ဖြစ်သောကြောင့် ဥပါဒါရုပ်ဟုဆိုလျှင် မဟာဘုတ်အချင်းချင်း တပါးနှင့်တပါးမှီခဲ့သော် မှီတတ်သော မဟာဘုတ်တို့ကို ဥပါဒါရုပ်ဟု ခေါ်နိုင်ပါသလော။

ဖြေ။ ဥပါဒါရုပ်ဟူသည် သူတပါးတို့ကိုသာမှီ၍ အခြားတပါးတို့၏ အမှီမခံရသော ရုပ်တို့ကိုသာ ခေါ်နိုင်၍ သူတပါးတို့၏ မှီတတ်+ မှီအပ်နှစ်မျိုးရနိုင်သော မဟာဘုတ်တို့ကို ဥပါဒါရုပ်ဟု မခေါ်နိုင်ပါ။

(တနည်း) စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ ဟူသောစကားရပ်ဖြင့် ဥပါဒါရုပ်တို့၏ လက္ခဏာကိုပြသောကြောင့် ဥပါဒါရုပ်ဟု မခေါ်နိုင်ပါ။

မေး။ ပထဝီဓာတု၌ ပထဝီမည်ပုံနှင့် ဓာတုမည်ခြင်း၏ အကြောင်းတို့ကို ရေးပါ။

http://www.dhammadownload.com



ဖြေ။ ပကတိဖြစ်သောမြေပထဝီသည် သစ်ပင်+တောင်စသည်တို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားသကဲ့သို့ ပရမတ္ထပထဝီသည်လည်း သဟဇာတ်ဖြစ်သော ရုပ်တရားတို့၏ တည်ရာဖြစ်သောကြောင့် ပထဝီဟုခေါ်ပါသည်။

မိမိ မိမိ၏ လက္ခဏာကို ဆောင်ခြင်းစသော အနက်ကြောင့်၎င်း၊ သတ္တလည်းမဟုတ်၊ဇီဝလည်းမဟုတ်သောကြောင့်၎င်း၊ ကိုယ်၏အစိတ်ဖြစ်သော သွေးစသောဓာတ်+ဆေးဒါန်းမြင်းသီလာစသောကျောက်ဓာတ်တို့နှင့်တူသောကြောင့်၎င်း၊ ပထဝီကိုပင် ဓာတ်ဟုခေါ်ပါသည်။

မေး။ အာပေါ+ တေဇော+ ဝါယောတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။
ဖြေ။ (၁)သဟဇာတ်ဖြစ်သောရုပ်တို့ကို ပြန့်နှံ့တိုးပွါးစေတတ်သောကြောင့် အာပေါဟုခေါ်ပါသည်။ (၂)ကြွင်းသောမဟာဘုတ် သုံးပါးအပေါင်းကို ရင့်ကျက်စေတတ်–ထက်စေတတ်–ပူစေတတ်သောကြောင့် တေဇောဟုခေါ်ပါသည်။ (၃)မဟာဘုတ်အပေါင်းကို အရပ်တပါးသို့ ရောက်အောင် လွှင့်ထုတ်တတ်သောကြောင့် ဝါယောဟုခေါ်ပါသည်။

မေး။ ဓာတ်လေးပါးတို့၏ လက္ခဏာကို ရေးပါ။
ဖြေ။ (၁)ပထဝီဓာတ်သည် ကြမ်းတမ်းခက်မာခြင်း၊ (၂)အာပေါဓာတ်သည် ယိုစီးဖွဲ့စည်းခြင်း၊ (၃)တေဇောဓာတ်သည် ပူလောင်ခြင်း၊ (၄)ဝါယောဓာတ်သည် ထောက်ပန့်ခိုင်စေခြင်း လက္ခဏာအသီးသီးရှိပါသည်။

မေး။ အဘယ်ကြောင့် ပသာဒရုပ်ဟု ခေါ်ပါသနည်း။
ဖြေ။ မဟာဘုတ်လေးပါးတို့၏ ကြည်လင်ခြင်း၏အကြောင်းဖြစ်သောကြောင့် ပသာဒရုပ်ဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ ပသာဒရုပ်ငါးပါးတို့၏ လက္ခဏာအသီးသီးကို ရေးပါ။

ဖြေ။ (၁)စက္ခုပသာဒသည် ကြည့်ရှုလိုသောတဏှာလျှင် အကြောင်းရင်း ရှိသော ကမ္မဇမဟာဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိ၏။

(၂)သောတပသာဒသည် နားထောင်လိုခြင်းတဏှာလျှင် အကြောင်းရင်း ရှိသော ကမ္မဇမဟာဘုတ်ကို ကြည်စေခြင်းလက္ခဏာရှိပါသည်။

(၃)ဃာနပသာဒသည် နမ်းရှုလိုသောတဏှာလျှင်——

(၄)ဇိဝှာပသာဒသည် လျက်လိုသောတဏှာလျှင်————

(၅)ကာယပသာဒသည် တွေ့ထိလိုသောတဏှာလျှင် အကြောင်းရင်း ရှိသော ကမ္မဇမဟာဘုတ်ကို ကြည်စေခြင်းလက္ခဏာရှိ၏။

မေး။ ပသာဒရုပ်ငါးပါး၏ တည်နေရာကို အသီးသီးရေးပါ။

ဖြေ။ (၁)စက္ခုပသာဒသည် မျက်နက်ဝန်းအလယ် သန်းဦးခေါင်းပမာဏ ရှိသော ရှေ့၌တည်သောသူတို့၏ ကိုယ်သဏ္ဌာန်ဖြစ်ပေါ်ရာအရပ်၌ မျက်လွှာ(၇)ထပ်ကို ပျံ့နှံ့၍ တည်ပါသည်။

(၂)သောတပသာဒသည် နား၏အတွင်း,လက်စွပ်ကွင်း သဏ္ဌာန်အရပ် ဝယ် နူးညံ့နီမြန်းသော အမွေးတို့ကို ပျံ့နှံ့၍ တည်ပါသည်။

(၃)ဃာနပသာဒသည် နှာခေါင်းအတွင်း,ဆိတ်ခွါသဏ္ဌာန်အရပ်ကို ပျံ့ နှံ့ ၍တည်ပါသည်။ (၄)ဇိဝှါပသာဒသည် လျှာ၏ အလယ် ကြာပွင့်ဖတ် များ သဏ္ဌာန်အရပ်ကို ပျံ့နှံ့၍ တည်ပါသည်။

(၅)ကာယပသာဒသည် ကမ္မဇတေဇော၏ တည်ရာအရပ်ကိုင်၄း၊ ဆံ ဖျား +မွေးညှင်း,ခြေသည်း,လက်သည်းဖျား ခြောက်သွေ့သောအရေ တို့ကိုင်၄း၊ ချန်ထား၍ ကြွင်းသော တကိုယ်လုံးကိုပျံ့နှံ့၍ တည်ပါသည်။

မေး။ တစ်ကိုယ်လုံးပျံ့၍တည်သော ကာယပသာဒနှင့် အခြားသောစက္ခု

ပသာဒစသည်တို့ ရောနှော၍ တည်ရှိကြပါသလော။

ဖြေ။ မီးရာကွဲပြား+ လက္ခဏာကွဲပြားသောကြောင့် မရောနှောနိုင်ပါ။

မေး။ မီးရာတူကြသော ရူပါရုံ+ ရသာရုံစသည်တို့သည် တစ်ခုနှင့်တစ်ခု ရောနှောနိုင်ပါသလော။

ဖြေ။ လက္ခဏာကွဲပြားသောကြောင့် မရောနှောနိုင်ပါ။

မေး။ စက္ခုပသာဒတည်ရှိနိုင်ရန် လိုအပ်သောအကြောင်းများကို ရေးခဲ့ပါ။

ဖြေ။ မင်းသားငယ်တစ်ယောက်ကို အထိန်းသည်လေးယောက်တို့က ဆောင်ခြင်း၊ရေချိုးပေးခြင်း၊ တန်ဆာဆင်ခြင်း၊ ယပ်ခပ်ပေးခြင်းကိစ္စတို့ဖြင့် စောင့်ရှောက် ကျွေးမွေးပြုရသကဲ့သို့ ဓာတ်ကြီးလေးပါးတို့က ကောင်းစွာဆောင်ခြင်း၊ ဖွဲ့ခြင်း၊ ရင့်ကျက်စေခြင်း၊ ရွေ့ရှားစေခြင်း ကိစ္စတို့ဖြင့် ကျွေးမွေးပြုပေးရခြင်း၊ ဥတုစိတ်အာဟာရတို့က ထောက်ပန့်ပေးရခြင်း၊ ဇီဝိတိန္ဒြေက စောင့်ရှောက်ပေးရခြင်းတို့ ဖြစ်ပါသည်။

မေး။ အာပေါဓာတုဝိဝဋ္ဋတံ–၌ အဘယ်ကြောင့် အာပေါဓာတ်ကို ကြဉ်ရပါသနည်း။

ဖြေ။ အာပေါဓာတ်သည် သိမ်မွေ့နူးညံ့သောအားဖြင့် တွေ့ထိ၍မရကောင်း သောကြောင့် ကြဉ်ရပါသည်။

မေး။ ရေ၌ အေးချမ်းသောသဘောကို တွေ့ထိနိုင်ပါလျက် အဘယ်ကြောင့် အာပေါဓာတ်ကို ကြဉ်ရပါသနည်း။

ဖြေ။ ရေ၌ တွေ့ထိ၍ရကောင်းသောအအေးသည် အာပေါဓာတ်မဟုတ်၊

တေဇောဇာတ်ပင်ဖြစ်သောကြောင့် ကြည့်ရပါသည်။

မေး။ အပူ+အအေးနှစ်မျိုးလုံးကိုပင် တေဇောဇာတ်ဟုခေါ်နိုင်ပုံကို ဥပမာဖြင့် ရှင်းပြပါ။

ဖြေ။ အရှေ့ဘက်ကမ်းတစ်ခုကိုပင် အနောက်ဘက်ကမ်း နေသူတို့က ဟိုဘက်ကမ်းဟုခေါ်ရ၏၊ အရှေ့ကမ်းနေသူတို့က ဤဘက်ကမ်းဟုခေါ်နိုင်သကဲ့သို့ အပူ+အအေးနှစ်မျိုးလုံးကိုပင် တေဇောဇာတ်ဟုခေါ်နိုင်ပါသည်။

မေး။ အဘယ်ကြောင့် ဂေါစရရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ ပဥ္စဝိညာဏ်၏အာရုံဖြစ်သောကြောင့် ဂေါစရရုပ်ဟုခေါ်ပါသည်။

မေး။ ဂေါစရရုပ်၏ လက္ခဏာကို ရေးပါ။

ဖြေ။ (၁)စက္ခုဝိညာဏ်စသည်တို့၏ အာရုံဖြစ်ခြင်းလက္ခဏာ၊ (၂)စက္ခုပသာဒစသည်ကို ထိခိုက်ခြင်းလက္ခဏာဟု နှစ်မျိုးရှိပါသည်။

မေး။ မိမ္မဟု သိနိုင်ကြောင်း အမှတ်အသားလက္ခဏာတို့ကို ရေးပါ။

ဖြေ။ (၁)မိမ္မတို့၏ အင်္ဂါဇာတ်ဟူသော ဣတ္ထိလိင်္ဂ၊

(၂)မိမ္မတို့၏ အသံ အလိုဆန္ဒဟူသော ဣတ္ထိနိမိတ္တ၊

(၃)မသန့်ရှင်းသော ရပ်ပုံ သွားပုံ ထိုင်ပုံစသော ဣတ္ထိကုတ္တ၊

(၄)မိမ္မတို့၏လက်ခြေစသောသဏ္ဍာန်ဟူသော ဣတ္ထာကပ္ပ၊ ဤအခြင်းအရာတို့သည် မိမ္မဟုသိနိုင်သောလက္ခဏာတို့ဖြစ်ပါသည်။ (ဤကား ဋီကာအလိုတည်း)

F124

http://www.dhammadownload.com



(တနည်း)(၁) လက်ခြေစသောသဏ္ဌာန်သည် လိင်၊
(၂)ပြုံးရယ်ခြင်းစသည်သည် နိမိတ္တ၊
(၃)ဗန်းငယ်,စကောငယ်စသည်ဖြင့် ကစားခြင်းစသည်သည် ကုတ္တိကုတ္တ
(၄)သွားခြင်း,ရပ်ခြင်းစသည်သည် ကုတ္တာကပ္ပ၊ (ဤကားအဋ္ဌကထာ အလိုတည်း)

မေး။ ဘာဝရုပ်၏ အဓိပ္ပါယ်နှင့် တည်နေရာတို့ကို ရေးပါ။

ဖြေ။ ဣတ္ထိ,ပုရိသဟူသောသဒ္ဒါနှင့် မိမ္မ,ယောကျ်ားဟုသိနိုင်သော ဉာဏ် နှစ်ပါးတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဘာဝရုပ်ဟုခေါ်ပါသည်။ ၎င်းဘာဝရုပ်နှစ်ပါးသည် တကိုယ်လုံးပြန့်နှံ့၍တည်ပါသည်။

မေး။ ဟဒယရုပ်ကိုပင် ဟဒယဝတ္ထုဟု ဆိုရခြင်း အကြောင်းကို ရေးပါ။

ဖြေ။ မနောဓာတ်+မနောဝိညာဏဓာတ်နှစ်ပါးတို့၏ မှီရာဖြစ်သော ကြောင့် ဟဒယဝတ္ထုဟု ဆိုရပါသည်။

မေး။ ဟဒယဝတ္ထု၏ တည်နေရာကို ရေးပါ။

ဖြေ။ နှလုံးသား၏အတွင်း ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်၌ တည်သော တစ်လက်ဖက်မျှလောက်သောသွေးကို မှီ၍တည်ပါသည်။

မေး။ ပါဠိတော်၌ မဟောသော ဟဒယဝတ္ထုရှိကြောင်းကို အာဂမယုတ္တိ+ သဘာဝယုတ္တိဖြင့် ရေးပါ။

ဖြေ။ ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ

http://www.dhammadownload.com



ဓမ္မာနံ နိဿယယပစ္စယေန ပစ္စယောဟူသောပဋ္ဌာန်းပါဠိဖေတ်အာဂမ ယုတ္တိကို ထောက်ဆသောအားဖြင့် မနောဓာတ်,မနောဝိညာဏဓာတ်တို့ ၏ မှီရာ ဟဒယဝတ္ထုရုပ်ရှိကြောင်း သိနိုင်ပါသည်။

(က)စက္ခုဝတ္ထုစသည်တို့သည် စက္ခုဝိညာဏ်စသည်တို့၏ မှီရာ ဖြစ်သောကြောင့် မနောဓာတ်+ မနောဝိညာဏဓာတ်နှစ်ပါးတို့သည် စက္ခုစသောဝတ္ထုရုပ်ကို မမှီနိုင်ပါ။

(ခ)ရူပါရုံစသည်တို့သည်လည်း ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်သော ကြောင့် မနောဓာတ်+ မနောဝိညာဏဓာတ်နှစ်ပါးတို့သည် ထိုရူပါရုံ စသည်ကို မမှီနိုင်ပါ။

(ဂ)ဇီဝိတိန္ဒြေသည် နိဿယကိစ္စမှတပါး သဟဇာတ်တရားတို့ကို စောင့်ရှောက်ရခြင်းကိစ္စနှင့် ယှဉ်သောကြောင့် ဇီဝိတိန္ဒြေကိုလည်း မမှီ နိုင်ပါ။

(ဃ)ဘာဝရုပ်နှစ်ပါးမရှိသော နပုံး+ပဏ္ဍုပ်တို့၏ သန္တာန်၌လည်း မနောဓာတ်+မနောဝိညာဏဓာတ်နှစ်ပါးရှိနိုင်သောကြောင့် ဘာဝရုပ် နှစ်ပါးကိုလည်း မမှီနိုင်ပါ၊ ဤသို့လျှင် မနောဓာတ်+မနောဝိညာဏ ဓာတ်နှစ်ပါးတို့သည် မှီရာနှင့်ကင်း၍ မဖြစ်နိုင်ရကား ၄င်းဓာတ်နှစ်ပါး တို့၏ မှီရာဟဒယဝတ္ထုဟူသော ရုပ်တစ်မျိုးရှိနိုင်၏ ဟူသော သဘာဝ ယုတ္တိအားဖြင့် သိနိုင်ပါသည်။

မေး။ ဟဒယဝတ္ထုရှိနိုင်ပါလျှက် ပါဠိတော်၌ ဘုရားရှင်သည် အဘယ် ကြောင့် မဟောပါသနည်း။

ဖြေ။ ဝတ္ထုဒုက်၊အာရမ္မဏဒုက်နှစ်ပါးတို့ကို ဟောကြောင်းဒေသနာတော် ပျက်နိုင်သောကြောင့် မဟောပါ။

+++ +++++++++

http://www.dhammadownload.com



မေး။ ဇီဝိတိန္ဒြေ–၌ ဇီဝိတ+ဣန္ဒြိယမည်ခြင်းအကြောင်းတို့ကို ရေး၍၊ ဇီဝိတိန္ဒြေ၏ လက္ခဏာကိုလည်း ရေးခဲ့ပါ။

ဖြေ။ သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တရားတို့၏ အသက်ရှင်ကြောင်း ဖြစ်သောကြောင့် ဇီဝိတမည်၏။

ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း၌ အစိုးရသည်၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့် ဣန္ဒြိယမည်၏။ ထိုဇီဝိတိန္ဒြေသည် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို စောက်ရှောက်ခြင်းလက္ခဏာရှိပါသည်။

မေး။ တစ်ခဏမျှသာတည်နိုင်သော ဇီဝိတိန္ဒြေ၏ သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်နိုင်ပုံကို ရေးပါ။

ဖြေ။ သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တရားတို့၏ အကြောင်းအားဖြင့် ပင်လျှင် စောင့်ရှောက်နိုင်ပါသည်။

မေး။ စိတ်,ဥတု,အာဟာရတို့သည် စိတ္တဇ+ဥတုဇ+အာဟာရဇရုပ်တို့၏ တည်ခြင်း၏အကြောင်းဖြစ်သကဲ့သို့ ကံသည်သာလျှင် ကမ္မဇရုပ်တို့၏ တည်ကြောင်း ဖြစ်နိုင်ပါသလော။

ဖြေ။ ကံသည် ကမ္မဇရုပ်တို့ ထင်ရှားဖြစ်ပေါ်သောခဏ၌ မရှိနိုင်တော့ သောကြောင့် ကမ္မဇရုပ်တို့၏ တည်ကြောင်းမဖြစ်နိုင်ပါ၊ ဇီဝိတရုပ်သည်သာလျှင် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့၏ တည်ကြောင်း+ဖြစ်ကြောင်းဖြစ်နိုင်ပါသည်။

မေး။ ဇီဝိတရုပ်၏ တည်နေရာကို ရေးပါ။

ဖြေ။ ဇီဝိတရုပ်သည် ပါစကဝမ်းမီးဟူသော တေဇောဓာတ်နှင့်တကွ ဥပါ

http://www.dhammadownload.com



ဒိန္နကာယတစ်ခုလုံးကို ပျံ့နှံ့၍တည်ပါသည်။

မေး။ ဩဇာသည်သာ အာဟာရရုပ်မည်ပါလျှက် အဘယ်အကျိုးငှါ ကဗဠီကာရော ဟုဆိုပါသနည်း။

ဖြေ။ ထမင်းစသောဩဇာ၏ တည်ရာဝတ္ထုနှင့်တကွပြု၍ အာဟာရကို ပြခြင်း အကျိုးငှါ ကဗဠီကာရော အာဟာရောဟုဆိုပါသည်။

မေး။ အာဟာရရုပ်ဟူသည် အဘယ်ပါနည်း၊ လက္ခဏာနှင့်တကွ ရေးပါ။

ဖြေ။ ဣန္ဒြိယရုပ်ရှစ်ပါးနှင့်တကွဖြစ်သော ရုပ်အပေါင်းကို ထောက်ပန့်ခိုင်စေခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အင်္ဂါကြီးငယ်သို့ လျှောက်၍ အရသာကို ဆောင်တတ်သော မျိုအပ်သောအာဟာရ၏ အစေးဖြစ်သော ဩဇာကို အာဟာရရုပ်ဟု ခေါ်၏။

ငှင်းအာဟာရရုပ်သည် ဣန္ဒြိယရုပ်ရှစ်ခုနှင့်တကွဖြစ်သော ရုပ်အပေါင်းကို ထောက်ပန့်ခိုင်စေခြင်း လက္ခဏာရှိ၏။ (တနည်း) ဩဇဋ္ဌမက ရုပ်ကို ဆောင်ခြင်းလက္ခဏာရှိ၏။

မေး။ မုချရုပ်+ဥပစာရုပ်တို့ကို ခွဲခြားပြပါ။

ဖြေ။ ဖောက်ပြန်သောသဘောတရားသည် မုချရုပ်မည်၏။ ထိုဖောက်ပြန်သောသဘောတရားနှင့်ယှဉ်သော စက္ခုပသာဒစသောရုပ်သည် ဥပစာရုပ်မည်၏။

မေး။ နိပ္ဖန္နရုပ်(၁၈)ပါးကို ရူပသဒ္ဒါအပိုဖြင့် အထူးပြု၍ အဘယ်ကြောင့် ရူပရူပံဟု ဆိုရပါသနည်း။

ဖြေ။ ဖေါက်ပြန်ခြင်းသဘောမရှိသော အနိပ္ဖန္နရုပ်(၁၀)ပါးကိုလည်း ရုဠှီ

အားဖြင့် ရုပ်ဟုခေါ်နိုင်သည့်အတွက် ထိုအနိပ္ဖန္နရုပ်တို့ကို ကြဉ်စေလိုသောကြောင့် အထူးပြု၍ဆိုပါသည်။

မေး။ အာကာသကို အဘယ်ကြောင့် ဓာတ်ဟုခေါ်ပါသနည်း။
ဖြေ။ ဇီဝမဟုတ်သော အနက်သဘောကြောင့် အာကာသကို ဓာတ်ဟုခေါ်ပါသည်။

မေး။ ပရိစ္ဆေဒရုပ်၏ ပိုင်းခြားပုံကို ရေးခဲ့ပါ။
ဖြေ။ စက္ခုဒသကစသော တစ်ခုခုသော ကလာပ်၌တည်သော ရုပ်တို့ကို အခြားကလာပ်တပါး၌တည်သောရုပ်တို့နှင့် မရောနှောအောင်ပြုခြင်းကိုပင် ပိုင်းခြားသည် ဟုဆိုပါသည်။

မေး။ ပရိစ္ဆေဒရုပ်သည် ပိုင်းခြားတတ်သော သတ္တိရှိနိုင်ပါသလော။
ဖြေ။ ပရိစ္ဆေဒရုပ်၌ ပိုင်းခြားတတ်သော သတ္တိမရှိပါ၊ ထိုထိုရုပ်ကလာပ်ကို ပိုင်းခြားသကဲ့သို့ ဖြစ်ခြင်းကိုပင် ပိုင်းခြားတတ်သည်ဟုဆိုရပါသည်။

မေး။ ကလာပ်တစ်ခုနှင့်တစ်ခုထိစပ်နေပါလျက် အဘယ်ကြောင့် အာကာသ ဟု ဆိုပါသနည်း၊ အာကာသဖြစ်ပုံကို ရေးပါ။
ဖြေ။ ကလာပ်တစ်ခုနှင့်တစ်ခုထိနေပါသော်လည်း ထိုထိုရုပ်တို့၏ အသီးသီး ဖြစ်ခြင်းဟုဆိုအပ်သော ရုပ်တို့၏ အဆုံးအပိုင်းအခြားကိုပင် အာကာသဟုဆိုရပါသည်။

မေး။ ပိုင်းခြားတတ်သောအာကာသဓာတ်နှင့် ပိုင်းခြားအပ်သောရုပ်ကလာပ်

http://www.dhammadownload.com



တို့ ထိစပ်နေပါသလော။
ဖြေ။ ထိစပ်၍ မနေပါ၊ မတွေ့ မထိနိုင်ပါ။

မေး။ ကာယဝိညတ်,ဝစီဝိညတ်၏ အဓိပ္ပါယ်ကို ရေး၍၊ ၎င်းတို့၏အရကိုလည်း ရေးခဲ့ပါ။
ဖြေ။ လှုပ်သောကိုယ်ဖြင့် မိမိ၏အလိုကို သူတပါးတို့အား သိစေတတ်သောကြောင့်၎င်း၊ မိမိကိုယ်တိုင်လည်း ထိုလှုပ်သောကိုယ်ဖြင့် သိအပ်သောကြောင့်၎င်း ၊ ကာယဝိညတ်မည်၏။
၎င်းကာယဝိညတ်အရ ရုပကာယ၏ ထက်ဝန်းကျင်လှုပ်ခြင်း၏အကြောင်း၏အဖြစ်ဖြင့် ရအပ်သောစိတ္တဇဝါယောဓာတ်၏ အမူအရာအထူးကိုရပါသည်။
(၂)သဝိညာဏကအသံဟုဆိုအပ်သော စကားဖြင့် မိမိ၏အလိုကို သူတပါးတို့အား သိစေတတ်သောကြောင့်၎င်း၊ ထိုအသံဖြင့် သူတပါးဟုကလည်း သိအပ်သောကြောင့်၎င်း၊ ဝစီဝိညတ်မည်၏။
၎င်းဝစီဝိညတ်အရ– နှုတ်မြွက်ခြင်းကိုပြုတတ်သော စိတ္တဇပထဝီဓာတ်၏ အက္ခရာဖြစ်ရာ ဌာန်စသည်တို့၌ဖြစ်သော ဥပါဒိန္နကမ္မဇရုပ်နှင့် တကွ ထိခိုက်ကြောင်းဖြစ်၍ဖြစ်သော အခြင်းအရာအထူးကို ရ၏။

မေး။ လက်ခြေစသည်တို့ လှုပ်ရှားမှုဖြစ်ပေါ်လာပုံကို ရေးပါ။
ဖြေ။ ရုပ်လေးပါးတို့တွင် စိတ္တဇရုပ်လှုပ်ရှားသည်ရှိသော် ထိုစိတ္တဇရုပ်နှင့် စပ်လျက်ရှိသော ကမ္မဇ+ဥတုဇ+အာဟာရဇရုပ်တို့သည်လည်း လှုပ်ရှားလာရ၏၊ ဤသို့လျှင် ပထမဇောစသည်တို့ကြောင့်ဖြစ်သော ဝါယောဓာတ်တို့သည် ဝိညတ်ဟူသော အခြင်းအရာထူးတို့နှင့် တကွဖြစ်ကုန်လျက် ရှေ့သို့တက်ခြင်း၊နောက်သို့ဆုတ်ခြင်း၊စသည်တို့ကို ဖြစ်စေသော

http://www.dhammadownload.com



အားဖြင့် လက်စသည်တို့ လျှပ်ရှားလာရပါသည်။

မေး။ အသံဖြစ်ပေါ်လာရာအခါနှင့် ဖြစ်ပေါ်နိုင်သောအခါတို့ကို ရေးခဲ့ပါ။

ဖြေ။ စိတ္တဇပထဝီဓာတ်နှင့် ကမ္မဇပထဝီဓာတ်တို့၏ ထိခိုက်လျှင် ထိခိုက်ခြင်းသာလျှင် အသံဖြစ်ပေါ်လာရပါသည်။ ၎င်းထိခိုက်မှုအသံ ဖြစ်ပေါ်ခြင်းကို ပထမဇောစသည်တို့ ဖြစ်ရာအခါ၌လည်း ရနိုင်ပါသည်။

မေး။ လဟုတာ+မုဒုတာ+ကမ္မညတာသုံးခုတို့၏ သဘောကို ဥပမာနှင့် တကွရေးပါ။

ဖြေ။ (၁)ရောဂါမရှိသောပုဂ္ဂိုလ်၏ မလေးသည်၏အဖြစ်ကဲ့သို့ တိဇရုပ်တို့၏ မလေးလံခြင်းသဘောသည် လဟုတာမည်၏။

(၂)ထက်ဝန်းကျင်မှ အဖန်အလဲလဲ နယ်အပ်ပြီးသော သားရေသည် မကြမ်းတမ်းသကဲ့သို့ တိဇရုပ်တို့၏ မကြမ်းတမ်းခြင်းသဘောသည် မုဒုတာမည်၏။

(၃)ကောင်းစွာလော်ပြီး,ဦးပြီးသောရွှေသည် ထိုထိုပဒိုးနားဟောင်းစသော အဆင်တန်ဆာပြုလုပ်ခြင်းငှါ ခန့်သကဲ့သို့ ကိုယ်အမူအရာတို့အား လျောက်ပတ်ခြင်းသဘောသည် ကမ္မညတာမည်၏။

မေး။ လဟုတာ+မုဒုတာ+ကမ္မညတာတို့သည် တစ်ခုနှင့်တစ်ခု မကွဲပြားဘဲ အတူတကွဖြစ်လေ့ရှိရာ ၎င်းတို့၏အထူးကို အဘယ်ကဲ့သို့ မှတ်ရပါမည်နည်း။

ဖြေ။ (၁)ရုပ်တရားတို့ လေးလံအောင်ပြုတတ်သော ဓာတ်ခြောက်ချားခြင်း၏ဆန့်ကျင်ဘက်အကြောင်းကြောင့်ဖြစ်သော ရုပ်တို့၏ ဖေါက်ပြန်မှုအထူးသည် လဟုတာမည်၏။

(၂) ရုပ်တို့ကို ကြမ်းတမ်းအောင်ပြုတတ်သော ဓာတ်ခြောက်ခြားခြင်း၏

http://www.dhammadownload.com



ဆန့်ကျင်ဘက်အကြောင်းကြောင့်ဖြစ်သော ရုပ်တို့၏ဖေါက်ပြန်မှု အထူးသည် မုဒုတာမည်၏။

(၃)ကိုယ်အမူအရာတို့အား မလျော်အောင်ပြုတတ်သော ဓာတ်ခြောက်ခြားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းကြောင့်ဖြစ်သော ရုပ်တို့၏ ဖေါက်ပြန်မှုအထူးသည် ကမ္မညတာမည်၏။

မေး။ ဥပစယနှင့် သန္တတိတို့၏ အထူးကိုရေးခဲ့ပါ။

ဖြေ။ ပဋိသန္ဓေစိတ်ဥပါဒ်သည်မှစ၍ စက္ခု,သောတ,ဃာန,ဇိဝှါဒသကတို့ ဖြစ်သည်တိုင်အောင်အတွင်း၌ ရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယမည်၏။

ဇိဝှါဒသကဖြစ်ပြီးသည်မှနောက်၌ ရုပ်တရားတို့၏ အဆက်ဆက် ဖြစ်နေခြင်းသည် သန္တတိမည်၏။

မေး။ ခဏမျှသာတည်နေနိုင်သော ရုပ်တရားတို့၏ ဇရာဖြစ်ပုံကို ရေးပါ။

ဖြေ။ ရုပ်တရားတို့၏ ချုပ်ပျက်ခြင်းဘင်သို့ ရှေးရှုဦးတည်နေသည်၏ အစွမ်းအားဖြင့် အိုမင်းရင့်ရော်ခြင်းသဘောကိုပင် ဇရာဟုခေါ်ပါသည်၊ ၎င်းဇရာသည်ပင် ဇရတာမည်၏။

မေး။ အနိစ္စတာနှင့် အနိစ္စတို့၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ နိစ္စ+ဓုဝအနေအားဖြင့် ဉာဏ်ဖြင့် မသိအပ်မသိထိုက်သော သဘောသည် အနိစ္စမည်၏။ ရုပ်တရားတို့၏ ပျက်စီးခြင်းသည် အနိစ္စတာမည်၏။

13

A မေး။ အဘယ်ကြောင့် လက္ခဏရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်တရားတို့၏ ထိုထိုအခိုက်အတန့်၏အစွမ်းအားဖြင့် မှတ်သားခြင်း

http://www.dhammadownload.com



၏ အကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ်ဟုခေါ်ပါသည်။

မေး။ ဇာတိရူပမေဝ၌ ဇာတိမည်ခြင်း၏အကြောင်းနှင့် ရူပမည်ခြင်း၏ အကြောင်းတို့ကို ရေးပါ။

ဖြေ။ ပဋိသန္ဓေမှစ၍ နိပ္ဖန္နရုပ်တို့၏ ခဏတိုင်း ခဏတိုင်း၌ ဖြစ်သောကြောင့် ဇာတိဟုခေါ်ပါသည်။

ရုပ်တို့၏ဖြစ်ဆဲအဖြစ်ဖြင့် စတုသန္တတိရုပ်အစဉ်နှင့် စပ်၍ဖြစ်သောကြောင့် ရူပဟုခေါ်ပါသည်။

မေး။ ဇာတိရုပ်တစ်ခုတည်းဖြစ်ပါလျက် ဥပစယ+သန္တတိဟူသော နာမည် နှစ်မျိုးဖြင့် ခွဲ၍ ဟောရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ရှေးဦးစွာဖြစ်ခြင်း၊ အထက်၌ဖြစ်ခြင်းဟူသော ဖြစ်ပုံအခြင်းအရာ ပြားသောအားဖြင့် ဝေနေယျသတ္တဝါတို့အားလျော်စွာခွဲ၍ဟောရပါသည်၊

မေး။ အနိပ္ဖန္နရုပ်(၁၂)ပါးရှိပါလျက် ကောဒသဝိဓမ္ပိဟု အရှင်အနုရုဒ္ဓါ မထေရ် အဘယ်ကြောင့် ဟောရပါသနည်း။

ဖြေ။ သဘောတူရာရုပ်တို့ကို ပေါင်းယူသည်၏အစွမ်းအားဖြင့် ကောဒသ ဝိဓမ္ပိ ဟုဆိုရပါသည်။

မေး။ အဘယ်ကြောင့် အနိပ္ဖန္နရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ နိပ္ဖန္နရုပ်တို့၏ ပရိစ္ဆေဒ+ဝိကာရစသောအဖြစ်ကိုကြည့်၍ သီးခြား အကြောင်းတရားတို့ဖြင့် မဖြစ်သောကြောင့် အနိပ္ဖန္နရုပ်ဟုခေါ်ပါသည်။ ၆

B

http://www.dhammadownload.com



## ရူပဝိဘာဂအဖွင့်

***************

မေး။ အဟေတုက သပ္ပစ္စယသည်တို့၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ အလောဘစသော သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟေတုက မည်၏။

မိမိ,မိမိတို့၏ အကြောင်းအားလျော်စွာ အကြောင်းရှိသည်၏အဖြစ်ကြောင့် သပ္ပစ္စယမည်ပါသည်။

မိမိကို အာရုံပြု၍ဖြစ်ကုန်သော ကာမာသဝစသည်တို့နှင့် တကွဖြစ်သောကြောင့် သာသဝမည်ပါသည်။

ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတမည်ပါသည်။

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကနှင့် ယှဉ်သောကြောင့် လောကိယမည်ပါသည်။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်၏။

အာရုံကိုမယူတတ်သောကြောင့် အနာရမ္မဏမည်ပါသည်။

တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်စသည်တို့၏ အစွမ်းအားဖြင့် မပယ်အပ်သောကြောင့် အပ္ပဟာတဗ္ဗမည်ပါသည်။

မေး။ အဘယ်ကြောင့် အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အတ္တဘောဟူသော အတ္တကို စွဲမှီ၍ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ်ဟုခေါ်၏။

မေး။ အဇ္ဈတ္တ၌ဖြစ်သော အခြားသောရုပ်များလည်းရှိပါလျက် ပသာဒရုပ်

http://www.dhammadownload.com



ငါးပါးကိုသာ အဘယ်ကြောင့် အဇ္ဈတ္တိကရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ အဇ္ဈတ္တိကဟူသောအမည်သည် ရင်ငွေ့အားဖြင့် ပသာဒရုပ်ငါးပါး၌သာ ဖြစ်သောကြောင့် ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါသည်။ (တနည်း)* ငါတို့မရှိလျှင် သင်အတ္တဘောသည် ထင်းတုံးသဖွယ် ဖြစ်နိုင်၏*ဟုမပြောသော်လည်းပြောသကဲ့သို့ အတ္တဘောအား အလွန်ကျေးဇူးများသောကြောင့် ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ဟုခေါ်ပါသည်။

(တနည်း)အတ္တဟူသော ပဉ္စဒွါရိကစိတ်ကို စွဲ၍ ထိုပဉ္စဒွါရိကစိတ်၏ ဒွါရအဖြစ်ဖြင့် ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် ဣန္ဒြိယရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ ပဉ္စဝိညာဏ်တို့၌၎င်း၊ ဣတ္ထိလိင်စသည်တို့၌၎င်း၊ သဟဇာတ်ဖြစ်သော ရုပ်တို့ကို စောင့်ရှောက်ခြင်း၌၎င်း၊ အစိုးရသောကြောင့် ဣန္ဒြိယရုပ်ဟုခေါ်ပါသည်။

မေး။ ဣန္ဒြိယရုပ်တို့၏ ဆိုင်ရာတရားတို့၌ အစိုးရပုံကို အသီးအသီး အကြောင်းနှင့်တကွ ရေးပါ။

ဖြေ။(၁)စက္ခုပသာဒစသည်ထက်မြက်လျှင် စက္ခုဝိညာဏ်စသည်တို့လည်း ထက်မြက်သည်ဖြစ်၍၊ ၎င်းစက္ခုပသာဒစသည် မထက်မြက်လျှင် စက္ခုဝိညာဏ်စသည်တို့လည်း မထက်မြက်သောကြောင့် ပသာဒရုပ်ငါးပါး သည် ပဉ္စဝိညာဏ်တို့၌ အစိုးရပါသည်။

(၂)ဘာဝရုပ်နှစ်ပါးသည် မိမိအကြောင်းအားလျော်စွာ ဖြစ်ကုန်သော်လည်း များသောအားဖြင့် ဘာဝရုပ်ရှိသောပုဂ္ဂိုလ်တို့သန္တာန်၌ သာလျှင် ထိုဣတ္ထိလိင်စသော အခြင်းအရာဖြင့်ဖြစ်သောကြောင့် ဘာဝရုပ်သည် ဣတ္ထိလိင်စသည်တို့၌ အစိုးရပါသည်။

http://www.dhammadownload.com



(၃)ကမ္မဇရုပ်တရားတို့၏ စိတ္တက္ခဏ(၁၇)ချက် တည်နေမှုသည် ဇီဝိတိန္ဒြေနှင့်စပ်သောကြောင့် ထိုဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့ကို စောင့်ရှောက်မှု၌ အစိုးရပါသည်။

မေး။ ကမ္မဇရုပ်တို့ကိုစောင့်ရှောက်သော ဇီဝိတိန္ဒြေရုပ်သည် မိမိကိုယ်တိုင် အဘယ်သို့လျှင် တည်နေနိုင်ပါသနည်း။

ဖြေ။ လှေသူကြီးသည် လှေနှင့်စပ်သဖြင့်သာ ဖြစ်ရသကဲ့သို့ ဇီဝိတိန္ဒြေသည်လည်း မိမိသည်တည်စေအပ်သော ကမ္မဇရုပ်တရားတို့နှင့် စပ်သဖြင့် တည်နေနိုင်ပါသည်။

မေး။ အဘယ်ကြောင့် ဩဠာရိကရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ အာရုံ+အာရမ္မဏိကအဖြစ်သို့ ရောက်သည်၏အစွမ်းဖြင့် ရုန့်ရင်းကြမ်းတမ်းသောကြောင့် (ဝါ)ထင်ရှားလွယ်သောကြောင့် ဩဠာရိကရုပ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် သန္တိကေရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကြမ်းတမ်းသောကြောင့်ပင်လျှင် ထိုးထွင်း၍သိဘို့ရန် လွယ်ကူသောကြောင့် သန္တိကေရုပ်ဟုခေါ်ပါသည်။

မေး။ သပ္ပဋိဃရုပ်၌ အဘယ်ကို ပဋိဃဟု ခေါ်ပါသနည်း။

ဖြေ။ မိမိ၏အစွမ်းအားဖြင့်၄င်း၊ မှီရာမဟာဘုတ်တို့၏အစွမ်း အားဖြင့်၄င်း၊ သမ္ပတ္တဖြစ်သော ဝတ္ထုအာရုံ+အသမ္ပတ္တဖြစ်သော ဝတ္ထုအာရုံတို့၏ ရှေးရှုဖြစ်ခြင်း, အချင်းချင်းပေါက်းဆုံထိခိုက်သကဲ့သို့ဖြစ်ခြင်းကို ပဋိဃ

http://www.dhammadownload.com



ဟု ခေါ်ပါသည်။

မေး။ ဝတ္ထု အာရုံတို့၏ သမ္ပတ္တ+ အသမ္ပတ္တဖြစ်ပုံကို ရေးပါ။

ဖြေ။ ဖောဋ္ဌဗ္ဗာရုံသည် မိမိ၏အစွမ်းအားဖြင့် ကာယပသာဒသို့ရောက်၍ သမ္ပတ္တဖြစ်၏။ ဃာန+ဇိဝှါ+ကာယ+ဂန္ဓ+ ရသတို့သည် မိမိတို့မှီရာ၏ အစွမ်းဖြင့် အချင်းချင်းရောက်၍ သမ္ပတ္တဖြစ်ပါသည်။

စက္ခု+သောတ–ရူပ+သဒ္ဒတို့သည် မိမိ၏အစွမ်းဖြင့်၄င်း၊ မှီရာမဟာဘုတ်၏အစွမ်းဖြင့်၄င်း၊ နှစ်ပါးသောအခြင်းအရာဖြင့် မရောက်သောကြောင့် အသမ္ပတ္တဖြစ်ပါသည်။

မေး။ အဘယ်ကြောင့် ဥပါဒိန္နရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္နရုပ်ဟုခေါ်ပါသည်။

(မှတ်ချက်)ဥပါဒိန္န၌ ဥပအရ ဒိဋ္ဌိကိုရပါသည်၊ အာဒိန္နအရ–အကျိုး၏ အဖြစ်ဖြင့် ယူခြင်းကိုရ၏။

မေး။ သနိဒဿနရူပံ၌ သနိဒဿန၏အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ မြင်ထိုက်သောသဘောဟူသော နိဒဿနနှင့်တကွဖြစ်သောကြောင့် သနိဒဿနဟုခေါ်ပါသည်။ (တနည်း) စက္ခုဝိညာဏ်၏အာရုံအဖြစ်ဟူသောနိဒဿနနှင့်တကွဖြစ်သောကြောင့်သနိဒဿနဟုခေါ်ပါသည်။

မေး။ သနိဒဿနရူပံ၌ ရူပါရုံသည်ပင် နိဒဿနမည်၍ တစ်ခုတည်းဖြစ်ပါလျက် အဘယ်ကြောင့် တခြားစီကဲ့သို့ သနိဒဿနဟု ဆိုရပါသနည်း။

http://www.dhammadownload.com



ဖြေ။ အခြားသောတရားတို့မှ ရုပါရုံကို အထူးပြုခြင်းငှါ တစ်မျိုးတစ်ခြားစီကဲ့သို့ပြု၍ သနိဒဿနဟုဆိုရပါသည်။

ဤသို့ဆိုခြင်းဖြင့် အနက်ထူးကို သိရခြင်းအကျိုးရှိပါသည်။

မေး။ စက္ခာဒိဒွယံ အသမ္ပတ္တဝသေန ဍ္ဍ အသမ္ပတ္တဖြစ်ပုံကို ရေးပါ။

ဖြေ။ စက္ခုပသာဒ+သောတပသာဒရှိရာသို့ ရူပါရုံ+သဒ္ဒါရုံတို့ မရောက်လာသောအားဖြင့်၄င်း၊ (တနည်း) စက္ခုပသာဒ–သောတပသာဒဟူသော မိမိတို့ကိုယ်တိုင် ရူပါရုံ,သဒ္ဒါရုံရှိရာအရပ်သို့ မသွားမရောက်သောအားဖြင့်၄င်း၊ အာရုံကိုယူနိုင်ခြင်းကို အသမ္ပတ္တဟုဆိုပါသည်။

မေး။ စက္ခုပသာဒ,သောတပသာဒတို့သည် အဘယ်ကြောင့် မရောက်လာသော အာရုံကို ယူတတ်ပါသနည်း။

ဖြေ။ အကြား+အကွယ်ရှိသောအာရုံ၊ လွန်ကဲကြီးမားသောအာရုံ၌ စက္ခုဝိညာဏ်,သောတဝိညာဏ်ဖြစ်ကြောင်း ဖြစ်သောကြောင့် မိမိသို့ မရောက် မထိသောအာရုံကို ယူတတ်ပါသည်။

မေး။ စက္ခုပသာဒ၏ အသမ္ပတ္တဂ္ဂါဟကဖြစ်ပုံကို ထင်ရှားအောင်ရေးပါ။

ဖြေ။ စက္ခုပသာဒသည် ဝေးသောအရပ်၌တည်သောအဆင်းကို၄င်း၊ ဖလ်+မှန် စသည်ခြားကွယ်အပ်သောအဆင်းကို၄င်း၊ တောင်စသည်တို့၏ ကြီးမားသောအဆင်းကို၄င်း၊ မြင်နိုင်သောအားဖြင့် အသမ္ပတ္တဂ္ဂါဟက ဖြစ်ပါသည်။

မေး။ သောတပသာဒ၏ အသမ္ပတ္တဂ္ဂါဟကဖြစ်ပုံကို ထင်ရှားအောင်ရေးပါ။

http://www.dhammadownload.com



ဖြေ။ ကောင်းကင်စသော ဝေးသောအရပ်၌တည်သော အသံသည်၄င်း၊ ဝမ်းရေ၏အခြားမဲ့၌ တည်သောအသံသည်၄င်း၊ ခေါင်းလောင်းစသည်တို့၏ ကြီးမားကျယ်လောင်သော အသံသည်၄င်း၊ သောတပသာဒ၏ အာရုံဖြစ်နိုင်သောအားဖြင့် အသမ္ပတ္တဂ္ဂါဟကဖြစ်နိုင်ပါသည်။

မေး။ အဘယ်ကြောင့် ဂေါစရဂ္ဂါဟကရုပ် ခေါ်ပါသနည်း။
ဖြေ။ ဝိညာဏ်၏တည်ရာဖြစ်၍ ထိုထိုအာရုံကို ယူတတ်သောသဘော ရှိသောကြောင့် ဂေါစရဂ္ဂါဟကရုပ်ဟုခေါ်ပါသည်။

မေး။ ရူပါရုံကို အဘယ်ကြောင့် ဝဏ္ဏဟု ဆိုပါသနည်း။
ဖြေ။ ရှုမြင်အပ်သောကြောင့် ဝဏ္ဏဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် ဩဇာဟု ခေါ်ပါသနည်း။
ဖြေ။ မိမိ၏ ဥပါဒ်အခြားမဲ့၌ ရုပ်ကိုဖြစ်စေတတ်သောကြောင့် ဩဇာဟု ခေါ်ပါသည်။

မေး။ အဘယ်ကြောင့် အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ပါသနည်း။
ဖြေ။ အမှတ်မထားတပါးပါးသော ရုပ်ဖြစ်ရာအရပ်တိုင်း၌ အချင်းချင်း အသီးသီး ခွဲခြားဖြစ်ခြင်းမရှိသောကြောင့် အဝိနိဗ္ဘောဂရုပ်ဟုခေါ်ပါသည်။

မေး။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ ဟူသော သင်္ဂဟပါဠိကို ထောက်၍ ရူပဘုံ၌ ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ မရှိဟုဆိုလျှင် လက်ခံသင့် ပါသလော။

http://www.dhammadownload.com



ဖြေ။ ဝဏ္ဏောဂန္ဓော(ပ)အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရုပံ ဟူသောသင်္ဂဟပါဠိကို ထောက်၍ ရုပ်ဖြစ်ရာဌာနတိုင်း၌ အဝိနိဗ္ဘောဂရုပ်(၈)ခု ရှိနိုင်သော ကြောင့် လက်မခံထိုက်ပါ၊ ရူပလောကေ စသော သင်္ဂဟပါဠိသည်လည်း ပသာဒရုပ်မရနိုင်ခြင်းကိုသာ ရည်ရွယ်၍ဆိုခြင်းဖြစ်ပါသည်။

******************************

## ရူပသမုဋ္ဌာနအဖွင့်

*************

မေး။ ကံသည် ရုပ်တရားကို ဖြစ်စေရာ၌ အဘယ်အခါမှစ၍ အဘယ်သို့ ဖြစ်စေသည်ကို ရှင်းပြပါ။

ဖြေ။ ကံသည် ပဋိသန္ဓေစိတ်၏ဥပါဒ်အခါမှစ၍ အဇ္ဈတ္တိကသန္တာန်ဝယ် တစ်ခုတစ်ခုသောစိတ်၏ သုံးပါးသုံးပါးသော ခဏတိုင်းတို့၌ အကြားမရှိ အဆက်မပြတ်သာလျှင် ရုပ်ကိုဖြစ်စေပါသည်။

မေး။ စိတ်၏ ဌီခဏရှိသင့်/ မရှိသင့် ဖြေရှင်းပြပါ။

ဖြေ။ တစ်ခုတည်းသော တရား၌ပင်လျှင် ဥပါဒ်အခိုက်အတန့်မှ ပြားသော ဘင်အခိုက်အတန့်လည်း ရှိနိုင်သကဲ့သို့ ဘင်သို့ရှေးရှုဖြစ်နေသော အခိုက်အတန့်ကိုလည်း အလိုရှိရကား ယင်းဘင်သို့ရှေးရှုဖြစ်နေသော အခိုက်အတန့်သည်ပင်လျှင် ဌီမည်နိုင်သောကြောင့် မိဂပဒဝဠဉ္ဇန နည်း အားဖြင့် ဌီခဏရှိသင့်ပါသည်။

မေး။ ဘင်ခဏ၌ ရုပ်ကိုဖြစ်စေနိုင်ပါသလော။

ဖြေ။ ဘင်ခဏ၌ ရုပ်ကိုမဖြစ်စေနိုင်ဟူသောဝါဒသည် စိတ္တဇရုပ်တို့၏ အစွမ်းအားဖြင့် ပြောအပ်သောကြောင့်၄င်း၊ အရူပဘုံကိုရည်ရွယ်၍ ဆို

http://www.dhammadownload.com



အပ်သောကြောင့်၄င်း၊ ဘင်ခထဲ၌ ရုပ်ကို မြဖစ်စေနိုင်ပါသည်။

မေး။ အရူပဝိပါက်လေးခုသည် အဘယ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ရုပ်ကိုစက်ဆုပ်သော ရူပဝိရာဂဘာဝနာသည် ဖြစ်စေအပ်သည့်အတွက် အကြောင်းဖြစ်သောအရူပကုသိုလ်ကံသည် ထိုရုပ်နှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၄င်း၊ ရုပ်ဖြစ်ရာဘုံမဟုတ်သောကြောင့်၄င်း၊ ရုပ်ကိုမဖြစ်စေနိုင်ပါ။

မေး။ ဒွေပဥ္စဝိညာဏ်(၁၀)သည် အဘယ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ရုပ်ကိုဖြစ်စေခြင်း၌ အကြောင်းထူးဖြစ်ကုန်သော ဈာနင်တို့နှင့် မယှဉ်သောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

မေး။ ပဋိသန္ဓေစိတ်+စုတိစိတ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်ပါဘဲလျက် အဘယ်ကြောင့် အရှင်အနုရုဒ္ဓါမကြဉ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်,စုတိစိတ်သည် ဘဝင်စိတ်(၁၉)ပါး၏အတွင်း၌ ဝင်ပြီးဖြစ်သောကြောင့် ထူးခြားသောစိတ်တစ်မျိုးမဟုတ်သည့်အတွက် မကြဉ်ရပါ။

မေး။ ပဋိသန္ဓေစိတ်သည် အဘယ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ပစ္စာဇာတပစ္စည်းမှ ကင်းသောကြောင့်၄င်း၊ ဗဟိဒ္ဓအာဟာရစသည် 14
တို့သည် မထောက်ပန့်အပ်သည်ဖြစ်၍ အားနည်းသော ဟဒယဝတ္ထုကို မှီ B
၍ ဖြစ်သောကြောင့်၄င်း၊ မိမိကိုယ်တိုင်အာဂန္တုကဖြစ်သောကြောင့်၄င်း

http://www.dhammadownload.com



ကမ္မဇရုပ်တို့သည် စိတ္တဇရုပ်တို့၏ တည်ရာဌာနကိုယူ၍ တည်သောကြောင့်၄င်း၊ ရုပ်ကို မဖြစ်စေနိုင်ပါ။

မေး။ ရဟန္တာတို့၏စုတိစိတ်သည် အဘယ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါသနည်း။

ဖြေ။ ဝဋ်မြစ်ငြိမ်းပြီးသော ရဟန္တာတို့၏သန္တာန်၌ အလွန်အကဲနှင့်တကွငြိမ်သက်သောဖြစ်ခြင်းရှိသောကြောင့် ရဟန္တာတို့၏စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

(မှတ်ချက်) သတ္တဝါအားလုံးတို့၏စုတိစိတ်သည်လည်း ရုပ်ကိုမဖြစ်စေနိုင်ဟု ဆရာအချို့တို့ ဆိုကြကုန်သေး၏။

မေး။ ပဋ္ဌမဘာဝင်္ဂမုပါဒါယ-၌ ဘဝင်္ဂအရ အဘယ်ပဋ္ဌမဘဝင်ကို ယူရပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ဖြစ်သော ဘဝင်ကို ပဌမဘဝင်အရ ယူရပါသည်။

မေး။ ဇာယန္တမေဝ သမုဋ္ဌာပေတိအရ စိတ်သည် ဥပါဒ်ဆဲခဏ၌သာ အဘယ်ကြောင့် ရုပ်ကိုဖြစ်စေနိုင်ပါသနည်း။

ဖြေ။ အနန္တရစသောပစ္စည်းကိုရသဖြင့် ဥပါဒ်ခဏ၌သာလျှင် ရုပ်ကိုဖြစ်စေနိုင်သော ဇနကသတ္တိနှင့်ယှဉ်သောကြောင့် ဥပါဒ်ခဏ၌သာလျှင် ရုပ်ကိုဖြစ်စေနိုင်ပါသည်။

မေး။ ဉာရိယာပုထ်၏ အခိပ္ပါယ်ကိုရေး၍၊ ၄င်းအရကို ပညတ်,ပရမတ်

http://www.dhammadownload.com



အားဖြင့် ကောက်ပြပါ။

ဖြေ။ ကိုယ်အမူအရာဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဣရိယာပုထ် ဟုခေါ်ပါသည်။ ၄င်းဣရိယာပုထ်အရ ပညတ်အားဖြင့် သွားခြင်းလာခြင်းစသည်ကိုရပါသည်။ ပရမတ္ထအားဖြင့် သွားခြင်း,လာခြင်းစသော အခိုက်အတန့်အတွင်း၌ဖြစ်သော ရုပ်တရားကို ရ၏။

မေး။ အင်္ဂါခြေလက်တို့ မဆုတ်မနစ် လှုပ်ရှားနိုးကြားကြောင်းဖြစ်သော ဇာဂရစိတ်တို့ကို ရေတွက်ပြပါ။

ဖြေ။ ကာမဇော(၂၉)+အဘိညာဉ်ခွေး+ဝုဋ္ဌော+အပ္ပနာဇော(၂၆)အားဖြင့် (၅၈)ပါးဖြစ်ပါသည်။

မေး။ ဝုဋ္ဌော၊ကာမဇော၂၉ခုတို့သည် ပဉ္စဒွါရ+မနောဒွါရနှစ်မျိုးလုံး၌ ဖြစ်ကြရာ အဘယ်ဒွါရ၌ဖြစ်သောစိတ်တို့က ဝိညတ်နှင့် ရယ်ရွှင်မှုကိုဖြစ်စေ၍၊ အဘယ်ဒွါရ၌ ဖြစ်သောစိတ်တို့က မဖြစ်စေကြပါသနည်း၊ အကြောင်းနှင့်တကွရေးပါ။

ဖြေ။ မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော,ကာမဇောတို့သည်သာ အားရှိသောကြောင့် ဝိညတ်နှင့် ရယ်ရွှင်မှုကို ဖြစ်စေကြပါသည်။

ပဉ္စဒွါရ၌ဖြစ်သောစိတ်တို့သည် ထက်ဝန်းကျင်အားနည်းသောကြောင့် မဖြစ်စေကြပါ။

မေး။ ရုပ်မှလွတ်သော ဣရိယာပုထ်နှင့်ဝိညတ်မည်သည် မရှိပါဘဲလျက် အဘယ်ကြောင့် ဣရိယာပုထ်နှင့်ဝိညတ်ကို သီးခြားဆိုရပါသနည်း။

ဖြေ။ ရုပ်ကိုဖြစ်စေနိုင်သောစိတ်တိုင်းသည် ဣရိယာပုထ်နှင့်ဝိညတ်ကို

http://www.dhammadownload.com



မဖြစ်စေနိုင်၊ ဝိညာဉ်ကိုဖြစ်စေသောစိတ်သည်ကား ဣရိယာပုထ်ကို ထောက်ပန့်နိုင်၏၊ ဣရိယာပုထ်ကို ထောက်ပန့်နိုင်သောစိတ်သည်လည်း ရုပ်တရားကို ဖြစ်စေနိုင်၏,ဟူသောအထူးကိုပြခြင်းငှါ *ဣရိယာပုထ်နှင့် ဝိညတ်ကို သီးခြားဆိုရပါသည်။

မေး။ ဝိညတ်ကိုဖြစ်စေနိုင်သောစိတ်သည် အဘယ်ကြောင့် ဣရိယာပုထ်ကို ထောက်ပန့်ခိုင်စေနိုင်ပါသနည်း။

ဖြေ။ ဣရိယာပုထ်သည် ဝိညတ်နှင့်မကင်းနိုင်သောကြောင့် ဖြစ်ပါသည်။

မေး။ ဘုရားရှင်သည် အဟိတ်ဖြစ်သော ဟသိတုပ္ပါဒ်စိတ်ဖြင့် ရယ်/ မရယ် စိစစ်ခဲ့ပါ။

ဖြေ။ ဘုရားရှင်၏ ကာယကံအလုံးစုံသည် ဉာဏ်ရှေ့သွားရှိ၏၊ ဉာဏ်သို့ အစဉ်လိုက်၏ဟုဟောတော်မူသောကြောင့် ပညာကင်းသော ဟသိတုပ္ပါဒ်စိတ်ဖြင့် ဘုရားရှင် မရယ်ရှင်ပါ။

(တနည်း)ဘုရားရှင်၏ ပြုံးရယ်ခြင်းသည် ပုဗ္ဗေနိဝါသဉာဏ်၊ အနာဂတံသဉာဏ်,သဗ္ဗညုတဉာဏ်တို့၏ လေ့ကျက်ပြီးသောအဆုံး၌ ဟသိတုပ္ပါဒ်စိတ်ဖြစ်သည်ဟု အဋ္ဌကထာဆိုသောကြောင့် ဘုရားရှင်များ ဟသိတုပ္ပါဒ်စိတ်ဖြင့် ရယ်ရှင်ပါသည်။

မေး။ ရုပ်ကိုဖြစ်စေရာ၌ ဥတုနှင့်အာဟာရတို့သည် အဘယ်ကြောင့် ဌီခဏ၌သာ ရုပ်ကိုဖြစ်စေပါသနည်း။

ဖြေ။ ပစ္စာဇာတစသောပစ္စည်းအထောက်အပန့်ကို ရသောအားဖြင့် ဌီခဏ၌သာ အားရှိသောကြောင့် ဌီခဏ၌သာ ရုပ်ကိုဖြစ်စေပါသည်။

http://www.dhammadownload.com



မေး။ ကမ္မဇအရ ကံကြောင့်ဖြစ်ပြီးသောရုပ်များ၊ ကံကြောင့်မဖြစ်သေးဘဲ ဖြစ်တော့မည့်ရုပ်များကို ကမ္မဇရုပ်ဟု ခေါ်နိုင်ပါသလော။

ဖြေ။ ကံကြောင့် ဖြစ်ပြီး+ဖြစ်ဆဲ+ဖြစ်လတံ့ရုပ်အားလုံးကို ကမ္မဇဟုခေါ် နိုင်သောကြောင့် ခေါ်နိုင်ပါသည်။

မေး။ လဟုတာစသောရုပ်သုံးပါးသည် အဘယ်ကြောင့်ကမ္မဇ(ကံကြောင့်) မဖြစ်ရပါသနည်း။

ဖြေ။ ပစ္စုပ္ပန်အကြောင်းတရားကို ငဲ့သောကြောင့် ကမ္မဇမဖြစ်ပါ။

မေး။ လဟုတာစသောရုပ်သုံးပါးသည် ကံကြောင့်ဖြစ်သည်ဟုဆိုလျှင် အဘယ်အဓိပ္ပါယ်သို့ သက်ရောက်ပါသနည်း။

ဖြေ။ အခါခပ်သိမ်း လဟုတာစသောရုပ်သုံးခုဖြစ်နိုင်သည် ဟူသော အဓိပ္ပါယ်သို့ ရောက်နိုင်ပါသည်။

မေး။ လက္ခဏာရုပ်လေးခုသည် အဘယ်ကြောင့် န ကုတောစိ ဖြစ်ရပါသနည်း။

ဖြေ။ ဖြစ်ဆဲ+ရင့်ဆဲ+ပျက်ဆဲနိပ္ဖန္နရုပ်တို့၏ သဘောမျှဖြစ်၍ သဘောမျှကိုကြည့်၍ ဇာတိစသည်၏ ဇာတိစသောလက္ခဏာမရှိသောကြောင့် န ကုတောစိ ဖြစ်ရပါသည်။

မေး။ ဇာတိစသည်၏ ဇာတိရုပ်စသည်ရှိနိုင်ပါသလော။

ဖြေ။ အနိုက်အတန့်အပိုင်းအခြား မတည်ခြင်းသို့ ရောက်ရာသောကြောင့် ဇာတိစသည်တို့၏ ဇာတိရုပ်စသည်မရှိနိုင်ပါ။

http://www.dhammadownload.com



မေး။ အချို့သောပါဠိတော်တို့၌ ဇာတိ၏ ကုတောစိဇာတံ အဖြစ်ကို ခွင့်ပြုထားသောကြောင့် ဇာတိ၏ ဇာတိရှိသည်ဟု မှတ်ရပါမည်လော။

ဖြေ။ ဗျာပါဒမကင်းသေးသော ရုပ်ကိုဖြစ်စေတတ်သောအကြောင်းတရားတို့၏ကျေးဇူးပြုတတ်သောအဖြစ်သို့ရောက်သောခဏ၌ ဖြစ်ဆဲနိပ္ဖန္နရုပ်တို့၏ ဖေါက်ပြန်ခြင်းရှိသည်၏အဖြစ်ဖြင့် ကုတောစိဇာတအဖြစ်ကို ခွင့်ပြုထားသောကြောင့် ဇာတိ၏ ဇာတိမရှိနိုင်ပါ။

ဇာတိ ဘိက္ခဝေ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ဇရာ မရဏံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊ဟူသောစကားကို ပဋိစ္စသမုပ္ပါဒ်ဖြစ်သော သင်္ခတတရားတို့၏ မှတ်ကြောင်းဖြစ်သောကြောင့် ဇာတိ၏သင်္ခတတရားအဖြစ်ကိုငှင်း၊ ပဋိစ္စသမုပ္ပန္နအဖြစ်ကိုငှင်း၊ ဟောတော်မူသောကြောင့် နကုတောစိသာ ဖြစ်ရပါသည်။

## *ဇာတိစသည်၏ ကုတောစိဇာတဖြစ်ပုံကို သုတ္တန် အဘိဓမ္မာ၌ ဘုရားရှင်ဟောရပုံ*

**********************

(၁)အဘိဓမ္မာ၌ ဇာတိ၏ ကုတောစိဇာတဖြစ်ပုံကို ပရိယာယ်အားဖြင့် ဘုရားဟောတော်မူခြင်းဖြစ်၏။

(၂)သုတ္တန်၌ သင်္ခတတရားတို၏ မှတ်ကြောင်းသဘောဖြစ်သောကြောင့် သင်္ခတတရားအဖြစ်ကိုငှင်း၊ ပဋိစ္စသမုပ္ပန္နအဖြစ်ကိုငှင်း၊ ဟောတော်မူပါသည်။

**ရူပသမုဋ္ဌာနအဖွင့်ပြီး၏**

http://www.dhammadownload.com



## ရူပကလာပအဖွင့်

************************

မေး။ ကံစိတ်ဥတုအာဟာရ အကြောင်းတရားလေးပါးကြောင့် ဖြစ်သော ရုပ်တို့သည် တစ်ခုစီ တစ်ခုစီဖြစ်ကြပါသလော။

ဖြေ။ ကေပ္ပါဒါကေနိရောဓါကေနိသယာ သဟဝုတ္တိနော ကေဝီသတိရူပ ကလာပါနာမဟူသော သင်္ဂဟပါဠိကို ထောက်၍ တစ်ခုစီဖြစ်ကြသည် မဟုတ်ပါ၊ ပေါင်းစု၍သာဖြစ်ကြပါသည်။

မေး။ ရုပ်ကလာပ်အင်္ဂါကို လေးပါးဟုမှတ်ရပါမည်လော/ သုံးပါးဟုမှတ်ရပါမည်လော။

ဖြေ။ အသီးအသီးသောကလာပ်၌တည်သောရုပ်တို့၏ အတူတကွဖြစ်ခြင်းကို သဟဝုတ္တိဟုဆို၍ ကလာပ်အားလုံးတို့၏ အချင်းချင်း အတူတကွဖြစ်မှုကို သဟဝုတ္တိဟုမဆိုနိုင်သောကြောင့် ကလာပ်အင်္ဂါသုံးပါးသာ ဖြစ်သင့်ပါသည်။

မေး။ စက္ခုဒသက၏ အဓိပ္ပါယ်ကိုရေးပါ။

ဖြေ။ စက္ခုပသာဒဖြင့်မှတ်အပ်သော ရုပ်ဆယ်ခုတို့၏အပေါင်းသည် စက္ခုဒသကမည်၏။ (တနည်း)စက္ခုပသာဒပြဋ္ဌာန်းသော ရုပ်ဆယ်ခုတို့၏ အပေါင်းသည် စက္ခုဒသကမည်၏။

မေး။ ဝစီဝိညတ်,သဒ္ဒနှင့် အဝိနိဗ္ဘောဂရုပ်ရှစ်ခုအားဖြင့် ရုပ်ဆယ်ခု အပေါင်းကို *ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်*ဟု အမည်ပေးသင့်ပါလျက် အဘယ်ကြောင့် *ဝစီဝိညတ္တိဒသကကလာပ်*ဟုသာ အမည်မှည့်

http://www.dhammadownload.com



ရပါသနည်း။

ဖြေ။ ဝစီဝိညတ်သည် သဒ္ဒနှင့်မကင်းသည့်အတွက် ဝစီဝိညတ္တိသဒ္ဒါဖြင့် သဒ္ဒကိုလည်း ယူပြီးဖြစ်သောကြောင့် ဝစီဝိညတ္တိဒသကကလာပ်ဟုသာ ဆိုရပါသည်။

## ရူပပဝတ္တိက္ကမအဖွင့်

**************************

မေး။ ရုပ်တရားတို့၏ဖြစ်ပုံအခြင်းအရာသည် မည်မျှရှိပါသနည်း၊ ရေးပါ။

ဖြေ။ (၁)ပဝတ္တိ+ပဋိသန္ဓေ၏အစွမ်းအားဖြင့်ဖြစ်ခြင်း၊ (၂)ယောနိ၏ အစွမ်းအားဖြင့်ဖြစ်ခြင်း ဟု နှစ်မျိုးရှိပါသည်။

မေး။ ယထာရဟံ အနုနာနိ ပဝတ္တိယံ–၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဘာဝရုပ်ရှိသောသတ္တဝါ၊စက္ခုစသောအာယတနပြည့်စုံသောသတ္တဝါ တို့အား လျောက်ပတ်စွာဖြစ်ခြင်းကို ယထာရဟံ ဟုဆိုပါသည်။

မေး။ သံသေဒဇ+ဩပပါတိကတို့၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ပဒုမ္မာကြာတိုက်၊ဝမ်းအညစ်အကြေးစသောအညှိရှိသောအရပ်တို့၌ ဖြစ်သောသတ္တဝါသည် သံသေဒဇသတ္တဝါမည်၏။

(ခန္ဓာငါးပါးလုံးတစ်ပြိုင်နက်)ထင်ရှားစွာ ဖြစ်ပေါ်လာသောသတ္တဝါ သည် ဩပပါတိကသတ္တဝါမည်၏။

(မှတ်ချက်) ဤ၌ ဩပပါတိကအရ အလွန်အကဲဖြစ်သောအပိုင်းအခြား ၏အစွမ်းအားဖြင့် ပြည့်စုံသောအာယတနရှိသော ဥပပါတ်ပဋိသန္ဓေကို

http://www.dhammadownload.com



ယူရပါသည်။

မေး။ သံသေဒဇ+ဥပပါတ်သတ္တဝါတို့အား ဒသက(၇)ပါးကို အဘယ်ကြောင့် ရနိုင်ပါသနည်း။

ဖြေ။ ပြည့်စုံသောအာယတနရှိသည်၏အဖြစ်ဖြင့် ရထိုက်သောကြောင့် ဒသက(၇)ပါးကို ရနိုင်ပါသည်။

မေး။ သံသေဒဇ၊ဥပပါတ်သတ္တဝါတို့အား စက္ခုစသည်ကို တစ်ခါတစ်ရံ အဘယ်ကြောင့် မရနိုင်ပါသနည်း။ (တနည်း) ဩမကဝသေနအရ အဘယ်ပုဂ္ဂိုလ်တို့အား အဘယ် ဒသကများ မရနိုင်ပါသနည်း။

ဖြေ။ ဇစ္စန္ဓပုဂ္ဂိုလ်အား စက္ခုဒသက၊ ဇစ္စဗဓိရပုဂ္ဂိုလ်အား သောတဒသက၊ ဇစ္စဃာနပုဂ္ဂိုလ်အား ဃာနဒသက၊ နပုံးနှင့်ကမ္ဘာဦးသူတို့အား ဘာဝဒသကချို့ကောင်းသောကြောင့် တစ်ခါတစ်ရံ မရနိုင်ပါ။

မေး။ ဩမကဝသေနစသည်ဖြင့် စက္ခုစသည်ချို့ပုံကို ဘုံအားဖြင့်၄င်း၊ ယောနိအားဖြင့်၄င်း၊ ခွဲခြားပြပါ။

ဖြေ။ သုဂတိဘုံ၌– သံသေဒဇသတ္တဝါတို့အား စက္ခု+သောတ+ဃာန ချို့ပါသည်။

ကမ္ဘာဦးသူ+ဩပပါတိကသတ္တဝါတို့အား ဘာဝဒသက ချို့ကောင်း၏။

ဒုဂ္ဂတိဘုံ၌ –သံသေဒဇ+ဩပပါတိနှစ်မျိုးလုံးတို့အား စက္ခု+သောတ+ဘာဝ ချို့ကောင်းပါသည်။ သံသေဒဇသတ္တဝါတို့အားသာ ဃာနချို့ကောင်းပါသည်။

မေး။ သုဂတိဘုံ၌ ဩပပါတိကသတ္တဝါတို့အား စက္ခု+သောတ+ဃာန

http://www.dhammadownload.com



အဘယ်ကြောင့် မချိုကောင်းပါသနည်း။

ဖြေ။ သုဂတိဘုံ၌ အာနုဘော်ကြီးမားသောကံကြောင့်ဖြစ်ရကား ဩပပါတိကသတ္တဝါတို့အား ဣန္ဒြေချို့တဲ့မှုမရှိနိုင်သောကြောင့် မချိုကောင်းပါ။

မေး။ ကာမဓာတုယာ ဥပပတ္တိက္ခဏေ စသောပါဠိတော်အရ သံသေဒဇ သတ္တဝါတို့အား ဃာနချို့နိုင်/ မချို့နိုင် စိစစ်ပြပါ။

ဖြေ။ ကာမဓာတုယာ ဥပပတ္တိက္ခဏေ စသောပါဠိတော်သည် ဩပပါတိက သတ္တဝါတို့အားသာ ရည်ရွယ်၍ ဆိုအပ်သောကြောင့် ဃာနချို့ ကောင်းပါသည်။

မေး။ အဘယ်ကြောင့် ဂဗ္ဘသေယျကဟူ၍၎င်း၊ သတ္တဝါဟူ၍၎င်း၊ ခေါ်ရပါသနည်း။

ဖြေ။ အမိဝမ်း၌ကိန်းတတ်သောကြောင့် ဂဗ္ဘသေယျကဟု ခေါ်ရပါသည်။ ရုပ်ရုံစသည်တို့၌ ငြိကပ်တတ်သောကြောင့် သတ္တဝါဟုခေါ်ပါသည်။ ၎င်းဂဗ္ဘသေယျကသည် အဏ္ဍဇ+ဇလာဗုဇဟုနှစ်မျိုးရှိပါသည်။

မေး။ အဘယ်ကို ကလလရေကြည်ဟု ခေါ်ပါသနည်း။

ဖြေ။ မွေးဖွါးခါစ သိုး(ဆိတ်)ကလေး၏ အမွေးတစ်ပင်ကို ကြည်လင်သော နှမ်းဆီ၌ထည့်၍ ထုတ်ဆယ်ပြီး ယိုစီး၍ကျပြီးသော အဖျား၌ ကျန်ရစ်တည်နေသော အလွန်ကြည်လင်သော ဆီတစ်ပေါက်မျှ ပမာဏ ရှိသော ဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋိသန္ဓေအခါရနိုင်သော ကာယ+ဘာဝ+ဝတ္ထုဒသကအားဖြင့် ရုပ်ပေါင်းသုံးဆယ်ကို*ကလလရေကြည်* ဟုခေါ်ပါသည်။

http://www.dhammadownload.com



ဗဟုသုတအတွက် ကျက်မှတ်လိုသူများ ဆောင်ထားရန်။

ကလလမည် ထိုရေကြည်ကား တည်သောအခါ မကွဲကာလျှင် ပါရာမေဂ်ာ သော့က်လောက်စွ ဟု ပမာဏကို နှိုင်းဆဆို၏၊ ထိုကိုတစ်ဖန်များသေးဟန်ဖြင့် ပယ်လှန်ပြီးမှ သိမ်မွေ့လှသား သဏ္ဍာသူစိ ဖျားတွင် ထိလျက် ငြိ၍ပါလာ ဆီပမာဟု တူစွာပုံခင်း ဆိုတုံလျှင်း၏၊ ယင်းကို တစ်ခါ ပစ်ပယ်ခွါ၍ ဒီပါဖမ္ဗူ တစ်သောင်းလူ၏ တစ်ဆူဆံပင် အဖျားတွင်၌ တင်သည့်ဆီပေါက် ပမာလျောက်၏၊ ထို့နောက်တစ်ခါ ယင်းကေသာကို ရှစ်ဖြာစိတ်ထား တစ်စိပ်အားမူ ဖြောက်ကျွန်းသူ၏ တစ်ဆူဆံမျှ ပမာဏဟု နှိုင်းဆပြီးကာ ယင်းကေသာကို ကြည်စွာဆီတွင် နှစ်၍ တင်သော် ဆံပင်ဖျားမှာ ကပ်၍ပါသည် ကေသာဆီပေါက် ပမာလျောက်၏၊ ထို့နောက်တစ်သွယ် ယင်းကိုပယ်ဘိ ဇာတဝယ်ရှိသည့် ဇာတိဥဏ္ဏာ သားမြတ်စွာ၏ နူးစွာဖြူဖွေး သေးသေးမျှင်မျှင် မွေးတစ်ပင်ကို ကြည်လင်ဈောက်ပတ် ဆီထောပတ်ဝယ် နှစ်၍ဆယ်သော် ကပ်တွယ်ပါလာ ဆီပမာဟု အဋ္ဌကထာဝိဘင်း မိန့်တုံလျှင်းသည် ရုပ်ရင်း သုံးဆယ်မျှသာတည်း။

မေး။ ကလလရေကြည်၌ ပါဝင်နိုင်သော ပရမတ္ထတရားတို့ကို ဖော်ပြပါ။

ဖြေ။ ပဋိသန္ဓေစိတ်+စေတသိက်၊ကာယ,ဘာဝ,ဝတ္ထုဒသကအားဖြင့် ရုပ်ပေါင်း–သုံးဆယ်ဖြစ်ပါသည်။

မေး။ ဘာဝဒသက ကဒါစိ န လဗ္ဘတိ၌ အဘာယ်ဂဗ္ဘသေယျက သတ္တဝါတို့အား ဘာဝဒသကချို့ကောင်းပါသနည်း။

ဖြေ။ ဘာဝရုပ်မရသော နပုံး,ပဏ္ဍုပ်ဟူသော ဂဗ္ဘသေယျကသတ္တဝါတို့အား ချို့ကောင်းပါသည်။

http://www.dhammadownload.com



မေး။ တတော ပရံ ပဝတ္တိကာလေ၌ ပဝတ္တိကာလကို ပိုင်းခြားပြပါ။

ဖြေ။ ပဋိသန္ဓေစိတ်ဖြစ်ပြီးသည်မှနောက် သတ္တမသတ္တာဟအခါကို ပဝတ္တိကာလဟု ယူရပါသည်။ (တနည်း) ကောဒသမသတ္တာဟအခါကို ပဝတ္တိကာလ ဟုယူရပါသည်။

မေး။ ကမေန စက္ခုဒသကာဒီနိစ-၌ စက္ခုဒသကစသည် ဖြစ်ပေါ်လာပုံ အစဉ်ကိုရေးပါ။

ဖြေ။ စက္ခုဒသကဖြစ်ပေါ်ပြီး (၇)ရက် လွန်သောအခါ သောတဒသက ဖြစ်၏၊ ထိုမှတစ်ဖန် (၇)ရက်လွန်သောအခါ ဃာနဒသကဖြစ်၏၊ ထို့နောက် တစ်ဖန် (၇)ရက်လွန်သောအခါ ဇိဝှါဒသကဖြစ်ပါသည်။

မေး။ ဋ္ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ-ဝယ် ဋ္ဌိတိကာလအရ အဘယ်ကြောင့် အဘယ်ဋ္ဌီကို ယူရပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သောဥတုသည် ဋ္ဌီသို့ရောက်သည် ဖြစ်၍ ထိုပဋိသန္ဓေစိတ်၏ဋ္ဌီခဏ၌ သုဒ္ဓဋ္ဌကကလာပ်ရုပ်ကို ဖြစ်စေသောကြောင့် ဋ္ဌိတိကာလအရ ပဋိသန္ဓေစိတ်၏ ဋ္ဌီကိုယူရပါသည်။

မေး။ ဩဇာဖရဏမုပါဒါယ၌ အာဟာရဇရုပ်ဖြစ်ရာအခါကို သတ္တဝါအားဖြင့် ပိုင်းခြားပြပါ။

ဖြေ။ ဂဗ္ဘသေယျကသတ္တဝါတို့အား အမိမျိုအပ်သော အစာမှဖြစ်သော ဩဇာသည် ရသာဟရဏအကြောသို့ အစဉ်လျှောက်သဖြင့် ခန္ဓာကိုယ်၌ ပျံ့နှံ့သောအခါ အာဟာရဇရုပ်ကို ဖြစ်စေပါသည်။

သံသေဒဇသတ္တဝါ,ဩပပါတိကသတ္တဝါတို့အား မိမိခံတွင်း၌ရှိသောသလိပ်

http://www.dhammadownload.com



စသည်မှဖြစ်သော ဩဇာသည် ခန္ဓာကိုယ်၌ ပျံ့နှံ့သောအခါ အာဟာရဇရုပ်ဖြစ်ပါသည်။

မေး။ စုတိစိတ်၏အထက် သတ္တရသမစိတ်၏ဌီကာလမှစ၍ ကမ္မဇရုပ်များ အဘယ်ကြောင့် မဖြစ်ပါသနည်း။

ဖြေ။ ကမ္မဇရုပ်များဖြစ်ခဲ့လျှင်သေခြင်းမရဏမရှိနိုင်သောကြောင့် ကမ္မဇရုပ်များ မဖြစ်တော့ပါ။

မေး။ အဘယ်ကို သေသည်ဟု ခေါ်ပါသနည်း။

ဖြေ။ ကမ္မဇရုပ်ပြတ်သည်ကို သေသည်ဟုခေါ်ပါသည်။

(တနည်း)အာယု+ဥသ္မာ+ဝိညာဏ်တရားသုံးပါး ဤခန္ဓာကိုယ်ကို စွန့်သွားခြင်းကို သေသည်ဟု ခေါ်ပါသည်။

မေး။ ပုရေဇာတရုပ်ဝတ္ထုနှင့်အရ အဘယ်ခဏကို ယူရပါသည်။

ဖြေ။ စုတိစိတ်၏အထက် သတ္တရသမစိတ်၏ ဥပါဒ်ခဏကို ယူရပါသည်။

မေး။ ကမ္မဇရုပ်ချုပ်ပြီးနောက် စိတ္တဇ+အာဟာရဇရုပ်များ အဘယ်ကြောင့် ချုပ်ရပါသနည်း။

ဖြေ။ ဇီဝိတိန္ဒြေကင်းသောသန္တာန်၌ စိတ္တဇရုပ်+အာဟာရဇရုပ်များ ဖြစ်ခြင်းမရှိသောကြောင့် ချုပ်ရပါသည်။

မေး။ တကောပရုံ စိတ္တဇာဟာရဇရုပ်ဥ-၌ စိတ္တဇရုပ်+အာဟာရဇရုပ်များသည် စုတိစိတ်ချုပ်ပြီးနောက် မည်မျှကြာမှ ချုပ်ပါသနည်း။

ဖြေ။ စိတ္တဇရုပ်သည် စုတိစိတ်ချုပ်ပြီးနောက် ခဏငယ်(၄၈)ချက်ကြာမှ

http://www.dhammadownload.com



ချုပ်ပါသည်။ အာဟာရဇရုပ်သည် စုတိစိတ်ချုပ်ပြီးနောက် ခဏငယ်(၅၀)ချက်ကြာမှ ချုပ်ပါသည်။

မေး။ ဗြဟ္မာပြည်၌ ဘာဝရုပ်နှစ်ပါး အဘယ်ကြောင့် မရပါသနည်း။

ဖြေ။ ဘာဝရုပ်နှစ်ပါးသည် ထူထဲသောကာမရာဂလျှင် အားကြီးသောမှီရာရှိသောကြောင့်၄င်း၊ ဗြဟ္မာတို့အား ထိုထူထဲသော ကာမရာဂမရှိသောကြောင့်၄င်း၊ ဗြဟ္မာပြည်၌ ဘာဝရုပ်နှစ်ပါးမရနိုင်ပါ။

မေး။ ဗြဟ္မာ့ဘုံ၌ အာဟာရဇကလာပ်များ အဘယ်ကြောင့် မရပါသနည်း။

ဖြေ။ မျိုအပ်သောအာဟာရ မရှိသောအားဖြင့် ဗြဟ္မာတို့၏ ခန္ဓာကိုယ်၌ရှိသောအာဟာရသည် ရုပ်တရားကို ဖြစ်စေခြင်းမရှိသောကြောင့် အာဟာရဇကလာပ်များ မရနိုင်ပါ။ မှန်ပါသည်–ဥတုနှင့်အာဟာရတို့သည် ဗဟိဒ္ဓဥတု၊ဗဟိဒ္ဓအာဟာရကို မှီရာရမှသာ ရုပ်တရားကို ဖြစ်စေနိုင်ကြပါသည်။

မေး။ ရူပဗြဟ္မာတို့အား ပဋိသန္ဓေအခါ အဘယ်ကြောင့် ဇီဝိတနဝကကလာပ်ကို ရပါသနည်း။

ဖြေ။ ရူပဗြဟ္မာတို့အား ကာယပသာဒမရှိသောကြောင့် ကာယပသာဒအရာ၌တည်သော ဇီဝိတနဝကကလာပ်ကိုရပါသည်။

မေး။ ဥတုသမုဋ္ဌာနရုပ် အတိရိစ္ဆာန်၌ အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်မှ ကြွင်းကျန်ပါသနည်း။

ဖြေ။ အသညသတ်ဗြဟ္မာတို့မှကြွင်းသောရူပဗြဟ္မာတို့အား ပဋိသန္ဓေအခါ

http://www.dhammadownload.com



ပဝတ္တိအခါ၌ ရထိုက်သောရုပ်များမှ ကြွင်းကျန်ပါသည်။

မေး။ ဗြဟ္မာ့ဘုံ၌ ရုပ်တရားတို့၏ ချုပ်ငြိမ်းပုံကို ရေးခဲ့ပါ။

ဖြေ။ ဗြဟ္မာတို့အား ခန္ဓာကိုယ်ကို ပစ်ချရမှုမရှိသောကြောင့် ရုပ်အားလုံး တစ်ပြိုင်နက်သာ ချုပ်ငြိမ်းကြပါသည်။

## နိဗ္ဗာနဘေဒအဖွင့်

*******************

မေး။ နိဗ္ဗာန်ကိုမြင်နိုင်သောပုဂ္ဂိုလ်များကို မြင်ပုံအခြင်းအရာနှင့်တကွ သက်ထောက်၍ရေးပါ။

ဖြေ။ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်အားလုံးနှင့်တကွ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်များမြင်နိုင်ပါသည်။ ထိုတွင် စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ ဟူသော သင်္ဂဟကိုထောက်၍ အရိယာပုဂ္ဂိုလ်များသည် နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုသောအားဖြင့် သိပါသည်။

မဂ္ဂဖလာနမာရမ္မဏဘူတံဟူသော သင်္ဂဟကိုထောက်၍ ကလျာဏပုထုဇဉ်သည် မှန်းဆသောအားဖြင့် သိနိုင်ပါသည်။

မေး။ ပုထုဇဉ်များ နိဗ္ဗာန်ကိုမှန်းဆ၍ သိနိုင်ပုံကို ရေးပါ။

ဖြေ။ သခ်တတရားလျှင် အာရုံရှိသောဉာဏ်၊ ပညတ်တရားလျှင် အာရုံရှိသောဉာဏ်သည် ကိလေသာကို အကြွင်းမဲ့ဖြတ်ခြင်းငှါငှင်း၊ ငြိမ်းစေခြင်းငှါငှင်း၊ မစွမ်းနိုင်ပါ။

လောက၌လည်း ကိလေသာကို အကြွင်းမဲ့ဖြတ်ခြင်းစသောသဘော ရှိသည်သာဖြစ်သောကြောင့် သခ်တတရား+ပညတ်တရားမှ ထူးသော

http://www.dhammadownload.com



ကိလေသာကို အကြွင်းမဲ့ဖြတ်တတ်, ငြိမ်းအောင်ပြုတတ်သော မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်ဟူသော တရားတစ်မျိုးရှိသည်သာဟု မှန်းဆ၍သိနိုင်ပါသည်။

မေး။ ယုန်ဂျို+လိပ်မွေးဟူသကဲ့သို့ ရာဂစသည်မရှိခြင်း အဘာဝမျှသည် နိဗ္ဗာန်မည်၏ဟုဆိုလျှင် လက်ခံသင့်ပါသလော။

ဖြေ။ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ ပါဠိအရ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်များ တိုက်ရိုက်သိနိုင်သောကြောင့်၄င်း၊ မဂ္ဂဖလာနမာရမ္မဏဘူတံအရ ကလျာဏပုထုဇဉ်များ မှန်းဆ၍သိနိုင်သောကြောင့်၄င်း၊ လက်မခံသင့်ပါ။

မေး။ တဏှာကို အဘယ်ကြောင့် ဝါနဟု ခေါ်ရပါသနည်း။

ဖြေ။ ခန္ဓာစသော တေဘူမကတရားတို့ကို အထက်အောက်ပြန်သောအားဖြင့် ချုပ်စပ်တတ်သောကြောင့် တဏှာကို ဝါန ဟုခေါ်ပါသည်။

မေး။ နိဗ္ဗာန်၏ တဏှာမှ ထွက်မြောက်ပုံကို ရေးခဲ့ပါ။

ဖြေ။ တဏှာ၏အာရုံကို ကျော်လွန်သောအားဖြင့် လွန်ခြင်းကိုပင် တဏှာမှထွက်မြောက်သည်ဟု ဆိုပါသည်။

မေး။ နိဗ္ဗာန်၏ တစ်မျိုးတည်းသာ ရှိပုံကို ရေးပါ။

ဖြေ။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သန္တိလက္ခဏာသဘောအားဖြင့် တစ်မျိုးတည်းသာ ရှိပါသည်။

F16A

http://www.dhammadownload.com



မေး။ သဉပါဒိသေသနိဗ္ဗာနဓာတ၌ ဉပါဒိအရ+ဉပါဒိသေသအရ+သဉပါဒိသေသအရတို့ကို ရေးပါ။

ဖြေ။ ဉပါဒိအရ–ကာမုပါဒါန်စသည်တို့သည် ငါ့ဉစ္စာဟု စွဲယူအပ်သော ဉပါဒါနက္ခန္ဓာငါးပါးကို ရပါသည်။
ဉပါဒိသေသအရ– ကိလေသာတို့မှကြွင်းကျန်သော ခန္ဓာငါးပါးကို ရ၏။
သဉပါဒိသေသအရ–ကိလေသာတို့မှ ကြွင်းကျန်သော ခန္ဓာငါးပါးနှင့် တကွဖြစ်သော နိဗ္ဗာနဓာတ်ကို ရပါသည်။

မေး။ ကာရဏာပရိယာယ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ အကြောင်းကိလေသာတို့မှကြွင်းသော ခန္ဓာငါးပါးရှိခြင်း,မရှိခြင်းဟူသောလက္ခဏာအားဖြင့် ပြားခြင်းကိုပင် ကာရဏာပရိယာယဟုဆိုပါသည်။

မေး။ သုညတ+အနိမိတ္တ+အပ္ပဏိဟိတတို့၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ (၁)အာရုံအားဖြင့်၄င်း၊သမ္ပယောဂအားဖြင့်၄င်း၊ရာဂ,ဒေါသမောဟတို့မှဆိတ်သုဉ်းသောကြောင့် သုညတမည်ပါသည်။ (တနည်း) သင်္ခါရအားလုံးတို့မှ ဆိတ်သုဉ်းသောကြောင့် သုညတမည်ပါသည်။
(၂)ရာဂစသောနိမိတ်မှ ကင်းသောကြောင့် အနိမိတ္တမည်ပါသည်။
(တနည်း)သင်္ခါရနိမိတ်အားလုံး မရှိသောကြောင့် အနိမိတ္တမည်ပါသည်။
(၃)ရာဂစသော တောင့်တခြင်းကင်းသောကြောင့် အပ္ပဏိဟိတမည်၏။
(တနည်း)တဏှာတည်းဟူသောတောင့်တမှုမရှိသောကြောင့် အပ္ပဏိဟိတ မည်ပါသည်။

****************

F16B

http://www.dhammadownload.com



✱မေး။ နိဗ္ဗာန်ကို အဘယ်ကြောင့် အစ္စုတ+ အစ္စန္တ+ အသင်္ခတ+ အနုတ္တရ ဟု ဆိုရပါသနည်း။

ဖြေ။ စုတေခြင်းမရှိသောကြောင့် အစ္စုတမည်၏။
စုတိဟုဆိုအပ်သောအဆုံးကိုလွန်သောကြောင့် အစ္စန္တမည်၏။
ကံစိတ်ဥတုအာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သောကြောင့် အသင်္ခတမည်၏။
မိမိထက်လွန်သောတရားမရှိသောကြောင့် အနုတ္တရမည်၏။
(တနည်း)အကြောင်းနှင့်တကွသော စကားဖြင့်ဆိုထိုက်သော လွန်သော တရားမရှိသောကြောင့် အနုတ္တရမည်၏။

ရုပ်ပိုင်းဋီကာကျော်အခ်ပွဲယ်ပြီး၏

ပထမလတ်တန်း ဋီကာကျော်နိတိကျမ်းပြီး၏

၁၀၊၇၊၉၁

http://www.dhammadownload.com



အနုသယယမက–ဓာတုဝါရအတွက် အလွန်ကျေးဇူးများပြီး
သဂြိုဟ်၌လည်း အသေးစိတ် သိထိုက်သော
စုတိနောက် ပဋိသန္ဓေနောင်းပုံကို
နောက်ဆက်တွဲအဖြစ်
ထည့်သွင်းအပ်ပါသည်။

+++++++++++++++++++++

| ကာမစုတိ | နောင်းနိုင်သောပဋိသန္ဓေ | ဖြစ်နိုင်ပုဂ္ဂိုလ် | ဖြစ်နိုင်သောဘုံ |
|---|---|---|---|
| ဒုဂ္ဂတိအဟိတ်စုတိ ၁ | ကာမပဋိ–၁၀ | ဒု၊သု၊ဒွိ၊တိ | ကာမ–၁၁ |
| သုဂတိအဟိတ်စုတိ ၁ | ကာမပဋိ–၁၀ | ဒု၊သု၊ဒွိ၊တိ | ကာမ–၁၁ |
| ဒွိဟိတ်စုတိ–၄ | ကာမပဋိ–၁၀ | ဒု၊သု၊ဒွိ၊တိ | ကာမ–၁၁ |
| ဉာဏ်မရ တိဟိတ်စုတိ၄ | ကာမပဋိ–၁၀ | ဒု၊သု၊ဒွိ၊တိ | ကာမ–၁၁ |
| ဉာဏ်ရ တိဟိတ်စုတိ ၄ | မဟဂ္ဂုတ်ပဋိ–၉၊ရုပ်ပဋိ–၁ | သု၊တိ | သုဒ္ဓါဝါသကြဉ်ရူပ၁၁၊အရူပ၄ |
| ဉာဏ်မရ၊ သော၊ဒါ–စုတိ၄ | ကာမတိ၊ပဋိ–၄ | တိ | ကာမသုဂတိ–၇ |
| ဉာဏ်ရ–သော၊ဒါ–စုတိ ၄ | မဟဂ္ဂုတ်ပဋိ–၉ | တိ | သုဒ္ဓ၊အသညကြဉ်ရူပ၁၀၊အရူပ၄ |
| အနာဂါမိစုတိ ၄ | မဟဂ္ဂုတ်ပဋိ–၉ | တိ | အသညကြဉ် ရူပ၁၅၊ အရူပ ၄ |

http://www.dhammadownload.com



## ရူပစုတိနောင် ပဋိသန္ဓေနောင်းပုံ

| ရူပစုတိ | နှောင်းနိုင်သောပဋိ | ဖြစ်နိုင်မှုရှိလ် | ဖြစ်နိုင်ဘုံ |
|---|---|---|---|
| ပ,ဈာန်တိဟိတ်စုတိ | သဟိတ်ပဋိ–၁၇ | ဒွိ, တိ | အပါယ်,အသည,သုဒ္ဓါကြဉ် ၂၁ဘုံ |
| ဒုဈာန်တိဟိတ်စုတိ | ပ,ဈာန်ကြဉ်သဟိတ်ပဋိ–၁၆ | ဒွိ, တိ | အပါယ်,ပဈာန်ဘုံ,အသည ,သုဒ္ဓါကြဉ်၁၈ |
| တ,ဈာန်တိဟိတ် စုတိ | ပ,ဒု,တ,ဈာန်ကြဉ်သဟိတ်ပဋိ–၁၄ | ဒွိ, တိ | ကာမသုဂတိ၇၊တ,ဈာန်၃ဘုံ၊ ဝေဟပ္ဖိုလ်၊အရူပ ၄ |
| ဝေဟပ္ဖိုလ်တိဟိတ်စု | ပဉ္စမဈာန်ပဋိ၁၊အရူပပဋိ၄ မဟာဝိ ပဋိ ၈ | ဒွိ,တိ | ကာမသု,၇ဘုံ၊ဝေဟပ္ဖိုလ် အရူပ ၄ဘုံ၊ |
| ပ,ဈာန်ရ–သော,ဒါ စုတိ၄ | မဟာကြုတ်ပဋိ ၉ | တိ | အသည,သုဒ္ဓါကြဉ် ရူပ၁၀ အရူပ ၄ဘုံ |
| ပ,ဈာန်ရ အနာ စုတိ | မဟာကြုတ်ပဋိ– ၉ | တိ | အသည်ကြဉ် ရူပ၁၅၊အရူ၄ |
| ဒုဈာန်ရ သော,ဒါစု | ပဈာန်ကြဉ် မဟာကြုတ်ပဋိ ၈ | တိ | ဒုဈာန်၃ဘုံ,တဈာန်၃ဘုံ ဝေဟပ္ဖိုလ်၊ အရူပ ၄ |
| ဒုဈာန်ရှိ အနာစုတိ | ပဈာန်ကြဉ် မဟာကြုတ်ပဋိ ၈ | တိ | ပ,ဈာန်၃ဘုံ,အသည်ကြဉ် ရူပ၁၂ဘုံ၊အရူပ ၄ဘုံ၊ |
| တဈာန်ရ သော,ဒါစု | ရူပစတု,ပဉ္စဈာန်ပဋိ ၂၊ အရူပဋိ ၄ | တိ | တ,ဈာန်၃ဘုံ၊ဝေဟပ္ဖိုလ်၊ အရူပ ၄ဘုံ၊ |
| တ,ဈာန်ရဲ အနာစု | ရူပ စတု,ပဉ္စပဋိ ၂၊ အရူပ ပဋိ ၄ | တိ | တ,ဈာန်၃ဘုံ၊ဝေဟ,သုဒ္ဓါ၅ အရူပ ၄ဘုံ၊ |
| ဝေဟပ္ဖိုလ် သော,ဒါ,နာ | ရူပ ပဉ္စမဈာန် ပဋိ ၁ | တိ | ဝေဟပ္ဖိုလ်ဘုံ |
| အသညစုတိ ၁ | မဟာဝိပါက်ပဋိ–၈ | ဒွိ, တိ | ကာမသုဂတိ ၇ ဘုံ |
| အဝိဟာအနာဂါမ်စုတိ | ရူပ ပဉ္စမဈာန် ပဋိ–၁ | တိ | သုဒ္ဓါဝါသ ၅ ဘုံ |
| အတပ္ပါ အနာဂါမ် စုတိ | ။ | တိ | အဝိဟာကြဉ် သုဒ္ဓါ ၄ ဘုံ |
| သုဒဿာ အနာ စုတိ | ။ | တိ | သုဒဿာ,သုဒဿီ,အကနိ |
| သုဒဿီ အနာ စုတိ | ။ | တိ | သုဒဿီ, အကနိဋ္ဌ |
| အကနိဋ္ဌ အနာဂါမ် စုတိ | + | + | + |

http://www.dhammadownload.com



## အရူပစုတိနောင် ပဋိသန္ဓေနောင်းပုံ

| အရူပစုတိ | နောင်းနိုင် ပဋိ | ပုဂ္ဂိုလ် | ဖြစ်နိုင်သောဘုံ |
|---|---|---|---|
| အာကာ–တိဟိတ်စု | ကာမတိဟိတ်ပဋိ၄၊အရူပဋိ ၄ | တိ | ကာမသုဂတိ၇ဘုံ၊ အရူပ ၄ဘုံ |
| အာကာ–သော,ဒါ,နာ | အရူပ ပဋိ ၄ | တိ | အရူပ ၄ဘုံ |
| ဝိညာ–တိဟိတ်စု | ကာမ,တိပဋိ၄၊ဝိညာ,အာကိ,နေဝ ပဋိ ၃ | တိ | ကာမသု၇ဘုံ၊ဝိညာ,အာကိ,နေဝ၃ဘုံ |
| ဝိညာ–သော,ဒါ,နာ | ဝိညာ,အာကိ,နေဝါ ပဋိ၃ | တိ | ဝိညာ,အာကိ,နေဝ၃ဘုံ |
| အာကိ–တိဟိတ်စု | ကာမ,တိပဋိ၄၊အာကိ,နေဝပဋိ၂ | တိ | ကာမသု၇ဘုံ၊အာကိ,နေဝ ၂ဘုံ |
| အာကိ–သော,ဒါ,နာ | အာကိ,နေဝ ပဋိ၂ | တိ | အာကိ,နေဝ ၂ဘုံ |
| နေဝ–တိဟိတ်စုတိ | ကာမ,တိပဋိ၄၊နေဝ ပဋိ | တိ | ကာမသု၇ဘုံ၊နေဝဘုံ |
| နေဝ–သော,ဒါ,နာ | နေဝသညာ ပဋိ | တိ | နေဝသညာဘုံ |

http://www.dhammadownload.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၇၀/၉၅(၉) |
| မျက်နှာဖုံးခွင့်ပြုချက် | ၄၈/၉၅(၁၀) |
| ထုတ်ဝေသူ | ဦးမြသန်း(၀၁၀၅၀)အသိုင်းအဝိုင်းစာပေ<br>အမှတ်၃၅၊ ဖွဲ့စုံရပ်ကွက်၊<br>ကမ္ဘာအေး၊ ရန်ကုန် |

<u>မျက်နှာဖုံးနှင့်အတွင်းစာသား</u>

ပုံနှိပ်သူ= ဦးဝင်းအောင်(၀၅၁၃၁)၊သန်းထိုက်ရတနာပုံနှိပ်တိုက်

အမှတ်(၈၄)၊လမ်း(၅၀)၊ ပုဇွန်တောင်၊ ရန်ကုန်။

http://www.dhammadownload.com